ပဌာန်းဂုဏ်ရည်

မောင်တက်အင်း

ကလောင်အမည်ခံ

ဦးထွန်းလှိုင်(ဝိနယပါရဂူ)

ပရိယတ္တိသာသနဟိတ မွှာစရိယ၊ဝင့်သကာ

သာသနဓေသိရိပဝရမွှာစရိယ၊သိရောမဏိ

စေတိယဂိုဏ်းမွှာစရိယ၊ဂဏဝါစက

ပြုတ်ရုံမှုန်
စာပေ

အမှတ် ၁၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ - 296034

၁၆၆၅၅

ပဌာန်းဂုဏ်ရည်

ဖောင်တက်အင်း

စာအုပ်မှတ်တမ်း

ပထမအကြိမ် - အုပ်ရေ (၁၀၀၀)
စက်တင်ဘာလ - ၂၀၀၀ ပြည့်နှစ်
တန်ဖိုး - ၃၀၀-ကျပ်
စာမူခွင့်ပြုချက် - ၅၅၂/၂၀၀၀ (၈)
မျက်နှာဖုံးခွင့်ပြုချက် - ၅၃၁/၂၀၀၀ (၉)

❑

မျက်နှာဖုံးဒီဇိုင်းမူ

ကနုတ်ပန်း-ပန်းချီဦးကျော်၊ ဒီဇိုင်း-21st Century

❑

အတွင်းဖလင်

ကိုမျိုးဝင်း

❑

ကွန်ပျူတာ

အောင်ဥက္ကလာ

❑

ထုတ်ဝေသူ

ဦးသန်းဆွေ (မြို-၀၁၄၇၃)၊ စစ်သည်တော်စာပေ
အမှတ်-၁၀၃၁/က၊ ဥယျာဉ်လမ်း၊ ၁၉-ရပ်ကွက်၊
ဒဂုံ(တောင်)မြို့နယ်။

❑

အတွင်းပုံနှိပ်

ဒေါ်ရွှခင် (မြို-၀၅၄၄၉)၊ ဝင်းလိုက်မိတ် ပုံနှိပ်တိုက်၊
အမှတ် ၃၅၂၊ စရည်းပင်လမ်း၊သုဝဏ္ဏ၊
သယံနိုးကျွန်းမြို့နယ်။

❑

အဖုံးပုံနှိပ်

ဦးကျော်စိန် (မြို-၀၂၉၀၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် ၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

မာတိကာ

	မိတ်ဆက်	၆
၁။	ပဌာန်းဂုဏ်ရည်ကျမ်းဦးနိဒါန်း	၁၁
၂။	တန်ခိုးအကြီးဆုံးဂါထာမန္တန်တော်ကြီး	၂၇
၃။	သူခိုးရန်ကင်းပစေသည့်ပဌာန်းတန်ခိုး	၃၅
၄။	မားပြရန်ပြေပျောက်စေသည့်ပဌာန်းတန်ခိုး	၄၅
၅။	တစ္ဆေရန်လွဲစေသည့်ပဌာန်းတန်ခိုး	၅၁
၆။	သရဲရန်ပယ်ဖြတ်သည့်ပဌာန်းတန်ခိုး	၅၇
၇။	မီးဘေးရန်မှကွာဝေးစေသည့်ပဌာန်းတန်ခိုး	၆၃
၈။	ရတနာပိုင်စိုးပဌာန်းတန်ခိုး	၇၃
၉။	ပဌာန်းတန်ခိုးကြောင့်ဂုဏ်ရိုန်တိုးခြင်း	၇၉
၁၀။	ပဌာန်းဂုဏ်ရည်အသက်ရှည်	၈၉
၁၁။	ပဌာန်းရွတ်ကကျန်းမာရ	၉၇
၁၂။	ပညာကြီးမားစေသည့်ပဌာန်းတရား	၁၀၃
၁၃။	ပဌာန်းရွတ်ပွားကုသိုလ်များ	၁၀၉
၁၄။	ပဌာန်းတရားတော်သည်ဘာကြောင့်	
	တန်ခိုးကြီးမားရသနည်း ?	၁၁၅
၁၅။	ပဌာန်းဂုဏ်ရည် ကျမ်းနိဂုံးစကား	၁၂၃
၁၆။	ပဌာန်းတရားတော်ရွတ်ဆိုနာယူပူဇော်မှုအစီအစဉ်	၁၂၉
၁၇။	ပဌာန်းဥဒ္ဒေသနှင့်နိဒ္ဒေသပါဠိတော်	၁၄၃

ပဌာန်းတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်သောကြောင့် အန္တရာယ် ပျောက်ကင်း ကျန်းမာခြင်း၊ လာဘ်ရွှင်ခြင်း၊ လိုရာဆန္ဒပြည့်စုံခြင်း အကျိုး အမျိုးမျိုးခံစားရရှိပုံ ကိုယ်တွေ့အတ္ထုပ္ပတ္တိတို့ကို ရေးသားဖော်ပြထားသော ကျမ်းစာများတွင် ယခုစာရှုသူ၏လက်ဝယ်၌ရောက်ရှိနေသော ဆရာကြီး ဦးထွန်းလှိုင် (မောင်တက်အင်း)၏ 'ပဌာန်းဂုဏ်ရည်ကျမ်း'သည် ပဌာန်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ရအပ်သောအကျိုးအမျိုးမျိုးကို (၁၂)ခန်း၊ (၁၂) ကဏ္ဍခွဲခြားပြီး ဝတ္ထုသာဓကများ၊ ရှင်းလင်းချက်များဖြင့် ဖော်ပြထားသည် ဖြစ်၍ တစ်မူထူးသော ပဌာန်းအကျိုးပြကျမ်းတစ်စောင် ဖြစ်လေသည်။

ဆရာကြီးဦးထွန်းလှိုင်သည် နှစ်များစွာကပင် ပဌာန်းတရားတော်ကြီးကို ယုံကြည်စွာ အားကိုးပြုလျက် ရွတ်ဖတ်သရဇ္ဈာယ်ပြီး ခံစားရရှိသော အကျိုး တရားတို့ကို ဂရုပြုမှတ်သားထားခဲ့၏။ ထို့အတူ ရင်းနှီးသော မိတ်ဆွေများ ပဌာန်းတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ရရှိသောအကျိုးတရားများကိုလည်း စုံစမ်းမေးမြန်းပြီး မှတ်သားထား၏။ ဤသို့ ပဌာန်းတရားတော်ကို ယုံကြည်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ရရှိခံစားရသော မိမိနှင့်တစ်ပါးသူတို့၏ ကိုယ်တွေ့အဖြစ်အပျက်များကို မှတ်သားထားပြီး ဤ 'ပဌာန်းဂုဏ်ရည်'ကျမ်း ကို ပြုစုခြင်းဖြစ်လေရာ ဤကျမ်းငယ်သည် 'ပဌာန်းရွတ်သူတို့၏ ကိုယ်တွေ့ မှတ်တမ်း'ဟုလည်း ဆိုနိုင်လေသည်။

ဤသို့ မိမိနှင့်သူတစ်ပါးတို့၏ ပဌာန်းကိုယ်တွေ့များကို လေ့လာပြီး ကျမ်းတစ်စောင်တစ်ဖွဲ့ပြုစုခဲ့သော ဆရာကြီးဦးထွန်းလှိုင်ကို ပဌာန်းသုတေသီ ပဌာန်းပညာရှင်ကြီးတစ်ဦးအဖြစ် ဂုဏ်ပြုထိုက်လေသည်။ အထူးအားဖြင့် စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံဆရာတော်ကြီး အရှင်ဣန္ဒကဓ၏ ပဌာန်းသိပ္ပံ ကျမ်း(တတိယတွဲ)ပါ နိဒါန်းနှင့် အမရပူရတောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ အခြေပြုပဌာန်းတရားတော်ကြီးပါ နိဒါန်းတို့ကို ဖတ်ရှု ကြည့်ပါလျှင် ထိုနိဒါန်းတို့ကိုပြုစုသော ဆရာကြီးဦးထွန်းလှိုင်ကို ပဌာန်း သုတေသီ ပဌာန်းပညာရှင်အဖြစ် ထိုက်တန်စွာ အသိအမှတ်ပြုကြပေလိမ့်မည်။

ပဌာန်းသုတေသီ ပဌာန်းပညာရှင်ဆရာကြီးဦးထွန်းလှိုင်ကို ၁၉၈၃-ခုနှစ်ကပင် ပဌာန်းတရားကိုအကြောင်းပြု၍ ကျွန်တော် သိကျွမ်းခဲ့ရပါသည်။ ထိုစဉ်က ဆရာကြီးသည် သာသနာရေးဦးစီးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး၊ သာသနာ့ရောင်ခြည်စာစောင်အယ်ဒီတာချုပ် စသောတာဝန်များကို ထမ်းရွက်နေချိန်ဖြစ်၏။ ဆရာဦးထွန်းလှိုင်နှင့် မိတ်ဆက်ပေးခဲ့သူမှာ ထိုစဉ်က သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (နောင်အခါ နိုင်ငံတော်ကောင်စီဝင်) ဆရာကြီးဦးလှမောင် ဖြစ်ပါသည်။ ဆရာကြီးဦးလှမောင်သည် အဘိဓမ္မာပြန်ပွားရေးအသင်း သင်္ဂြိုဟ်သင်တန်းကို ပို့ချနေပြီး သင်္ဂြိုဟ်ကျမ်း ပစ္စည်းပိုင်းကို ပို့ချလျှင် ပဌာန်းမွေ့လျော်သူပီပီ ပစ္စယနိဒ္ဒေသပါဠိကို ရှင်းပြသင်ကြားလေ့ရှိပါသည်။ ဆရာကြီးဦးလှမောင်သည် ပဌာန်းသင်တန်း စတော့မည် ဆိုပါက ပဌာန်းပစ္စယဥဒ္ဒေသ နိဒ္ဒေသပါဠိနှင့် နိဿယ၊ ပဌာန်းပစ္စယနိဒ္ဒေသ အကောက်တို့ကို စာအုပ်ရိုက်နိုပ်ပြီး ဓမ္မဒါနဝေငှလေ့ရှိပါသည်။ ထိုစဉ်က ဆရာကြီးဓမ္မဒါနပြုသော ပဌာန်းစာအုပ်၌ ပါရှိနိဒါန်းသည် ရေးသူအမည်ကို ဖော်ပြမထားသော်လည်း ရေးသားထားပုံမှာ အလွန်ပြည့်စုံပြီး ညက်ညောပြေပြစ်လှသည်ဖြစ်၍ 'ဆရာ၊ ဒီပဌာန်းစာအုပ်ရဲ့နိဒါန်းကို ဘယ်သူ ရေးပါသလဲ'ဟု မေးခဲ့မိပါသည်။ ထိုအခါ ဆရာကြီးက 'ကျွန်တော်ပြောတဲ့ အတိုင်း ကိုထွန်းလှိုင်ရေးတာလေ'ဟု ဖြေကြားပြီး 'ကိုထွန်းလှိုင်ကိုသိသလား'ဟု မေးပါသည်။ ပြီးနောက် ဦးထွန်းလှိုင်၏ ပရိယတ်စာပေ၌ ကျွမ်းကျင်နှံ့စပ်ပုံ၊ နိဒါန်းအရေးကောင်းပုံ၊ ဆရာကြီးနှင့် အတူ နေ့စဉ်ရုံးမတက်မီ ပဌာန်းရွတ်ကြပုံ၊ ပဌာန်း၌ မွေ့လျော်သူ ပဌာန်းပညာရှင်တစ်ဦးဖြစ်ပုံတို့ကို ပြောပြပါသည်။ ဆရာကြီးဦးလှမောင်က ပဌာန်းမွေ့လျော်သော ဓာတ်သဘာဝ တူသူချင်းဖြစ်၍ မိတ်ဆွေဖြစ်ထိုက်သည်ဟုဆိုကာ ဆရာကြီးဦးထွန်းလှိုင်နှင့် မိတ်ဆက်ပေးခဲ့ပါသည်။

ဆရာကြီးဦးလှမောင် မိတ်ဆက်ပေးသည့်အချိန်မှစ၍ ဆရာကြီးဦးထွန်းလှိုင်နှင့် သိကျွမ်းခင်မင်လာရာ ရတနာမွန်နှင့် ဥက္ကလင်းဓမ္မစာပဒေသာစာစောင်များကို ကျွန်တော်တာဝန်ယူသောအခါ ဆရာကြီးက ဆောင်းပါးများရေးပေးခြင်း၊ တိပိဋကတ=နိကာယသာသနာပြုအဖွဲ့၏ သုံးနှစ်ခရီးစာစောင်

ထုတ်ဝေရာတွင် ဆရာကြီးဦးထွန်းလှိုင်က စာတည်းချုပ်၊ ကျွန်တော်က ပုံနှိပ်တာဝန်ခံအဖြစ် အတူလက်တွဲ၍ ဆောင်ရွက်ခဲ့ခြင်း စသည်ဖြင့် ဆောင်ရွက်ရင်း တူဝရီးသဖွယ်ခင်တွယ်ခဲ့ကြပါသည်။ ၁၉၈၈–ခုနှစ် အောက်တိုဘာလတွင် မြတ်ဆုမွန်ထုတ်ဝေရန် စီစဉ်သောအခါ ဆရာကြီးဦးထွန်းလှိုင်က အယ်ဒီတာချုပ်တာဝန်ကို ယူခဲ့ပါသည်။ ဆရာကြီးဦးထွန်းလှိုင်သည် စာစောင်၏ အယ်ဒီတာချုပ် အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သော်လည်း တာဝန်ခံအယ်ဒီတာဖြစ်သူ ကျွန်တော့်ကို 'ကဲ–စ,ထွက်မယ့် မြတ်ဆုမွန်အမှတ်(၁)အတွက် ဘာရေးပေးရမလဲ'ဟု မေးလာပါသည်။ ထိုအခါ ကျွန်တော်က ပဌာန်းဂုဏ်ရည်စာအုပ်ပါ အခန်း(၁) 'တန်ခိုးအကြီးဆုံး ဂါထာမန္တန်တော်ကြီး'ဆောင်းပါးအစ၌ ရေးထားသည့်အတိုင်း 'ပထမဆုံးထုတ်ဝေမည့် မြတ်ဆုမွန်၌ ထည့်သွင်းဖော်ပြရန် တန်ခိုးအကြီးဆုံး,အကျိုးအကြီးဆုံး ဂါထာတစ်ပုဒ်အကြောင်းရေးပေးပါ' ဟု စာမူတောင်းခံခဲ့ပါသည်။ ဆရာကြီးဦးထွန်းလှိုင်သည် တန်ခိုးအကြီးဆုံး ဂါထာမန္တန်အဖြစ် ညောင်ကန်ဆရာတော် ဦးဗုဓ် အင်းဝမြို့.အောင်မြေဘုံစံ အုတ်ကျောင်း ကျောင်းတင်လှူပွဲကြီးတွင် ဟောသော မဟာပဌာန်းတော်ကြီး အကြောင်းကို ရေးသားပေးခဲ့ပါသည်။ ထို့နောက် ပဌာန်းရွတ်ဆို၍ ခံစားရရှိသော အကျိုးတရားဆောင်းပါးများကို ဆက်၍ရေးသားပေးခဲ့ရာ ထိုဆောင်းပါးများကို စုပေါင်းလိုက်သောအခါ ဤ 'ပဌာန်းဂုဏ်ရည်' စာအုပ် ဖြစ်လာပါသည်။

ဤနေရာ၌ ဆွေးနွေးရန်ရှိသည်မှာ ဆရာတော်ဦးဗုဓ်သည် အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး ရေစက်ချပွဲ၌ မဟာပဌာန်းတရားတော်ကြီးကို ဟောသည်ဟူသောအချက် ဖြစ်သည်။ ထိုအချက်ကို ဆရာကြီးဦးထွန်းလှိုင်မည်သည့်နေရာကရခဲ့သည်ကို အတိအကျမသိရသော်လည်း ညောင်ကန်ဆရာတော်ဦးဗုဓ်အကြောင်း ရေးသားထားသော ဆရာတော်ဦးသုဒဿန၏ ညောင်ကန်သာသနာဝင်နှင့် မောင်းထောင်ရုပ်လုံးဖော်ဌီကာကျမ်း၊ အရှင်ကေလာသ၏ ညောင်ကန်သာသနာဝင် (မန္တလေးသာသနာဝင်၊ တတိယတွဲ၊ စာ–၇၅ မှ ၃၉၃ အထိ)စသော သာသနာဝင်ကျမ်းနှင့် ၁၉၃၅–ခု မေလထုတ် သူရိယမဂ္ဂဇင်းပါ မော်ပီဆရာသိန်းကြီး၏ ဆရာတော်ဦးပုတ် ဆောင်းပါး

စသည်တို့၌ မဖော်ပြခဲ့ကြပေ။ မူကွဲတစ်ရပ်အဖြစ် ဘကြီးတော်နှင့် နန်းမတော် မယ်နုတို့၏ မဟာကထိန်အလှူပွဲတော်ကြီးမှာ ပဌာန်းနိဒ္ဒေသ ပါဠိရွတ်ဆိုပြီး ဟောတော်မူကြောင်းကို အရှင်ပညာသာမိ(တောင်ကလေး)၏ မယ်နုအုတ်ကျောင်း ဆရာတော်စာအုပ် (စာ-၆၃)၌ ဖော်ပြထားသည်။

ပဌာန်းတရားတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် လောကီလောကုတ်အကျိုးအမျိုးမျိုးကို ရနိုင်သည်မှာ ပဌာန်းတရားတော်၏ ထူးခြားချက်များကြောင့် ဖြစ်လေသည်။ ပဌာန်းတရားတော်ကြီး၏ ထူးခြား ချက်တို့တွင် ကျမ်းပမာဏ ကြီးမားကျယ်ဝန်းခြင်းသည်လည်း တစ်ချက် အပါအဝင်ဖြစ်၏။ ပဌာန်းတရားတော်ကြီးသည် ဆဋ္ဌမ နိကာယ်ငါးရပ် ပိဋကသုံးပုံ၊ ပါဠိတော်အုပ်(၄၀)ရှိသည်တွင် ပဌာန်းပါဠိတော်သည် စာမျက်နှာ (၄၀၀)နီးပါးမျှပါသော အုပ်ရေ(၅)အုပ်၊ စုစုပေါင်း စာမျက်နှာ(၂၆၄၀)ဖြင့် အကြီးမားအကျယ်ဝန်းဆုံး ပါဠိတော်ကျမ်းကြီးဖြစ်သည်။ ထို ဆဋ္ဌမ ပဌာန်းပါဠိ တော် (၅)တွဲသည် တာဝတိံသာနတ်ပြည်၌ ဝါတွင်း(၃)လ ရက်ပေါင်း(၉၀) တွင် (၂၅)ရက် အချိန်ပေး၍ မြတ်စွာဘုရားရှင်ဟောတော်မူခဲ့သော ပဌာန်းတရားတော် အကျယ်မဟုတ်ဘဲ မြတ်စွာဘုရားရှင် ဟောကြားပြသသည့်အတိုင်း အရှင်သာရိပုတ္တရာက မိမိတပည့်ရဟန်းငါးရာတို့အား ပြန်လည်ဟောကြားသော မကျဉ်းမကျယ် ပဌာန်းတရားတော်(နာတိ ဝိတ္ထာရ နာတိသင်္ခေပဒေသနာ) ဖြစ်လေသည်။ ဘုရားရှင် နတ်ပြည်၌ ဟောတော်မူသော ပဌာန်းတရားတော်ကား အလွန်ကျယ်ဝန်းလှသည်ဖြစ်ရာ ပဌာန်းပုစ္ဆာဝါရ ခေါ် အမေးပုစ္ဆာကဏ္ဍတစ်ခုသည်ပင်လျှင် မူလပဌာန်းဆရာတော်ကြီး၏ တွေးခေါ်ချက်ပေးချက်အရ ပုစ္ဆာဝါရတွင် ပုစ္ဆာပေါင်း(၃၈၈၇၈၇၁၁၃၄)ရှိသဖြင့်၊ တစ်မျက်နှာတွင် အကြောင်းရေ (၄၀)ပါပြီး ထိုစာမျက်နှာပေါင်း (၄၀၀)ပါ စာအုပ်ပေါင်း (၃၃၇၄၅၅၁) သုံးကုဋေကျော်ရိုက်နှိပ်မှ ပြည့်စုံနိုင်လိမ့်မည်ဟုသိရ၏။ သို့ဖြစ်၍ အဘိဓမ္မစိုးရိမ်ဆရာတော်ကြီးက ဘုရားဟောသည့်အတိုင်း ပဌာန်းပါဠိတော်ကို ရိုက်နှိပ်လိုသော ရသေ့ကြီးဦးခန္ဓာကို 'နိုင်ငံခြားတိုင်းပြည်များမှာရှိသော စက္ကူ၊အားလုံးနှင့် ရိုက်လျှင်ပင် လောက်နိုင်ဖွယ်မရှိ' ဟု မိန့်ကြားခဲ့ခြင်းဖြစ်သည်။

ပဋ္ဌာန်းတရားတော်သည် သဗ္ဗညုတညာဏ်တော်၏ ကျက်စားရာ၊ နည်းပေါင်းစုံလင်သော နယပင်လယ်ကြီးအဖြစ် အလွန်ကျယ်ဝန်းစွာ တည်ရှိသည်ဖြစ်သောကြောင့်အပြည့်အစုံ သင်ယူလေ့လာရန် ခက်ခဲလှရကား ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ပါဠိတော်တို့တွင် ဤပဋ္ဌာန်းပါဠိတော်ကြီးက ရှေးဦးပထမကွယ်လိမ့်မည်ဟု အဆိုရှိလေသည်။ သာသနာ စတင်ပေါ်ထွန်းခဲ့သော မဇ္ဈိမဒေသ၌ ပဋ္ဌာန်းကွယ်လေလျှင် သာသနာပါကွယ်ပခဲ့လေ၏။ ထို့အတူ မြန်မာနိုင်ငံသို့ သာသနာပို့ဆောင်ပေးခဲ့သော သီရိလင်္ကာနိုင်ငံ၌လည်း ပဋ္ဌာန်းကွယ်သောအခါ သာသနာကွယ်တော့မည်ဟူ၍ စိုးရိမ်ကြသော သာသနာစောင့်မထေရ်မြတ်တို့က မြန်မာနိုင်ငံမှတစ်ဖန် ပဋ္ဌာန်းတရားတော်ကို တောင်းခံပြီး သာသနာ့အသက်ဆက်ခဲ့ကြပုံကို ဝိသုဒ္ဓါရာမိကထေရပ္ပတ္တိဒီပနီနှင့် မဟာဒ္ဓါရနိကာယ သာသနဝံသဒီပနီတို့တွင် ကြည့်ရှုနိုင်ပါသည်။

သို့ပါ၍ ပဋ္ဌာန်းဒေသနာကို ရွတ်ဖတ်ခြင်းဖြင့် ရရှိသောအကျိုးကို ခံစားကြရုံမျှ တင်းတိမ်မနေကြဘဲ ပဋ္ဌာန်းတရားတော်ကြီး အရှည်ခံ၍ တည်တံ့ပြန့်ပွားစေရန်အတွက် စွမ်းနိုင်သမျှ သင်ယူပို့ချကြပါကုန်ဟု တိုက်တွန်းလိုပါသည်။ ပဋ္ဌာန်းတရားတော်ကို သင်ယူခြင်းဖြင့် လယ်တီဆရာတော်ကြီး၏ ပဋ္ဌာနဒ္ဒေသဒီပနိပါဋ္ဌ၌လာသော 'အယံဒေသနာ ဓမ္မာနံ အနုတ္တလက္ခဏာဒီပနေ မတ္ထကပတ္တာ ဟောတိတိ=ဤ ပဋ္ဌာန်းပစ္စယဒေသနာတော်သည် ခပ်သိမ်းသော တရားတို့၏ အနုတ္တလက္ခဏာကိုပြရာ၌ အထွတ်အထိပ်သို့ရောက်သည်ဖြစ်၏' ဟူသော စကားအတိုင်း ထိုးထွင်းသိမြင်ရန် ခဲယဉ်းသော အနုတ္တလက္ခဏာကို သိမြင်ကြပြီးလျှင် မိမိတို့၏သန္တာန်၌ မိစ္ဆာအယူကင်းကွာ သမ္မာဒိဋ္ဌိအမြင်မှန် ရကြလျက် သမ္မာဃသိက သံသရာဝဋ်မှ လွတ်မြောက်ရေးအကျိုးကို မျှော်ကိုးအလေးထားနိုင်ကြပေလိမ့်မည်။

ဦးအောင်မွန် (မြတ်ဆုမွန်)
စီစဉ်တည်းဖြတ်သူ
၁-၉-၂၀၀၀။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အခန်း (၁)

ပဌာန်းဂုဏ်ရည်ကျမ်းဦးနိဒါန်း

လုပ်ဆောင်သမျှ အောင်ပွဲရစေသောဂါထာမန္တန်

ပဌာန်းဂုဏ်ရည်ကျမ်း၏နိဒါန်း၌ စာရှုသူတို့အား လုပ်ကိုင်ဆောင်ရွက်သမျှသော အမှုကိစ္စအဝဝတို့၌ ပြီးစီးအောင်မြင်မှုကို ဖြစ်စေနိုင်သည့် ဂါထာမန္တန်တော်တစ်ပုဒ်ကို လက်ဆောင်အဖြစ် ပေးချင်ပါသည်။

ယင်းဂါထာ၏တန်ခိုးကြောင့် စာရှုသူတို့လိုအပ်သမျှ ဆောင်ရွက်သမျှ အောင်ပွဲကို ရနိုင်ပါလိမ့်မည်။ မရနိုင်ဘဲ လွဲချော်သွားသည်ဟူ၍ မရှိနိုင်ပါ။ ရှုံးနိမ့်သွားသည်ဟူ၍ မဖြစ်နိုင်ပါ၊ ဤမျှလောက် တန်ခိုးကြီးမားသော စွမ်းအင်ထက်မြက်သော ဂါထာဖြစ်ပါသည်။

ယင်းဂါထာသည် ဖော်ပြခဲ့သလောက် စွမ်းအင်ထက်မြက်ကြောင်း တန်ခိုးကြီးကြောင်းကို စာရှုသူတို့ ရွတ်ဖတ်ပွားများတော့မည့်ဆဲဆဲဖြစ်သည့် အနန္တနယသမန္တ ပဌာန်းကျမ်းကြီးကလည်း အထောက်အထားပြုနေပါသည်။

ရေးပြခဲ့သည့် အကြောင်းအရာများ ဟုတ်, မဟုတ်၊ မှန်, မမှန်ကို စာရှုသူတို့၏ ပင်ကိုဉာဏ်ဖြင့် ဝေဖန်ကြည့်ကြစေရန် လုပ်ဆောင်သမျှ အောင်ပွဲရဂါထာနှင့် အကြောင်းအရာများကို ယခုပင် ဆက်လက်ရေးသားတင်ပြပါတော့အုံ့။

စာရှုသူတို့အား ကျွန်တော် ယခုရေးသားတင်ပြတော့မည် ဖြစ်သည့် လုပ်ဆောင်သမျှ အောင်ပွဲရဂါထာမန္တန်မှာ ရွတ်ဆိုမန်းမှုတ်ရုံမျှဖြင့် အောင်ပွဲရနိုင်သည့် ဂါထာမျိုးမဟုတ်ဘဲ ဂါထာပါ အချက်အလက်အကြောင်းအရာများအတိုင်း လိုက်နာဆောင်ရွက်မှသာ အောင်ပွဲရနိုင်မည့် ဂါထာမျိုး ဖြစ်ပါသည်။

ထို့ပြင် ဤလုပ်ဆောင်သမျှ အောင်ပွဲရဂါထာမန္တန်သည် ဂါထာမန္တန် ဆိုပါသော်လည်း ဥုံတွေ ညြောင်းတွေ ခံမထားပါ။ မေ့ပျောက်မသွား စေရန်သာ သတိထားပြီး ခပ်ဖြည်းဖြည်းရွတ်ရန် လိုအပ်ပါသည်။ ခဏ ခဏ ရွတ်ကြည့်ရန် လိုပါသည်။ ထိုလုပ်ဆောင်သမျှ အောင်ပွဲရဂါထာမှာ အောက်ပါအတိုင်းဖြစ်၏။

လုပ်ဆောင်သမျှ အောင်ပွဲရဂါထာမန္တန်
ကြိုးစား, ဇွဲသန်၊
သည်းခံ, လိမ္မာ၊
မိတ်ကောင်းစွာ၊
လိုရာရနိုင်ကြောင်း။ ။

–ဟူ၍ စာပိုဒ်(၄)ပိုဒ်၊ စာလုံးရေ (၁၆)လုံးသာပါရှိသောဂါထာ ဖြစ်ပါသည်။

ဤဂါထာကို ရွတ်ဖတ်ရာ၌ မေ့လျော့မနေရဲ့ တစ်နေ့တစ်ခေါက်မျှ လောက်သာ ရွတ်ရပါသည်။ ဂါထာပါ အညွှန်းအတိုင်းကိုတော့ဖြင့် မလျော့တန်း လိုက်နာကျင့်သုံးရမည် ဖြစ်ပါသည်။ ထို့ကြောင့် လိုလားသူတို့ ကျင့်သုံးနိုင်လောက်အောင် ဂါထာ၌ပါသော စာပိုဒ်များ၏ သဘော အဓိပ္ပာယ်ကို တိတိကျကျ ဖွင့်ပြပါဦးအုံ့။

အောင်ပွဲရဂါထာမန္တန်အဖွင့်

၁။ ကြိုးစား–ဟူသည်မှာ မိမိပြုလုပ်ရန် ဆုံးဖြတ်ထားသည့် အလုပ်ကို ပြီးဆုံးအောင်မြင်သည်အထိ မနေမနား တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုလိုပေသည်။

၂။ ဇွဲသန်–ဟူသည်မှာ မိမိပြုလုပ်ရန် ဆုံးဖြတ်ထားသည့်အလုပ်ကို လိုလိုလားလား နှစ်နှစ်သက်သက် စွဲစွဲမြဲမြဲ လေးလေးစားစားဖြင့် မပေါ့ မလျော့ မပျက်မကွက် လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုလိုပေသည်။

၃။ သည်းခံ-ဟူသည်မှာ မိမိလုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းကို မလုပ်နိုင်အောင် ပျက်ကွက်သွားစေမည့် အဖျက်အဆီးဟူသမျှ ကောင်းကောင်းဆိုးဆိုး အကြောင်းအမျိုးမျိုးကို မလုပ်မိစေရန် မလိုက်မိစေရန် အောင့်အည်းဖယ်ရှား လွတ်ပစ်ထားနိုင်ခြင်းကို ဆိုလိုပေသည်။

၄။ လိမ္မာ-ဟူသည်မှာ အစစအရာရာ သိဖွယ်မှတ်ဖွယ်တို့၌ အထူးသဖြင့် မိမိလုပ်ဆောင်မည့် အမှုကိစ္စ၌ လိမ္မာတတ်သိရမည်။ လိမ္မာကျွမ်းကျင်ရမည်။ ကိုယ်အမှုအရာ နှုတ်အမှုအရာ ယဉ်ကျေးရမည်။ မမိုက်မဲရ။ မကောင်းမှု ဒုစရိုက်ကင်း၍ ကောင်းမှုသုစရိုက်နှင့် ယှဉ်ရမည်။ အမှန်အမှား ခွဲခြား၍ သိမြင်ရာတွင် လိမ္မာပါးနပ်ရမည်။ ကောင်းမြတ်သော ပညာရှိ မိဘဆရာသမားတို့၏ ဆုံးမစကားကို နားထောင်သည့် လိမ္မာရေးခြားရှိသူ ဖြစ်ရမည်ဟု ဆိုလိုပေသည်။

၅။ မိတ်ကောင်း-ဟူသည်မှာ ပညာဉာဏ်ရှိခြင်း၊ ချစ်ခင်ခြင်း၊ သည်းခံခြင်း၊ အကျင့်သီလရှိခြင်း စသော ကောင်းမြတ်သည့် အင်္ဂါလက္ခဏာနှင့် ပြည့်စုံသူ၊ အထူးသဖြင့် မိမိလုပ်ဆောင်နေသည့် အလုပ်ကို ပြီးစီး အောင်မြင်စေရန် စိတ်ကောင်းထား၍ ကူညီဖေးမနိုင်သည့် မိတ်ဆွေကောင်းရှိရမည်ဟူ၍ ဆိုလိုပေသည်။

လိုရာရနိုင်ကြောင်း-ဟူသည်မှာ ဖော်ပြခဲ့သည့် အင်္ဂါငါးရပ်နှင့် ပြည့်စုံလျှင် လိုရာရနိုင်သည်။ လိုရာရောက်နိုင်သည်။ လိုရာဖြစ် နိုင်သည်။ လိုရာ သိနိုင်သည်။ လိုရာသိဒ္ဓိပေါက်နိုင်သည်။ လိုရာအောင်ပွဲ ခံနိုင်သည့် အကြောင်းဖြစ်သည်ဟု ဆိုလိုပေသည်။

အဓိပတိထိုက်သောအင်္ဂါလေးချက်

ဤသို့လျှင် ရေးသားဖော်ပြခဲ့သည့် လုပ်ဆောင်သမျှအောင်ပွဲရ ဂါထာမန္တန်လာ စာပိုဒ်(၄)ပိုဒ်၏ အနက်အဓိပ္ပါယ်သည် မျှားစွာနက်နဲ ကျယ်ဝန်းသောကြောင့် ဤဂါထာမန္တန်ကို ရွတ်ဆိုနေရုံမျှမကပဲ ဤဂါထာမန္တန်၏ လမ်းညွှန်ချက်အတိုင်း လိုက်နာကျင့်သုံးပါလျှင် လုပ်ဆောင်သမျှ အောင်ပွဲရမည်မှာ အလွန်သေချာလှချေသည်။

မအောင်မြင်ဘဲ ခံနိုင်ပါမည်လော?။ ဤဂါထာပါ အချက်အလက်တို့မှာ တန်ခိုးကြီးလှသည့် တရားတော်များဖြစ်ပါသည်။ စာရှုသူတို့ သိသာထင်ရှားစေရန် ပဋ္ဌာန်းကျမ်းကြီးမှာ ပါရှိသော ပဋ္ဌာန်းပစ္စည်းများဖြင့် အောင်ပွဲရဂါထာမန္တန်လာ အချက်တို့ကိုနှိုင်းယှဉ်ပြီး ရှင်းလင်းရေးသားဖော်ပြပါဦးအုံ့။

၁။ အဓိပတိဝိရိယ မှန်ကန်လှ၏

ကြိုးစား–ဟူသည်မှာ ဝီရိယတရားသဘောပင်ဖြစ်သည်။ ယင်းဝီရိယသည် ပဋ္ဌာန်းပါဠိတော်လာ'အဓိပတိ ပစ္စယော'အရ အကြီးအမှူးပြုလုပ်၍ ကျေးဇူးပြုနိုင်သော တရားထူးတရားမြတ်ဖြစ်သည်။

ယင်းအဓိပတိပစ္စည်းထိုက်သော ဝီရိယတရားဟူသည်မှာ အင်္ဂါလေးချက် ရှိပေသည်။ ယင်းဝီရိယအင်္ဂါလေးချက်မှာ...

က။ အရေခွံသာ ကျန်ပါစေ။

ခ။ အကြောသာ ကျန်ပါစေ။

ဂ။ အရိုးသာ ကျန်ပါစေ။

ဃ။ အသားအသွေးတွေ ခြောက်ခန်းသွားပါစေ

–ဟူ၍ စွန့်လွှတ်ပြီး ကြိုးစားခြင်းဝီရိယမျိုး ဖြစ်ပေသည်။

ယင်းသို့ ဝီရိယအင်္ဂါလေးချက်နှင့်အညီ ကြိုးစားမှသာ အဓိပတိပစ္စည်း ဖြစ်ထိုက်ပြီး ပါရမီမြောက်ဝီရိယဖြစ်နိုင်ပေသည်။ ဝီရိယပါရမီကို ဖြည့်ကျင့်ဆည်းပူးသူ ပါရမီရှင်အလောင်းတော်ကြီးများသည် ဖော်ပြခဲ့သည့် အင်္ဂါလေးချက်နှင့်ပြည့်စုံအောင် ဝီရိယပါရမီကို ဖြည့်ကျင့်ခဲ့ကြရပေသည်။

လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က သုမေဓာအမည်ရှိရသေ့ကလေးသည် ယင်းသို့အင်္ဂါလေးချက်နှင့်ပြည့်စုံသော ဝီရိယဓာတ်အားဖြင့် ကြိုးစားခဲ့သောကြောင့် ယခုအခါ ကျွန်ုပ်တို့၏ ကိုးကွယ်ဆည်းကပ်ရသည့် ဂေါတမအမည်ရှိ ဘုရားရှင်အဖြစ်ဖြင့် ပွင့်တော်မူလျက်

ရှိနေချေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘိုးဘွားမိဘ ဆရာသမား ပညာရှိ ရှေးမြန်မာကြီးများက 'ကြိုးစားကဘုရားဖြစ်နိုင်သည်'ဟု၍ ဆိုရိုးစကားထားတော်မူခဲ့ကြပေသည်။ ထိုဝိရိယဓာတ်သည် ဝိရိယဣန္ဒြေဖြစ်၍ ဣန္ဒြေယပစ္စည်းလည်း ထိုက်ပေသည်။ သမ္မာဝါယာမဖြစ်၍ မဂ္ဂပစ္စည်းလည်း ထိုက်ပေသည်။

ဤသို့ ကြိုးစားလျှင် ဘုရားရှင်ပင် ဖြစ်နိုင်ပေသေးရာ ယခုအခါ နိဒါန်းရေးသူကျွန်တော်နှင့် စာရှုသူတို့၏ သာမန်မျှလောက်သော အာကတ်ပါကတ် ကိစ္စကလေး အသေးအမွှားများကိုကား အဘယ်မှာ မပြီးဘဲ ရှိနိုင်ပါအံ့နည်း?၊ မုချအားဖြင့် ပြီးစီးအောင်မြင်ရမည်သာ ဖြစ်ပါသည်။

ဝိရိယဝတော ကိ နာမ ကမ္မံ နသိဒ္ဓတိ။

ဝိရိယဝတော= ကြိုးစားသူအား။ ကိ နာမ ကမ္မံ= ဘယ်အလုပ်မျိုးသည်။ နသိဒ္ဓတိ= မပြီးပဲ ရှိနိုင်ပါအံ့နည်း။ သိဒ္ဓတိဧဝ= အမှန်မုချ ပြီးရမည် သာတည်း။

'ဝိရိယကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း'ဟူသော မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်အတိုင်း နှလုံးသွင်းထားရပါမည်။

၂။ အဓိပတိဆန္ဒ မှန်ကန်လှ၏

ဇွဲသန်ခြင်း–ဟူသည်မှာ မိမိက ပြုလုပ်ရန် ဆုံးဖြတ်ထားသည့် အလုပ်ကိစ္စကို လိုလိုလားလား နှစ်နှစ်သက်သက် စွဲစွဲမြဲမြဲ ပြီးစီးအောင်မြင်သည်အထိ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။

ဤ၌ လိုလိုလားလား နှစ်နှစ်သက်သက်ဟူ၍ ဆိုခြင်းဖြင့် ဆဝန္ဒတရားဟူသောသဘောကို သိရှိရပေသည်။ မက်မက်မောမော ငြိုငြိုကပ်ကပ်ဟူ၍သာ ဆိုပါလျှင် လောဘတရားဖြစ်သွားနိုင်ပေသည်။ ဤတွင်

ဆန္ဒမှာ ကုသိုလ်အရာဌာနမှာသာ ဖြစ်လေ့ရှိပြီးလျှင်၊ လောဘမှာ အကုသိုလ်အရာမှာသာ ဖြစ်လေ့ရှိတတ်သည်။ သို့ပါ၍ ဆန္ဒနှင့် လောဘတရား နှစ်ပါးကို ခွဲခြားသိထားရန် လိုအပ်ပေသည်။

ယင်းသို့သိမှသာ ဤအောင်ပွဲရဂါထာမန္တန်၌ ညွှန်ကြားချက်ဖြစ်သည့် ခွဲသန်ဟူသည်မှာ မိမိလုပ်ဆောင်မည့် အလုပ်ကိစ္စ အပေါ်၌ လိုလိုလားလား နှစ်နှစ်သက်သက်သာလျှင် သဘောထားရန် လိုအပ်ကြောင်းကို သိနိုင်ပေသည်။ မိမိလုပ်ဆောင်ရမည့် အလုပ်ကိစ္စအပေါ်၌ မက်မက်မောမော ငြိုငြိုကပ်ကပ် သဘောထားရန် မလိုအပ်ကြောင်းကိုလည်း သိရှိနိုင်ပြန်ပေသည်။

အဘယ်ကြောင့်နည်း? လိုလိုလားလား နှစ်နှစ်သက်သက် ဟူသည်မှာ ဆန္ဒ၏သဘောဖြစ်၍ ကုသိုလ်သဘောသို့ သက်ရောက်နိုင်ပေသည်။ မက်မက်မောမော ငြိုငြိုကပ်ကပ်ဟူသည်မှာ လောဘ၏သဘောဖြစ်၍ အကုသိုလ်သဘောသို့ သက်ရောက်နိုင်ပေမည်။

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရား အလောင်းတော် သုမေဓာရသေ့ကလေးသည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ သဗ္ဗညုတဘုရားအဖြစ်ကို တောင်းဆိုသောအခါ၌ (၁)မနုသဿ=လူစစ်ဖြစ်ခြင်း၊ (၂) လိင်္ဂသမ္ပတ္တိ= ယောကျ်ားအစစ် ဖြစ်ခြင်း၊ (၃) ဟေတု=ထိုဘဝမှာပင် အရဟတ္တဖိုလ်ရနိုင်လောက်သောကုသိုလ်ပါရမီထူးနှင့် ပြည့်စုံသူဖြစ်ရခြင်း၊ (၄) သတ္ထာရဒဿန=မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊ (၅) ပဗ္ဗဇ္ဇာ=ကမ္မဝါဒီ ရသေ့(ဝါ) သာသနာတွင်း ရဟန်းဖြစ်ခြင်း၊ (၆) ဂုဏသမ္ပတ္တိ=စျာန်သမာပတ်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်း၊ (၇) အဓိကာရ= ကိုယ့်အသက်ကို မငဲ့ကွက်ပဲ အလွန်အကျူး ပါရမီကုသိုလ်တို့ကို ပြုစုပွားများအားထုတ်ခြင်း၊ (၈)ဆန္ဒတာ= ဘုရားအဖြစ်ကို တောင့်တအားကြီးသော ကုသိုလ်ဆန္ဒရှိသူဖြစ်ခြင်း-ဟူသော နိယတဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံနေသောအခါဖြစ်လေသည်။

ယင်းဗျာဒိတ်ရကြောင်း အင်္ဂါရုစ်ပါးတွင် နောက်ဆုံးရုစ်ခုမြောက် အင်္ဂါမှာ ဆန္ဒတာ= ဘုရားဖြစ်လိုသော ဆန္ဒရှိခြင်းပင်ဖြစ်သည်။ လေး အသချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရမည်ကို မဆိုထားဘိ၊ ဘုရားဖြစ်မည်ဆိုပါလျှင် လေးအသချေ်နှင့် ကမ္ဘာတစ်သိန်း ၎င်းရဲမှာ ခံရစေဦးတော့ ခံလိုက်မည်၊ ဘုရားအဖြစ်ကမလျှော့-ဟူသော ဆန္ဒမျိုး အလောင်းတော်၌ရှိလေသည်။ နောက်တစ်မျိုး ဥပမာ ဆောင်ရသော် စကြဝဠာတိုက်လုံးအပြည့် မီးကျီ လုံသွား အပြည့်ထား၍ ဤမီးကျီ လုံသွားတို့ကို မဆုတ်မနစ်လွန်မြောက်အောင် ကူးခတ် ကျော်နင်းသွားနိုင်မှ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်မည်ဟု ဆိုပါလျှင်လည်း ထိုသည့် မီးကျီလုံသွားတို့ကို ပမာမထားပဲ ကူးခတ်ကျော်နင်းသွား၍ ဘုရားအဖြစ်ကို ရယူတော်မူလိုသော အလောင်းတော်မြတ်၏ကုသိုလ်ဆန္ဒက ပြင်းထန် အားကြီးလှပေသည်-ဟူ၏။ ဤသည်မှာ လောဘမဟုတ်၊ ဆန္ဒဖြစ်ပုံကို ပြဆိုသော ဥပမာဖြစ်သည်။ နောက်တစ်မျိုးပြပါဦးမည်။

မဟာဇနကဇာတ်တော်ကြီးတွင် အလောင်းတော်မဟာဇနက မင်းသားသည် မှူးမတ်တွေနှင့်စကားပြောနေစဉ်မှာ သီဝလိဒေဝီမင်းသမီးက စမ်းသပ်လို၍ မင်းသားထံလူလွှတ်ပြီး သူရှိရာသို့ ကြွလာပါဟုအခေါ်လွှတ် လိုက်သည်။ ထိုအခါအလောင်းတော်မဟာဇနကမင်းသားသည် ဣန္ဒြေ ကင်းမဲ့စွာဖြင့် 'လာပီ လာပီ ကညာမဒီရေ.' ဟူသော စကားမျိုးပြောပြီး ရာဇဣန္ဒြေကင်းစွာ ကရောသောပါ: လိုက်မသွားခဲ့ပေ။ 'ယောကျ်ားတံခွန်၊ လူရည်ချွန်က၊ မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲတမ်းတည့်'ဟူ၍ သဘောထားကာ မင်းသမီးအခေါ်လွှတ်သည်ကို မကြားယောင်ပြု၍ မိမိပြောမြဲစကားကို မပြတ်စေပဲ ဣန္ဒြေရရ ပြောဆိုကာ ထိန်းသိမ်းနေထိုင်ခဲ့လေသည်။ ထိုအခါ သီဝလိဒေဝီက 'ဒါယောကျ်ား မြတ်ပဲ'ဟု အလောင်းတော်မြတ်ကိုလေးစားခဲ့လေသည်။

နောက်မကြာမီပင် လောဘတဏှာ၏ အကုသိုလ်သဘောကို ပယ်တားနိုင်ခြင်း၊ ကုသိုလ်ဆန္ဒ ဖြစ်ရုံမျှဖြင့်သာ နေနိုင်ခြင်းဟူသော ဆန္ဒာဓိပတိတန်ခိုးကြောင့် အလောင်းတော်မဟာဇနကမင်းသားသည် သီဝလိဒေဝီမင်းသမီးကို ရွှေလက်ဆွဲ၍ နန်းသိမ်းပွဲခံယူနိုင်ခဲ့လေသည်။ ဤသို့ လောဘတဏှာဖြင့် လိုချင်တပ်မက်ခြင်းမဟုတ်ဘဲ ဆန္ဒဖြင့်သာ လိုလားခြင်းဖြစ်သောကြောင့် နောင်သောအခါ၌ မဟာဇနကမင်းကြီးသည် သီဝလိဒေဝီမင်းသမီးနှင့် ထီးနန်းကိုပင်စွန့်ခွာ၍ တောထွက်ပြီး ရသေ့ပြုလုပ်သွားနိုင်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် လုပ်ဆောင်သမျှအောင်ပွဲရဂါထာမန္တန်၌ ဇွဲသန်-ဟူ၍ ဆိုခြင်းမှာ မိမိလုပ်ဆောင်ရမည့်အလုပ်အပေါ်၌ မက်မက်မောမော တဏှာလောဘဖြင့် စွဲစွဲမြဲမြဲလုပ်ကိုင်ခြင်းမျိုး မဖြစ်စေဘဲ၊ လိုလိုလားလား နှစ်နှစ်သက်သက် စွဲစွဲမြဲမြဲဆန္ဒသဘောဖြင့်သာ လုပ်ဆောင်ရန် သင့်ပေသည်။ ယင်းကိုပင် 'ဇွဲသန်'ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ယင်းလိုလားမှု ဆန္ဒတရားသည်ကား ,ပဌာန်းတရားတော်၌ ဆန္ဒာဓိပတိခေါ်သော အဓိပတိပစ္စည်းထိုက်သောတရားဖြစ်သည်။ ဆန္ဒဒွိပါဒ် ခေါ်သော ဣဒ္ဓိပါဒ်တရားလည်း ဖြစ်သည်။ ဣဒ္ဓိပါဒ်ဟူသည်မှာ ပြီးစီး အောင်မြင်ခြင်း၏ အခြေခံတရားဟူ၍ အဓိပ္ပာယ်ရှိပေသည်။

ဆန္ဒဝတော ကိ နာမ ကမ္မံ နသိဒ္ဓတိ။

ဆန္ဒဝတော= ဆန္ဒတရားဖြင့် လိုလားသူအား။ ကိ နာမ ကမ္မံ= အဘယ်အလုပ်မျိုးသည်။ နသိဒ္ဓတိ=မပြီးနိုင်ပဲရှိပါအံ့နည်း။ သိဒ္ဓတိဧဝ= အမှန်မုချ ပြီးစီးရမည်သာတည်း။

'ဆန္ဒကဲမို့၊ ဂါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာ မပြီး၊ ရှိအံ့နည်း'ဟူသော မင်းကွန်းတိပိဋကမရဆရာတော်ကြီး၏ ဆောင်ပုဒ် အတိုင်းလည်း နလုံးသွင်းထားနိုင်ပေသည်။

၃။ အဓိပတိစိတ္တ မှန်ကန်လှ၏

အထက်၌ပြဆိုခဲ့သော ဇွဲသန်–ဟူသော အဓိဟာယ်အဖွင့်၌ မိမိလုပ်ဆောင်ရမည့်အလုပ်ကို လိုလိုလားလား နှစ်နှစ်သက်သက် စွဲစွဲမြဲမြဲ ပြုလုပ်ဆောင်ရွက်ရမည်ဟု အဓိဟာယ်ဖွင့်၍ ဆန္ဒတရားကို ယူသင့်ကြောင်း ပြဆိုထားခဲ့ပါသည်။

ယခုတစ်ဖန် ယင်း 'ဇွဲသန်'ကိုပင် စွဲစွဲမြဲမြဲ လေးလေးစားစား မပျက်မကွက် လုပ်ကိုင်ဆောင်ရွက်ခြင်းဟူ၍တစ်ဖန် အဓိဟာယ်ဖွင့်လိုပါသည်။ ထိုဆန္ဒတရားကို အရကောက်ရာ၌လည်း ပဌာန်းတရားတော်၌ စိတ္တာဓိပတိခေါ်သော အဓိပတိပစ္စည်းဖြစ်ထိုက်သည့် လေးလေးစားစား လုပ်ကိုင်ဆောင်ရွက်လိုစိတ်ကို အရကောက်လိုပါသည်။

ဗောဓိသတ္တခေါ် ဘုရားအလောင်းတော်ကြီးများသည် မိမိတို့၏ လုပ်ငန်းစဉ်ပါရမီကုသိုလ်တရားများကို လေးလေးစားစား စွဲစွဲမြဲမြဲ ပွားများ ပြုလုပ် ဆည်းပူးကြသောကြောင့် မိမိတို့မျှော်မှန်းကြရာ ဗောဓိဆုကို အောင်မြင်ရရှိခဲ့ကြခြင်း ဖြစ်ပေသည်။ ဤသို့ မိမိတို့၏ လုပ်ငန်းစဉ်ကို လုပ်ဆောင်ရာ၌ လေးလေးစားစားစိတ်ကိုထား၍ မပေါ့မဆပဲ စွဲစွဲမြဲမြဲပြုလုပ်ဆောင်ရွက်ခြင်းမျိုးကို 'ဇွဲသန်'ဟူသော အောင်ပွဲရဂါထာမန္တန်စာပိုဒ်က ပြဆိုနေပေသည်။ ထို့ကြောင့် 'ဇွဲသန်'ဟူသော ဂါထာမန္တန်လာ စကားလုံးအရကို လိုလိုလားလား နှစ်နှစ်သက်သက် စွဲစွဲမြဲမြဲ ပြုလုပ်ဆောင်ရွက်ခြင်းဟူသော ဆန္ဒာဓိပတိတရားနှင့် လေးလေးစားစား မပေါ့မဆ စွဲစွဲမြဲမြဲပြုလုပ်ဆောင်ရွက်ခြင်း=ဟူသော စိတ္တာဓိပတိတရားဟူ၍ နှစ်မျိုးခွဲခြား မှတ်သားကြကုန်ရာသည်။

ကျွန်တော်တို့ ငယ်စဉ်တုန်းက နန်းတော်ရှေ့ဆရာတင် အမည်ရှိ ဂီတစာဆိုတော်ကြီး ကိုယ်တိုင်ရေးသား၍ ကိုယ်တိုင်သီဆိုသော သူဌေးဝါဒ သီချင်းထဲတွင် 'ညြော်... ချစ်တဲ့ရည်းစား စွဲလန်းမိတော့ မကြာခင်ကန်ရတတ်တယ်၊ ပုံပမာကို မှတ်ကြကွယ်၊ လိုချင်တာကို ရ,ရမယ်'ဟူသော

တေးသားစာပိုဒ်ကလေးကို ကြားရဖူးပါသည်။ ဤသည်မှာ လောဘပြဋ္ဌာန်းသော စိတ္တာဓိပတိပစ္စည်းကြောင့် (တနည်း) ရည်းစားတည်း ဟူသော လောကီရုပ်နာမ် ခန္ဓာကိုယ်ကို စွဲလန်းသောကြောင့် အပိုင်ရနိုင်ခြင်း အောင်ပွဲရခြင်းကို ဖော်ပြသည့်သာဓက ဖြစ်ပေသည်။

ဤနေ့သန်အရာ၌ စွဲစွဲမြဲမြဲ လုပ်ဆောင်သည့် စိတ်ဓာတ်သည် စိတ္တာဓိပတိခေါ်သော အဓိပတိပစ္စည်းဖြစ်၍ ကျေးဇူးပြုနိုင်သည့် တရားဖြစ်သည်။ စိတ္တိဒ္ဓိပါဒ်ခေါ်သော အောင်မြင်ခြင်း၏ အခြေခံ ဣဒ္ဓိပါဒ် တရားလည်း ဖြစ်ချေမည်။

စိတ္တဝေတာ ကိ နာမ ကမ္မံ နု သိဿတိ။

စိတ္တဝေတာ=စွဲမြဲသောစိတ် တရားရှိသောသူအား။ ကိ နာမ ကမ္မံ= အဘယ်အလုပ်မျိုးသည်။ နသိဿတိ=မပြီးနိုင်ဘဲ ရှိပါအံ့နည်း။ သိဿတိဧဝ= အမှန်မုချ ပြီးစီးရမည်သာတည်း။

'စိတ်ဓာတ်ကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း'ဟူသော မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ဆောင်ပုဒ်အတိုင်း နှလုံးသွင်းထားရပါမည်။

၄။ သည်းခံနိုင်က အောင်ပွဲရ၏

သည်းခံ-ဟူသည်မှာ လုပ်ဆောင်နိုင်သမျှ အောင်ပွဲရဂါထာမန္တန်၏ စတုတ္ထအင်္ဂါရပ်ဖြစ်ပေသည်။ မိမိပြုလုပ်ဆောင်ရွက်နေသော အလုပ်ကိစ္စ မပြီးစီးမအောင်မြင်သေးသမျှကာလပတ်လုံး အကောင်းဖက်မှ လာရောက်နှောင့်ယှက်သည်ဖြစ်စေ၊ အဆိုးဖက်မှ လာရောက်နှောင့်ယှက်သည်ဖြစ်စေ မိမိအလုပ် မပျက်စီးရလေအောင် နှောင့်ယှက်သမျှကို အောင့်အည်းမျိုသိပ်၍ ကြံ့ကြံ့ခံကာ မိမိလုပ်လက်စ လုပ်ငန်းကို ဆက်လက်၍ ပြီးစီးအောင်မြင်သည်အထိ လုပ်ကိုင်နိုင်ခြင်းပင် ဖြစ်ပေသည်။

ဥပမာအားဖြင့် ရွှေတိဂုံစေတီတော်သို့ ဖူးမြော်ကန်တော့ရန် သွားစဉ် လမ်းခုလတ်မှနေ၍ မိန်းကလေးလှလှပပတစ်ဦးက စားကောင်းသောက် ဖွယ်များ ကျွေးမွေးဧည့်ခံ၍ မသွားနိုင်အောင် တားသည်ဖြစ်စေ၊ လူဆိုးလူမိုက် များက လက်နက်မျိုးစုံကို ကိုင်ဆောင်၍ ရှေ့သို့တိုးလျှင် သတ်မည်ပြော၍ တားဆီးသည်ဖြစ်စေ၊ မကြောက်မရွံ့ မတွန့်မဆုတ်ဘဲ ရွှေတိဂုံဘုရားသို့ ရောက်အောင်သွား၍ ဖူးမြော်ကန်တော့နိုင်ခြင်းမျိုးကို သည်းခံ၍ အောင်ပွဲ ရခြင်းဟူ၍ ဆိုသင့်ပေသည်။ ဤနေရာ၌ ရှေးနှစ်တစ်ရာကျော်အချိန်က စစ်ကိုင်းမြောက်ပိုင်း ဝါးချက်ရွာ ဗိမာန်ဘုံသာကျောင်းကြီး၌ သီတင်း သုံးနေတော်မူခဲ့သော လှေသင်းမင်းကျောင်းဆရာတော်ကြီး၏ 'နိဗ္ဗာန်လိုက၊ သည်းခံကြ၊ တွင်းပအရာရာ'ဟူသော ဆောင်ပုဒ်လက်ဆောင်သည် မှတ်သားဖွယ် ဖြစ်၏။

ထို့ပြင် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ 'အပါယ်ဆင်းရဲကြီးကိုကြောက်လျှင် ဆင်းရဲကလေးတွေကို ကြိုးစား၍ သည်းခံ၊ နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးတွေကို ကြိုးစား၍ပယ်'ဟူသော စကားကိုလည်း သတိပြုမှတ်သားသင့် လှပေသည်။ ဤတွင် ဆင်းရဲကလေးတွေ ချမ်းသာကလေးတွေဟူသည်မှာ အနှောင့် အယှက်များသာဖြစ်သည်။ မိမိ၏အဓိကရည်ရွယ်ချက် လုပ်ငန်းကို အကောင်းအဆိုး အနှောင့်အယှက်များကြောင့် မပျက်စီးစေရန် အောင့်အည်း ထားနိုင်ခြင်းကို သည်းခံခြင်းဟူ၍ မှတ်သားသင့်ပေသည်။

သဒ္ဓတ္ထပရမာ အတ္ထာ၊ ခန္တျာဘိယျော နိ ဝိဒူတိ။

အတ္ထာ= အကျိုးစီးပွားဟူသမျှသည်။ သဒ္ဓတ္ထပရမာ=ကိုယ့် အကျိုးသာလျှင် အလွန်မြတ်ဆုံးဖြစ်ပေသည်။ ခန္တျာ= သည်းခံခြင်းထက်။ ဘိယျော= လွန်ကဲသောအကျိုးစီးပွားဟူ၍။ နိ ဝိဒူတိ= မရှိနိုင်ချေ။ ထို့ကြောင့် သည်းခံခြင်းသည်သာလျှင် အကောင်းဆုံး ကိုယ်ကျိုးစီးပွား ဖြစ်ချေသည်။

[illegible]

[illegible]

၅။ လိမ္မာနိုင်မှ အောင်ပွဲရ၏

လိမ္မာ–ဟူသည်မှာ ဤလုပ်ဆောင်သမျှအောင်ပွဲရဂါထာမန္တန်၌ ပဌမလိုအပ်သည့် အကြောင်းအင်္ဂါရပ် ဖြစ်ပေသည်။ ဤလိမ္မာခြင်း ဟူသော ပဌမအကြောင်းအင်္ဂါရပ်သည် လုပ်ဆောင်သမျှ အောင်ပွဲရရှိနိုင်ရန်အတွက် လွန်စွာလိုအပ်သော အကြောင်းရပ်ကြီး ဖြစ်ချေသည်။ လွန်စွာလည်း အနက်အဓိပ္ပာယ် ကျယ်ဝန်းနက်နဲလှချေသည်။

လိမ္မာ–ဟူသည်မှာ အစစအရာရာ သိမှတ်ဖွယ်တို့၌ အထူးသဖြင့် မိမိပြုလုပ်ဆောင်ရွက်မည့် အလုပ်ကိစ္စ၌ လိမ္မာတတ်သိခြင်းမရှိဘဲ ပြုလုပ်ဆောင်ရွက်မည်ဆိုပါလျှင် မျက်စိကန်းနေသော ဆင်ပြောင်ကြီးသည် စမ်းတဝါး ဝါး တောတွင်းမှာ သွားသကဲ့သို့ လမ်းဆိုးလမ်းမှား မခွဲခြားနိုင်ဘဲ ဖြစ်ပေလိမ့်မည်။

သို့ပါသော် လိမ္မာတတ်သိရုံမျှဖြင့်လည်း ဆောင်ရွက်သမျှ အောင်ပွဲရရန် မသေချာလှသေးပေ။ ထို့ထက်တဆင့်တက်၍ လိမ္မာ ကျွမ်းကျင်ရန်လည်း လိုအပ်ပေသည်။ မိမိလုပ်ကိုင်ဆောင်ရွက်ရမည့် လမ်းစဉ်ကို လိမ္မာတတ်သိရုံမျှမက လိမ္မာကျွမ်းကျင်ရန်လည်း လိုအပ်ပေသည်။ ထို့ပြင် အပြောအဆို ကိုယ်နှုတ်အမူအရာ ရိုင်းစိုင်းသောသူသည် ရန်သူများတတ်၏။ အနှောင့်အယှက် များတတ်၏။ လုပ်ကိုင် ဆောင်ရွက်သမျှ ပျက်စီးရတတ်သည်။ ထို့ကြောင့် ဆောင်ရွက်သမျှ အောင်ပွဲရလို သူသည် လိမ္မာယဉ်ကျေးရန်လည်း လိုအပ်လှချေသည်။

ဆောင်ရွက်သမျှ အောင်ပွဲခံရရေးအတွက် လိမ္မာယဉ်ကျေးခြင်း၏ အဓိပတိဖြစ်သည့် မိုက်မဲခြင်း ဒုစရိုက်မှုကိုမပြုလုပ်မိရန် လိုအပ်လှပေသည်။ ဒုစရိုက်တွေ ထူထပ်အောင်ပြုနေကာ အကျင့်သီလမကောင်းသူမှာ ဘဝတစ်သက်တာ ကြည်သာဖြူးဖြောင့်သောလမ်းကို မလျှောက်နိုင်ပါချေ။ အခက်အခဲ အဖုအထစ်များကိုသာ တွေ့ကြုံရလျက် ရည်ရွယ်ချက်

ပျက်စီးတတ်လှချေသည်။ ထို့ကြောင့် ဒုစရိုက်မကောင်းမှုကို ရှောင်ရှားကာ လိမ္မာသူဖြစ်ရန်လည်း လိုအပ်လှပေသည်။

ဖော်ပြခဲ့သည့်အတိုင်း လိမ္မာတတ်သိသူ၊ လိမ္မာကျွမ်းကျင်သူ၊ လိမ္မာယဉ်ကျေးသူ၊ ဒုစရိုက်ရှောင်လွဲလျက် မမိုက်မဲဘဲ လိမ္မာသူဖြစ်ရန် တို့အတွက်မှာ လူကြီးသူမ မိဘဆရာသမား တို့အား ရိုသေလေးစားကာ လူကြီးသူမတို့ ဆုံးမစကားကို နားထောင်သည့် လိမ္မာရေးခြားရှိသူဖြစ်ရန် လိုအပ်လှချေသည်။

ယင်းအမျိုးပေါင်းများလှစွာသော လိမ္မာခြင်းတို့သည် အဓိက တရားကိုယ်အားဖြင့် ပညာဉာဏ်သာဖြစ်ပေသည်။ ပညာဟူသည် ပဌာန်း တရားတော်၌ အဓိပတိတရားဖြစ်ပြီး ပဌာန်းအဓိပတိပစ္စည်း၌ ဝိမံသာ ဓိပတိ ဟူ၍ဟောဖော်ထားလေသည်။ တနည်းကားပညာနှေ့ဖြစ်၍ ဣဒ္ဓိယပစ္စည်းလည်း ထိုက်လေသည်။ ထို့ပြင် သမ္မာဒိဋ္ဌိမဂ္ဂင်လည်း ဖြစ်လေသည်။

ပညာဝတော ကိ နာမ ကမ္မံ နာ သိဒ္ဓတိ။

ပညာဝတော=အလိမ္မာပညာရှိသူအား။ ကိ နာမ ကမ္မံ= ဘယ်အလုပ် မျိုးသည်။ နာ သိဒ္ဓတိ=မပြီးရှိနိုင်ပါအံ့နည်း။ သိဒ္ဓတိဧဝ= အမှန်မှချ ပြီးစီး ရမည်သာတည်း။

'ပညာကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း' ဟူသော မင်းကွန်းတိပိဋကဓရဆရာတော် ကြီး၏ ဆောင်ပုဒ်ကိုလည်း နှလုံးသွင်းထားရပါမည်။

၆။ မိတ်ဆွေကောင်းက အောင်ပွဲရ၏

မိတ်ကောင်းစွာ–ဟူသည်မှာ လုပ်ဆောင်သမျှအောင်ပွဲရရန် အကွက် မိတ်ကောင်းဆွေကောင်း ရှိရမည်ဟူ၍ဆိုလိုရင်းဖြစ်သည်။ ဤအချက်သည် ခြောက်နံပါတ်မြောက် အောင်ပွဲရအင်္ဂါဖြစ်ပေသည်။

အဘယ်မျှလောက် ကောင်းမွန်သည့်မိတ်ဆွေကောင်းကို လိုအပ်ပါသနည်းဆိုလျှင် ဘုရားရဟန္တာတမျှ တန်ခိုးဂုဏ်နှင့် ပြည့်ဝသည့် မိတ်ဆွေကောင်းမျိုးကို လိုအပ်လှပေသည်။ အယုတ်ဆုံးအားဖြင့် မိမိအပေါ်၌ မေတ္တာ, ကရုဏာ, မုဒိတာတရား ထားနိုင်၍ မိမိလုပ်ကိုင် ဆောင်ရွက်နေသည့် ကိစ္စအတွက် ပြီးစီးအောင် အကူအညီပေးနိုင်မည့် မိတ်ဆွေကောင်း လိုအပ်လှပေသည်။

အရှင်အာနန္ဒာက မြတ်စွာဘုရားအား မိတ်ဆွေကောင်းရှိလျှင် တရားအလုပ်တစ်ဝက်ပြီးနိုင်ကြောင်း လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်က 'မဟုတ်ဘူး အာနန္ဒာ၊ တစ်ဝက်မကဘူး၊ အားလုံး ပြီးနိုင်ကြောင်း' မိန့်ကြားတော်မူဖူးပေသည်။

ပဋ္ဌာန်းဥပနိဿယပစ္စည်း၌ 'ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော' ဟူ၍ ဟောကြားထားပေသည်။ ထို့ကြောင့် မိမိလုပ်ငန်းဆောင်တာအဝဝ အောင်မြင်ပြီးမြောက်ရေးအတွက် စိတ်နှလုံးဖြောင့်မှန်စွာ လှိုက်လှိုက်လှဲလှဲ ကူညီဖေ မစောင့်ရှောက်ထိန်းသိမ်းပေးနိုင်သော မိတ်ဆွေကောင်းရှိရန် အမှန်လိုအပ်သည်။ ဤလောကဌ် မိတ်ဆွေကောင်းမှ အောင်ပွဲရနိုင်ပေသည်။

နိဒါန်းဂါနိုဂုံးဆုတောင်း

စာရှူသူ ပညာရှင်သူတော်စင်များခင်ဗျား...

ကျွန်တော်သည် စာရှူသူတို့အား ဆောင်ရွက်သမျှ အောင်ပွဲရ ဂါထာမန္တန်ကို လက်ဆောင်ပေး၍ရေးခဲ့ပါပြီ။ ယင်းဂါထာသည် ရွတ်ဖတ်ရုံသာမက မိမိကိုယ်တိုင် လက်တွေ့လိုက်နာကျင့်သုံး လုပ်ဆောင်ရမည့် ဂါထာမန္တန် ဖြစ်ကြောင်းနှင့် ထိုဂါထာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်မည် ဆိုပါက လုပ်ဆောင်သမျှ အောင်ပွဲရနိုင်ကြောင်း ကိုလည်း စာပေကျမ်းဂန်အကိုးအကား လောကီလောကုတ္တရာ သာဓကများဖြင့် ရေးပြခဲ့ပါပြီ။

ထို့ပြင် အောင်ပွဲရဂါထာမန္တန်နပါ လမ်းညွှန်ချက်အတိုင်းလိုက်နာ ဆောင်ရွက်ခြင်းဖြင့် အောင်ပွဲရရှိသူများ-အကြောင်း အထောက် သာဓက ကိုတော့ဖြင့် စာရှုသူတို့ လက်သို့ ရောက်ရှိနေသော ပဌာန်းဂုဏ်ရည်ကျမ်းဌ ‘ပဌာန်းတန်ခိုး၊ မြတ်ကောင်းကျိုးကား’ အစချီသည့် လက်ဘက်ကျဉ်းနှင့် ဝတ္ထုအကြောင်း အကျယ်များကို ဖတ်ရှုပြီးသိနိုင်ကြပါသည်။

ဤနိဒါန်းဌ ဖော်ပြထားသည့် လုပ်ဆောင်သမျှအောင်ပွဲရ ဂါထာ မန္တန်နှင့်အညီ ပွားများကြပြီးလျှင် လိုအပ်သောကောင်းကျိုးတရားများကို ခံစားနိုင်ကြပါစေကြောင်း ဆုတောင်းစကား ရေးသားလိုက်ရပါသည်။

ပဌာန်းရွတ်ပွား၍ ကောင်းကျိုးတရား ခံစားနိုင်ကြပါစေ။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)
အယ်ဒီတာချုပ်၊ မြတ်ဆုမွန်မဂ္ဂဇင်း။

အခန်း (၂)

တန်ခိုးအကြီးဆုံး ဂါထာမန္တ နှ်တော်ကြီး

မဟာပဋ္ဌာန်းတရားတော်ကြီး

မြတ်ဆုမွန်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာဦးအောင်မွန်က ပထမဆုံး ထုတ်ဝေမည့် မြတ်ဆုမွန်မဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြရန် တန်ခိုးအကြီးဆုံး နှင့်အကျိုးအကြီးဆုံး ဂါထာတစ်ပုဒ်အကြောင်းကို ရေးပေးပါဟု၍ တောင်းဆို လာပါသည်။ ယင်းဟောင်းဆိုချက်ကြောင့် ကျွန်တော်သည် ကျွန်တော်၏ အားကိုး အားထား ပြုရာဖြစ်သော ဆရာကြီးဦးစာကျော်ထံ ချဉ်းကပ်ရပြန်ပါသည်။ ဆရာကြီးဦးစာကျော်သည် ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးသည့် သာသနာ့အလင်းရောင်မဂ္ဂဇင်းကြီး၏ ရာသက်ပန်အယ်ဒီတာချုပ်ကြီး ဖြစ်ပါသည်။ အစစအရာရာ တိုင်ပင်ဆွေးနွေးမေးမြန်းရပါသဖြင့် ကျွန်တော်၏ကျေးဇူးရှင်ကြီးလည်း ဖြစ်ပါသည်။

'ဆရာကိုတက်အင်း ဘာများ အရေးကြီးနေလို့ စောစောစီးစီး ရောက်လာတာလဲဗျို့'

'ဒီလိုဆရာရဲ့၊ ကျွန်တော်က ဆရာနဲ့တစ်ခြားမိတ်ဆွေတွေ ဆီက ကြားဖူးနားဝနဲ့ သာသနာ့ရောင်ခြည်စာစောင်၊ ရတနာမွန်မဂ္ဂဇင်း၊ ဉာဏ်လင်းဓမ္မစာပဒေသာတို့မှာ ဂါထာမန္တ နှ်အကြောင်း ဆောင်းပါး တွေ ရေးခဲ့တယ်'

'အဲ ဟုတ်တယ်၊ အဲဒါ ကျွန်တော် သိတယ်လေ၊ ဘာဖြစ်လို့လဲ'

'ဘာမှတော့မဖြစ်ပါဘူးဆရာရယ်၊ အခုထွက်တော့မယ့် မြတ်ဆုမွန်မဂ္ဂဇင်းမှာလဲ ဂါထာမန္တ နှ်ကောင်းကောင်း တန်ခိုးကြီးကြီး ထည့်သွင်း



ဘကြီးတော်နှင့် နန်းမတော်မယ်နတို့ ဆောက်လုပ်လှူဒါန်းအပ်သော
အင်းဝမြို့. မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး

ဖော်ပြချင်လို့ဆိုပြီး အယ်ဒီတာက ကျွန်တော့်ဆီကိုလာပြီး စာမူတောင်းနေ လို့ပါ”

‘ဟာ့ဗျ၊ ဒါ ဘာခက်လို့လဲ၊ ရေးပေးလိုက်ပါလား’

‘ဩော်...ဆရာကလဲ ကျွန်တော်မှမသိဘဲ၊ မသိလို့ ဆရာ့ဆီကို ဘယ်လိုရေးရမလဲလို့ မေးရအောင်စောစောစီးစီးလာခဲ့တာပဲ၊ နောက်ကျ

နေရင် ဆရာ လမ်းလျှောက်ထွက်သွားပြီး မတွေ့မှာစိုးလို့ ဆရာရဲ့၊တဆိတ် မ,စပါဆရာ၊ ချီးမြှင့်ပါ'

ဤတွင်ဆရာကြီးဦးစာကျော်သည် သူ၏မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးကားကားကြီးများကို ဆွဲကိုင်ပွတ်သပ် စဉ်းစားနေပြီးလျှင် စကားစလိုက်ပါတော့သည်။

'ဒီလိုလေ၊ ဆရာတော်ဦးဗုဒ်ကို ကိုတက်အင်းသိတယ်မဟုတ်လား'

'ဟုတ်ကဲ့ သိပါတယ်ဆရာ၊ သာသနာမှာ 'ဗုဒ်အစ၊ ဗုဒ် အလယ်၊ ဗုဒ်အဆုံး'လို့ ဆိုရိုးရှိတဲ့အတိုင်း ဗုဒ္ဓဘုရားရှင်ကစ၍ အဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသကအလယ်၊ ဆရာတော် ဦးဗုဒ်အဆုံးလို့ ညွှန်ပြရတဲ့ စာတတ်ကျမ်းပြုညောင်ကန်ဆရာတော် ဦးဗုဒ်ပါ ဆရာ'

'အေး ဟုတ်တယ်၊ အခုပြောပြမယ့် တန်ခိုးအကြီးဆုံးဂါထာ မန္တန်က ဆရာတော်ဦးဗုဒ် မိန့်ကြားချီးကျူးတော်မူခဲ့တဲ့ သာသနာတော်မှာ နေလိုလလို ထင်ရှားပြီး ဘုရားဟောဂါထာမန္တန်ကြီးပါပဲ၊ အဲဒီဂါထာမန္တန်ကို ယူသွားပါ'

'အမိန့်ရှိပါဆရာ၊ မှတ်သားပါရစေ'

'သက္ကရာဇ် ၁၁၉၂- ခုနှစ်တွင် ရတနာပူရ စတုတ္ထမြို့နန်းတည် ဘကြီးတော်မင်းဘရားလက်ထက်တော်အခါ မဟာ ဒေဝီမိဖုရားခေါင်ကြီးနန်းမတော်မယ်နုက မိမိရဲ့ကုသိုလ် မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးကို စာတတ်အကျော် ဆရာတော်ဦးဗုဒ်အား တင်လှူပူဇော်ပါတယ်။

'ကျောင်းရေစက်ချတရားပွဲမှာ ဆရာတော်ဦးဗုဒ်ကိုယ်တိုင် ရေစက်ချသီလပေးပြီး ကျောင်းလှူအနုမောဒနာတရားဟောတော်မူတဲ့အခါကျတော့

ဟေတုပစ္စယောမှစ၍ အဝိဂတပစ္စယောအထိ ပဋ္ဌာန်းပစ္စယဥဒ္ဒေသပါဠိ တော်(၂၄)ပစ္စည်းကိုသာ ရွတ်ဆိုဟောတော်မူကာ တရားပွဲကိုအပြီးသတ်လိုက်သတဲ့။ တရားပွဲပြီးတဲ့အနေနဲ့ ဆရာတော်ဦးဗုဒ္ဓက တရားပလွှင်ပေါ်ကဆင်းသွားတယ်ပေါ့။ အဲဒီတော့ ဆရာတော်ဦးဗုဒ္ဓရဲ့တရားကို နာနေသည့်လူများနှင့် ရေစက်ချပွဲကို ပင့်ဖိတ်လို့ကြွလာသည့် သံဃာတော်များက အုံ့ဩလျက် ပြုံးစိစိဖြင့် တရားကလည်း တိုလှချည်လားဟူသဘောဖြင့် ဆရာတော်ဦးဗုဒ္ဓအား ကြည့်နေကြလေတော့ ဆရာတော် ဦးဗုဒ္ဓက . . .

'ဟေ့ . . . မဟာဒေဝီမိဖုရားကြီးကလူတဲ့ မဟာအောင်မြေဘုံစံကျောင်းတော်ကြီးရဲ့ မဟာအလှူတော်ရေစက်ချပွဲကြီးမှာ မဟာပဋ္ဌာန်းတရားတော်ကြီး ဟောလိုက်တယ်၊ ဘယ်သူက ဘာပြောချင်သေးသလဲ'လို့ မိန့်ကြားတော် မူကြောင်း ရှေးသူဟောင်းတို့ ပြောဆိုခဲ့တဲ့ အမှတ်အသားရှိခဲ့ဖူးပါတယ်။ *

'အဲဒီတော့ ကိုတက်အင်းလဲ ဂါထာမန္တန်တွေထဲမှာအကောင်းဆုံးတန်ခိုးအကြီးဆုံးကို ဖော်ပြလိုရင် မဟာပဋ္ဌာန်းပစ္စယဥဒ္ဒေသပါဠိကို မြတ်ဆုမွန်မဂ္ဂဇင်းမှာဖော်ပြပါ'ဟူ၍ ဆရာကြီးဦးစာကျော်က ကျွန်တော့်အား မဟာပဋ္ဌာန်းဂါထာမန္တန် အကြောင်းကို ပြောပြပါသည်။

ထို့နောက် ဆက်လက်၍ မဟာပဋ္ဌာန်းကို ရွတ်ဆိုသောကြောင့် ကောင်းမြတ်သော အကျိုးတရားများ ခံစားရပုံတို့ကို ဝတ္ထုသက်သေများ

---

* ဘကြီးတော်မင်း၏ မိဖုရားကြီး နန်းမတော်မယ်နသည် အင်းဝမြို့အရှေ့မြောက် မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးကို အင်းဝမြို့ထောင့် ထီးလှိုင်ရှင်ဘုရား အနီး၌ ငွေကျပ်သုံးသိန်းကျော်အကုန်ခံ၍ ဆောက်လုပ်ပြီး ၁၁၈၉ ခုနှစ်၌ ညောင်ကန် ဆရာတော် ဦးပိုးကို ရှေးဦး တင်လှူခဲ့ပါသည်။ ၁၁၉၁-ခုနှစ်၌ ဦးပိုးပျံလွန်ဆော်မူခဲ့ပြီး ၁၁၉၂-ခုနှစ်၌ ဆရာတော်ဦးဗုဒ္ဓကို တင်လှူခြင်းဖြစ်ရာ၊ ဆရာတော်ဦးဗုဒ္ဓသည် ဒုတိယအုတ်ကျောင်းဆရာတော်ဟူသော အမည်ကို ရတော်မူလေသည်။

ဖြင့်လည်း ပြောပြပါသည်။ယင်းအကျိုးတရားများကို ဆရာကြီး ဦးစာကျော်ကိုယ်တိုင် ရေးသားသီကုံးထားသော ပဌာန်းတရားအကျိုးသွားလက်စ်ကိုလည်း ပေးပါသည်။

ယခု ယင်းလက်စ်ကိုဖော်ပြပြီးနောက် ပဌာန်း(၂၄) ပစ္စည်းအကျဉ်းပါဇိုနှင့်မြန်မာပြန်ကို စာရှုသူတို့ကျက်မှတ်ရွတ်ဖွားနိုင်ကြ စေရန်တင်ပြပါသည်။ ထိုပြင် ပဌာန်းအကျိုးသွား ဝတ္ထုများကိုလည်း ဆက်လက်၍ ရေးသားတင်ပြပါမည်။ ထပ်မံ၍ ယင်းသို့ကောင်းကျိုးရနိုင်သည့် အကြောင်းရင်းတို့ကိုလည်း ရှင်းလင်းတင်ပြပါဦးမည်။ ပဌာန်းအကျိုးပြလက်စ်မှာ ဤသို့ဖြစ်ပါသည်။

ပဌာန်းအကျိုးပြလက်စ်

ပဌာန်းတန်ခိုး၊
မြတ်ကောင်းကျိုးကား၊
သူခိုး ရန်ပ၊
ဓားပြ ရန်ပြေ၊
တစ္ဆေ ရန်လွဲ၊
သူရဲ ရန်ဖြတ်၊
ဘုတ်ကျတ် ရန်ဝေး၊
မီးဘေး ရန်ကွာ၊
ရတနာ ပိုင်စိုး၊
ဂုဏ်ရိုန် တိုး၍၊
သက်ဒိုး ရှည်စွာ၊
ကိုယ် ကျန်းမာလျက်၊
ပညာ ကြီးမာ၊
ကုသိုလ် များသည်၊
ရေးသားမကုန် မဆုံးတည်း။

ဤလက်ဘ၌ ပဋ္ဌာန်းအကျိုးတရား (၁၂)ပါးကိုသာ တိုက်ရိုက်ဖော်ပြထားသည်ဖြစ်၍ အခြားများစွာသော အကျိုးတရားများ ရှိသေးကြောင်းကို ရေးသားမကုန် မဆုံးတည်းဟူ၍ အကျဉ်းချုပ်ဖော်ပြထားပါသည်။ ထို့ကြောင့် ပဋ္ဌာန်းတရားတော်သည် တန်ခိုးအကြီးဆုံး အကျိုးအကြီးဆုံးဂါထာမန္တန်တော်ကြီး ဖြစ်သည်ဟူ၍ ဆိုထိုက်လှပါသည်။ ထိုအကြောင်းကြောင့်ပင် စာတတ်အကျော်ဆရာတော် ဦးဗုဓ်က 'မဟာပဋ္ဌာန်း' ဟူ၍ ချီးကျူးဂုဏ်ပြုခဲ့ခြင်း ဖြစ်ပါသည်။

ဖော်ပြခဲ့သည့်အတိုင်း အကျိုးတရားကြီးမားများပြားလှသည့် တန်ခိုးအကြီးဆုံး မဟာပဋ္ဌာန်း ဂါထာမန္တန်ကြီး၏ အခြေခံ အကျဉ်းချုပ် ဥဒ္ဒေသပါဠိတော်ကို ယခုကပင်ကြိုတင်၍ ကျက်မှတ်နိုင်ကြစေရန် ဖော်ပြပါမည်။ ထိုဥဒ္ဒေသပဋ္ဌာန်းပါဠိ၏ မြန်မာပြန်ကိုပါ တင်ပြပါမည်။

ပဋ္ဌာန်းဥဒ္ဒေသပါဠိတော်

၁။ ဟေတုပစ္စယော၊
၂။ အာရမ္မဏပစ္စယော၊
၃။ အဓိပတိပစ္စယော၊
၄။ အနန္တရပစ္စယော၊
၅။ သမနန္တရပစ္စယော၊
၆။ သဟဇာတပစ္စယော၊
၇။ အညမညပစ္စယော၊
၈။ နိဿယပစ္စယော၊
၉။ ဥပနိဿယပစ္စယော၊
၁၀။ ပုရေဇာတပစ္စယော၊
၁၁။ ပစ္ဆာဇာတပစ္စယော၊
၁၂။ အာသေဝနပစ္စယော၊
၁၃။ ကမ္မပစ္စယော၊

၁၄။ ဝိပါကပစ္စယော၊
၁၅။ အာဟာရပစ္စယော၊
၁၆။ ဣန္ဒြိယပစ္စယော၊
၁၇။ ဈာနပစ္စယော၊
၁၈။ မဂ္ဂပစ္စယော၊
၁၉။ သမ္မယုတ္တပစ္စယော၊
၂၀။ ဝိပ္ပယုတ္တပစ္စယော၊
၂၁။ အတ္ထိပစ္စယော၊
၂၂။ နတ္ထိပစ္စယော၊
၂၃။ ဝိဂတပစ္စယော၊
၂၄။ အဝိဂတပစ္စယောတိ။

ပဌာန်းဥဒ္ဒေသပါဠိတော်၏ မြန်မာပြန်

၁။ အကြောင်းဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၂။ အာရုံဖြစ်၍ ကျေးဇူ ပြုတတ်သော သဘောတရား"။
၃။ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၄။ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၅။ ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၆။ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၇။ အချင်းချင်းဖြစ်၍ အပြန်အလှန် ကျေးဇူးပြုတတ်သော သဘောတရား။
၈။ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၉။ အားကြီးသည့်(အကြောင်း)မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၀။ ရှေးဦးဖြစ်၍ (ရှေ့ကဖြစ်နှင့်၍) ကျေးဇူးပြုတတ်သော သဘောတရား။
၁၁။ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။

၁၂။ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၃။ ကံဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၄။ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၅။ အထောက်အပံ့ပြုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၆။ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၇။ စျာန်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၈။ မဂ်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၁၉။ ယုဇ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၂၀။ မယုဇ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၂၁။ ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၂၂။ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၂၃။ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။
၂၄။ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော သဘောတရား။

ဤသို့အားဖြင့် ကျေးဇူးပြုတတ်သည့် သဘောတရား (၂၄)မျိုး ရှိပေသည်။ ဤပဋ္ဌာန်းဥဒ္ဒေသပါဠိကိုရွတ်ဆိုရာတွင် မြန်မာလို သဘောတရား အဓိပ္ပာယ်တို့ကို ထည့်ရွတ်ရန် မလိုပဲ သိထားရန်သာဖြစ်ပါသည်။ ပါဠိသက်သက် 'ဟေတုပစ္စယောဃ၊အာရမ္မဏပစ္စယော' စသည်ဖြင့် ပဋ္ဌာန်းဥဒ္ဒေသပါဠိကိုသာ အမြဲမပြတ် ရွတ်ဆိုပွားများကြရန် ဖြစ်ပါသည်။

*

အခန်း (၃)

သူခိုးရန်မှ ကင်းပစေသည့် ပဌာန်းတန်ခိုး

အနုဗ္ဗနယ သမန္တပဌာန်းကျမ်းတော်ကြီး

မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသော ခုနစ်ဆင့် မြောက် အဘိဓမ္မာကျမ်းကြီးမှာ ပဌာန်းကျမ်းကြီးဖြစ်ပါသည်။

ဤပဌာန်းကျမ်းကြီးသည် အဆုံးမရှိအောင် နည်းပေါင်းများစွာတို့ဖြင့် တန်ဆာဆင်၍ဟောကြားထားကာ ထက်ဝန်းကျင်အလုံးစုံ ပစ္စည်းတရား များအတိသာတည်ရှိနေသောကြောင့် 'အနုဗ္ဗနယ သမန္တပဌာန မဟာပ ကရဏ' ဟူ၍ အဋ္ဌကထာကျမ်းများ၌ ချီးကျူးဖွင့်ဆိုတော်မူကြပါသည်။ (အဘိဋ္ဌ၊ ၃။ ၄၉၇)။

ယင်.'အနုဗ္ဗနယ+သမန္တပဌာန+မဟာပကရဏ' ဟူသော အမည် ကိုအစိတ်စိတ်ခွဲခြမ်းကာ အနက်ပေးရလျှင်-

အနုဗ္ဗနယ= အဆုံးမမြင်သော နည်းလမ်းများရှိ၍+

သမန္တပဌာန= အလုံးစုံပစ္စည်းတရားများအတိ ဖြစ်သည့်+

မဟာပကရဏ= ကျမ်းတော်ကြီး။

-ဟူ၍ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် ဗုဒ္ဓသာသနာတော်၌ ပဌာန်းကျမ်းကြီးကို

၁။ ဧလသာဂရ=ရေပင်လယ်၊

၂။ သံသာရသာဂရ=သံသရာပင်လယ်၊

၃။ နယသာဂရ=နည်းပင်လယ်၊

၄။ ဉာဏသာဂရ=ဉာဏ်ပင်လယ်

-ဟူသော ပင်လယ်ကြီးလေးစင်းရှိသည်တွင် (၃)နံပါတ်မြောက် နယသာဂရ=နည်းပင်လယ်ဟူ၍ အသိအမှတ် ပြုအပ်ပါသည်။

ပဋ္ဌာန်းဥဒ္ဒေသနှင့်နိဒ္ဒေသ

ယင်းသို့ 'အနန္တနယ သမန္တပဋ္ဌာန မဟာပကရဏ'ဟူ၍ လည်းကောင်း၊ နယသဘာဝရ= နည်းပင်လယ် ကျမ်းကြီးဟူ၍ လည်းကောင်း ဂုဏ်ပြုခေါ်ဆိုအပ်သည့် ပဋ္ဌာန်းကျမ်းကြီး၏အစ၌ 'ဟေတု ပစ္စယော'စသည့် (၂၄)ပစ္စည်းကို ဟောကြားတော်မူထားပါသည်။ ပဋ္ဌာန်းကျမ်းတော်ကြီး၌ ဟောတော်မူသမျှသော ပစ္စည်းအားလုံးတို့၏ အကျဉ်းချုပ် အဆိုအနှစ်မှာ (၂၄)ပစ္စည်းပင် ဖြစ်ပါသည်။ ထို'ဟေတုပစ္စယော'အစရှိသော (၂၄)ပစ္စည်းသည် ဥဒ္ဒေသပါဠိတော် ဖြစ်ပါသည်။

ယင်း(၂၄)ပစ္စည်း ဥဒ္ဒေသပါဠိတော်၏ ဆိုလိုရင်းသဘော အဓိပ္ပာယ်ကိုပင် ဆက်လက်၍ 'ဟေတုပစ္စယော–တိ၊ ဟေတုဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော' အစချီကာ ဟောတော်မူအပ်သောပဋ္ဌာန်းတရားတော်ကို နိဒ္ဒေသ ပါဠိ ဟု ခေါ်ဆိုပါသည်။

ဖော်ပြခဲ့သည့်အတိုင်း ဥဒ္ဒေသနှင့် နိဒ္ဒေသ ပါဠိတော်နှစ်မျိုးလုံးကို ဟောပြီးမှ ပဋ္ဌာန်းပါဠိတော်ကြီး (၂၄)ကျမ်းကို ဆက်လက်၍ ဟောတော်မူပါသည်။

ပဋ္ဌာန်း(၂၄)ပစ္စည်းနှင့်ပဋ္ဌာန်းပါဠိတော်(၂၄)ကျမ်း

အချို့သောပုဂ္ဂိုလ်တို့သည် ပဋ္ဌာန်းကျမ်းလာ (၂၄)ပစ္စည်းနှင့် ပဋ္ဌာန်းပါဠိတော်(၂၄)ကျမ်းနှင့်တူသည်ဟု ထင်မှတ်ကြပါသည်။ ပဋ္ဌာန်း(၂၄)ပစ္စည်းသည် ပဋ္ဌာန်း (၂၄)ကျမ်း၌ပါဝင်သော 'ဟေတုပစ္စယော'–စသည် ဟောပုံဟောနည်းပစ္စည်းတရားများသာဖြစ်ပြီး၊ ပဋ္ဌာန်းပါဠိတော်(၂၄)ကျမ်းကား–ဓမ္မာနုလောမ တိကပဋ္ဌာန်း၊ ဓမ္မာနုလောမ ဒုကပဋ္ဌာန်းစသော ပဋ္ဌာန်းပါဠိတော်(၂၄)ကျမ်း ဖြစ်ပါသည်။

ယင်းပဋ္ဌာန်းပါဠိတော်ကြီး (၂၄)ကျမ်းတို့သည် မည်မျှကျယ်ဝန်းများပြားစေကာမူ ဤစာအုပ်အစမှာ ဟောပြထားသည့်အတိုင်း ပဋ္ဌာန်းဥဒ္ဒေသနှင့် နိဒ္ဒေသတို့၏ သဘောအဓိပ္ပာယ်ကို မကျော်လွန်စေဘဲသာ ဟောကြားထားသည်ကို လေ့လာတွေ့ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် ပဋ္ဌာန်း (၂၄)ပစ္စည်းဥဒ္ဒေသပါဠိတော်နှင့် နိဒ္ဒေသပါဠိတော်နှစ်ဆူကို မဟာပဋ္ဌာန်းကျမ်းတော်ကြီး တစ်ကျမ်းလုံး၏ အဆီအနှစ်ဖြစ်သည်၊ အခြေခံအုတ်မြစ်ဖြစ်သည်ဟူ၍ ရှေးပညာရှင်များက ဆုံးဖြတ်မှတ်သားကာ ဆောင်ရွက်ရွတ်ဖတ်လေ့ရှိခဲ့ကြပါသည်။ *

ပဋ္ဌာန်းတန်ခိုးမြတ်ကောင်းကျိုး

ဤတန်ခိုးအကြီးဆုံးမဟာနန်တော်ကြီးဆောင်းပါးဌ် 'ပဋ္ဌာန်းတန်ခိုး၊ မြတ်ကောင်းကျိုးကား၊ သူခိုးရန်ပ၊ ဓားပြရန်ပြေ'အစချီသော ပဋ္ဌာန်းအကျိုး(၁၂)ပါးလက်ဘက်ကို ဖော်ပြခဲ့ပါသည်။

ပဋ္ဌာန်းပါဠိတော် (၂၄)ကျမ်းဟူသည်မှာ ၁။ ဓမ္မာနုလောမ တိကပဋ္ဌာန်း၊ ၂။ဓမ္မာနုလောမ ဒုကပဋ္ဌာန်း၊ ၃။ ဓမ္မာနုလောမ ဒုကတိကပဋ္ဌာန်း၊ ၄။ ဓမ္မာနုလောမ တိကဒုကပဋ္ဌာန်း၊ ၅။ ဓမ္မာနုလောမ တိကတိကပဋ္ဌာန်း၊ ၆။ဓမ္မာနုလောမ ဒုကဒုကပဋ္ဌာန်း၊ ၇။ ဓမ္မပစ္စနိယ တိကပဋ္ဌာန်း၊ ၈။ဓမ္မပစ္စနိယ ဒုကပဋ္ဌာန်း၊ ၉။ ဓမ္မပစ္စနိယ ဒုကတိကပဋ္ဌာန်း၊ ၁၀။ ဓမ္မပစ္စနိယ တိကဒုကပဋ္ဌာန်း၊ ၁၁။ ဓမ္မပစ္စနိ တိကတိကပဋ္ဌာန်း၊ ၁၂။ ဓမ္မပစ္စနိယ ဒုကဒုကပဋ္ဌာန်း၊ ၁၃။ ဓမ္မာနုလောမပစ္စနိယ တိကပဋ္ဌာန်း၊ ၁၄။ ဓမ္မာနုလောမပစ္စနိယ ဒုကပဋ္ဌာန်း၊ ၁၅။ ဓမ္မာနုလောမ ပစ္စနိယဒုကတိကပဋ္ဌာန်း၊ ၁၆။ ဓမ္မာနုလောမ ပစ္စနိယ တိကဒုကပဋ္ဌာန်း၊ ၁၇။ ဓမ္မာနုလောမပစ္စနိယ တိကတိကပဋ္ဌာန်း၊ ၁၈။ ဓမ္မာနုလောမပစ္စနိယ ဒုက ဒုကပဋ္ဌာန်း၊ ၁၉။ ဓမ္မပစ္စနိယာနုလောမ တိကပဋ္ဌာန်း၊ ၂၀။ ဓမ္မပစ္စနိယာနုလောမဒုက ပဋ္ဌာန်း၊ ၂၁။ ဓမ္မပစ္စနိယာနုလောမဒုကတိကပဋ္ဌာန်း၊ ၂၂။ ဓမ္မပစ္စနိယာနုလောမ တိကဒုကပဋ္ဌာန်း၊ ၂၃။ ဓမ္မပစ္စနိယာနုလောမ တိကတိကပဋ္ဌာန်း၊ ၂၄။ ဓမ္မပစ္စ နိယာနုလောမ ဒုကဒုကပဋ္ဌာန်းတို့ဖြစ်၏။

ယင်းလက်ဘ၌ ပဌာန်းရွတ်ဖတ်ခြင်း၏ အကျိုးများကို-
၁။ သူခိုးရန် ကင်းပစေနိုင်ခြင်း၊
၂။ ဓားပြရန် ပြေပျောက်စေနိုင်ခြင်း၊
၃။ တစ္ဆေရန် လွဲဖယ်သွားစေနိုင်ခြင်း၊
၄။ သရဲရန် ပယ်ဖြတ်နိုင်ခြင်း၊
၅။ ဘုတ်ကျတ်ရန် ဝေးလံစေနိုင်ခြင်း၊
၆။ မီးဘေးရန် ကင်းကွာစေနိုင်ခြင်း၊
၇။ ရွှေငွေရတနာများကို ပိုင်ဆိုင်ရရှိစေနိုင်ခြင်း၊
၈။ ဂုဏ်ရှိန် တိုးမြင့်စေနိုင်ခြင်း၊
၉။ အသက် ရှည်စေနိုင်ခြင်း၊
၁၀။ ကျန်းမာနိုင်စေခြင်း၊
၁၁။ ပညာဉာဏ်ကြီးမာ.စေနိုင်ခြင်း၊
၁၂။ ကုသိုလ်များပြားစွာ ဖြစ်ပွားစေနိုင်ခြင်းဟူ၍ အကျိုး (၁၂)မျိုးကို ဖော်ပြထားပါသည်။

ယင်းအကျိုး(၁၂)မျိုးမှာ ဆရာကြီးဦးစာကျော်မှတ်တမ်းတင်ထားသည့်လက်ဘတွင် ရေးသားထားသောအကျိုးမျှသာ ဖြစ်ပါသည်။ အခြားများစွာသော ပဌာန်းအကျိုးတရားများလည်း ရှိနိုင်ပေသေးရာ ယင်းတို့ကိုမူ ဤလက်ဘ၌ မဖော်ပြမရေးသားတော့ဘဲ 'ကုသိုလ်များသည် ရေးသားမကုန်မဆုံးတည်း'ဟူ၍ လက်ဘနိဂုံး၌အကျဉ်းချုပ်ကာ ဖော်ပြထား ပါသည်။

ဤလက်ဘ၌ပါသောပဌာန်းအကျိုး (၁၂)မျိုးထဲမှ ပထမဆုံး ဖြစ်သည့် သူခိုးရန်မှ ကင်းပစေသည့် အကျိုးတရားကို ရှေးခေတ်က ရွာသူကြီးဦးရွှေကြိုင်က ခံစားခဲ့ရပါသည်။

သူကြီးဦးရွှေကြိုင်၏ ကိုယ်တွေ့ဇာတ်လမ်း

ရှေးအင်္ဂလိပ်အစိုးရခေတ်တုန်းက မြန်မာနိုင်ငံ၌ ကျေးရွာသူကြီး၊ မြို့.သူကြီး၊ မြို့.အုပ်၊ နယ်ပိုင်၊ အရေးပိုင် စသည်ဖြင့် အဆင့်ဆင့်ထား၍ အုပ်ချုပ်ခဲ့ကြပါသည်။

ကျေးရွာသူကြီးနှင့်မြို့သူကြီးများမှာ လခရိက္ခာဟူ၍မရဘဲ မိမိတို့အုပ်ချုပ်ရသည့် မြို့ရွာနယ်ပယ်အတွင်းမှ နှစ်စဉ်လူခွန်တော် လယ်ခွန်တော်များကောက်ခံ၍ ဆိုင်ရာမြို့အုပ် နယ်ပိုင် အရေးပိုင်ရုံးများသို့ စာရင်းနှင့်ပေးသွင်းရပါသည်။ ယင်းပေးသွင်းသည့် အခွန်တော်ငွေထဲမှ ရာခိုင်နှုန်းဖြင့် သတ်မှတ်သည့်အတိုင်း သူကြီးမင်းများက ရရှိကြပါသည်။ ထို့ပြင် ရဲစခန်းနှင့် တရားရုံးများသို့ မပို့ရဘဲ သူကြီးမင်း အာဏာသက်ရောက်သည့် အမှုအခင်းများကို ဆုံးဖြတ်ရသောအခါတွင်လည်း အမှုသည်များထံမှ ကွမ်းဖိုးခေါ် ငွေများကို ကောက်ယူရရှိကြပါသည်။

ထိုခေတ်က စစ်ကိုင်းတိုင်း ရေဦးမြို့နယ်စွန်းရှိ ကုန်းတန်းရွာ၏ သူကြီးမင်း ဦးရွှေကြိုင်သည်လည်း လူခွန်တော် လယ်ခွန်တော် ငွေများကို ကောက်ခံပြီး နှစ်စဉ်ရေဦးမြို့သို့သွားပို့ရပါသည်။ ရေဦးမြို့နှင့် သူကြီးမင်း ဦးရွှေကြိုင်နေသည့်ရွာမှာ ခရီးတော်တော်ကလေးဝေးသောကြောင့် ထိုလည်းခေတ်လေခေတ်က နေ့ချင်းပေါက် မရောက်နိုင်ဘဲ နွားလည်းဖြင့် သွားလျှင် လမ်းခရီးတစ်ဝက်ရှိ ဖိန်းကားရွာ၌ဝင်ရောက်ပြီး တစ်ညအိပ်ရပါသည်။

သူကြီးမင်းဦးရွှေကြိုင်သည် ရွာမှ နံနက်စောစောထပြီး အခွန်တော် ငွေများကိုယူဆောင်၍ နွားလည်းဖြင့်ရေဦးမြို့သို့ ထွက်ခဲ့ပါသည်။ သက်စောင့်အဖြစ် မိမိ၏နာမည်ကောင်းဆုရခဲ့သည့် နှစ်လုံးပြူးသေနတ်ကိုလည်းဆောင်ယူခဲ့ပါသည်။ လူယုံတော်တစ်ယောက်ကိုလည်း နောက်လိုက်အဖြစ်ခေါ်ခဲ့ပါသည်။

တစ်နေ့လုံးမောင်းနှင်ခဲ့၍ ညနေနေဝင်ခါနီးသောအခါ ဖိန်းကားရွာဦးရှိဇရပ်၌ လည်းဖြုတ်၍ခေတ္တဝင်နားသည်။ ရွာမှပါဝင်သည့် ညနေစာထမင်းဟင်းများကိုထုတ်၍ သူကြီးမင်းနှင့်လည်းသမား၊ နောက်လိုက်တို့ စားကြသည်။ နွားများကိုလည်း လည်းပေါ်မှာ အခင်းပြုလုပ်ကာ

ယူဆောင်လာသည့် ကောက်ရိုးများကို ကျွေးသည်။ ဇရပ်အနီးရှိ ရေတွင်းငယ်မှရေများကို သောက်သုံးရေအဖြစ်အသင့်ရရှိသည်။

ကောက်ရိုးပေါ်ခင်းထားသော နီးချောဖျာကိုလည်း လှည်းပေါ်မှချ၍ ဇရပ်ပေါ်မှာတင်၍ခင်းသည်။ ပြီးမှ သူကြီးမင်းနှင့် အတူပါလာသူတို့သည် တစ်နေ့လုံး လှည်းစီး၍ ခရီးနှင်ခဲ့ရသည့်ပင်ပန်းခြင်းဒဏ်ကို ပြေပျောက်စေရန် ဇရပ်ပေါ်တွင် စကားတပြောပြောဖြင့် အနားယူနေကြသည်။

နံနက်မလင်းတလင်းတွင် အိပ်ရာမှထ၍ ကိုယ်လက်ရှင်းလင်းသုတ်သင်ပြီး ရေဦးမြို့သို့ရုံးချိန်အမီ လှည်းမောင်း၍ ခရီးပြင်းနှင်ခဲ့သည်။ ရုံးချိန်ကိုးနာရီကျော်ကျော်လောက်တွင် ရေဦးမြို့သို့ရောက်၍ အခွန်တော်ငွေများကို ဆိုင်ရာအရာရှိထံ စာရင်းနှင့်တကွ အပ်နှံသည်။ မိမိရထိုက်သမျှကိုလည်း ခံယူခဲ့သည်။ ရေဦးမြို့မှ လိုချင်ဖွယ်ရာများကို ဝယ်၍ ဖိန်းကားဇရပ်သို့ နေမဝင်မီအရောက်ပြန်ခဲ့ကြသည်။

ထူးဆန်းသော ကန်တော့ပွဲ

ဖိန်းကားဇရပ်ရောက်၍ လှည်းကိုရပ်နားပြီး ရေဦးမြို့မှဝယ်ယူလာခဲ့သည့် စားသောက်ဖွယ်ရာများကို သူကြီးမင်းဦးရွှေကြိုင် စားသုံးကာ အပန်းဖြေနေစဉ်မှာ အသက်လေးဆယ်ခန့် ခေါင်းတုံးပြောင်ပြောင်ဖြင့် အဝတ်အစားဟောင်းနွမ်းနွမ်းများကို ဝတ်ဆင်ထားသည့် လူတစ်ယောက်သည် အုန်းသီးငှက်ပျောသီးများပါသည့် ကန်တော့ပွဲဇလုံကို ထမ်း၍ ဇရပ်ပေါ်သို့ တက်လာသည်။

ထိုသူသည် သူကြီးမင်းဦးရွှေကြိုင်၏ရှေ့မှောက်၌ ကန်တော့ပွဲကို ချထားသည်။ ရိုသေစွာ ထိုင်သည်။ ပြီးတော့မှ 'ကျွန်တော်ကို ကန်တော့ခွင့်ပြုပါ သူကြီးမင်း'ဟု ခွင့်တောင်း၍ သူကြီးမင်းဦးရွှေကြိုင်ကို ဦးသုံးကြိမ်ချသည်။ သြကာသချီ ကန်တော့ချီးကိုဆိုရ်ပင် ကန်တော့သည်။

အကြောင်းအကျိုး မသိရသော သူကြီးမင်းခမျာ မိမိကိုကန်တော့ပွဲ တစ်ပွဲဖြင့် သြကာသကန်တော့ချိုးကို ရွတ်ဆိုပြီး အကျအနကန်တော့ နေသူပုဂ္ဂိုလ်အား ကန်တော့ပြီးသောအခါ 'ဣစ္ဆိတं ပတ္ထိတं'စသော ဆုပေးကိုဆို၍ ဆုပေးလိုက်သေးသည်။ ပြီးမှ အကျိုးအကြောင်း မေးမြန်းနှီးနှောတော့သည်။

'ကန်တော့တာတော့ ဟုတ်ပါပြီ၊ ဘယ်လို အကြောင်းလဲကွယ့်'

'သည်းခံပါခင်ဗျား၊ ကျွန်တော် သူကြီးမင်းကိုပြစ်မှားမိလို့ပါ'

'ဟယ် ပြောစမ်း၊ ဘယ်လို ပြစ်မှားတာလဲကွယ့်'

'ဒီလိုပါခင်ဗျာ...ကျွန်တော့်နှာမည်ကမောင်ဖိုးလုံပါ။ ဒီရွာကတိပါပဲ၊ ကျွန်တော်ကဆင်းရဲပါတယ်။ စားဖို့ဝတ်ဖို့က ကြပ်ပါတယ်။ ဒါကြောင့် ဒီလိုအချိန်မှာ သူကြီးမင်းဧရပ်မှာ လာတည်းခိုပြီး ရေဦးရုံး သွားကာ အခွန်တော်ငွေအပ်လေ့ရှိတာကိုသိနေတော့ ညတုန်းက ဒီဧရပ်ပေါ်ကို သူကြီးမင်း အိပ်ချိန်မှာ လာရောက်ပြီး အခွန်တော်ငွေအိတ် ခိုးယူခဲ့ပါတယ်'

'ခိုးတော့ မင်းဘာရသလဲ'

'ဘာမှ မရဘူးဗျ၊ ရဖို့ထားလို့ သူကြီးမင်းကိုတောင်ရှာလို့ မတွေ့ဘူး၊ အောက်မှာ လှည်းနဲ့နွားရှိနေလို့ ဒီဧရပ်ပေါ်မှာ သူကြီးမင်း ရှိရမယ်လို့ သေချာပေါက်တွက်ပြီးရှာတယ်။ ဘယ်လိုရှာလို့မှ သူကြီးမင်းကိုမတွေ့ရဘူး။ ဒါနဲ့လက်လျှော့ပြီး သူကြီးမင်းတခြားသွားအိပ်လိမ့်မယ်လို့ တွေးမိပြီး ခပ်လှမ်းလှမ်းကနေ သူကြီးမင်းကို စောင့်ကြည့်တယ်'

'ဟ....ငါ ဒီဧရပ်ပေါ်မှာပဲ အိပ်ပါတယ်ကွ'

'ဟုတ်ကဲ့၊ အိပ်ပါတယ်။ မိုးလင်းတော့ ကျွန်တော်ချောင်းကြည့်နေတုန်း သူကြီးမင်းဒီဧရပ်ပေါ်မှပဲဆင်းလာပြီး မျက်နှာသစ်တာကို တွေ့ပါတယ်'

'အင်း.... အင်း.... ဟုတ်ပြီ၊ အဲဒါ ဘာဖြစ်လဲကွယ်'

'ဟုတ်ကဲ့ သူကြီးမင်းလှည်းနဲ့ ရေဦးမြို့. သွားတော့ ကျွန်တော် တွေးမိတယ်။ တစ်ညလုံး အခွန်တော်ခိုးဖို့ရှာလို့မတွေ့.တာကတော့ သူကြီး မင်းမှာ အစွမ်းထက်မြက်တဲ့ တန်ခိုးတစ်ခုခုရှိလို့ဖြစ်မယ်။ တန်ခိုးရှိသူကို ပြစ်မှားရင် ဘေးဒဏ်ထိတတ်တယ်။ ငါတော့ သူတော်ကောင်းပုဂ္ဂိုလ် တစ်ဦးကို ပြစ်မှားမိတဲ့အတွက် တောင်းပန်ကန်တော့မှ ဖြစ်မယ်လို့. ဆုံးဖြတ်ပြီး အခုလိုလာကန်တော့တာပါပဲ သူကြီးမင်းခင်ဗျာ'

'အေး....အေး.... ငါ ကျေနပ်ပါတယ်ကွ၊ ခွင့်လွှတ်ပါတယ်။ ငါ့.တူကြီး ကျန်းမာချမ်းသာပါစေ၊ သူတော်ကောင်း ပီသပါတယ်ကွယ်'

သူတော်ကောင်းထံမှ နည်းကောင်းရ

'ပြီးတော့ ကျွန်တော်အသနားခံပါရစေ၊ သူကြီးမင်းရဲ့ အစွမ်းထက် မြက်တဲ့ နည်းကောင်းမျာ:ရှိရင် ကျွန်တော့်ကိုမ,စပါ'

'အေး.... အေး.... ရပါတယ်။ ငါ့.တူကြီးက စိတ်ကောင်းရှိပုံပါပဲ။ ချီးမြှင့်ရမှာပေါ့။ သရဏာဂုံနဲ့.ငါးပါးသီလ မြဲရမယ်ကွယ်။ ပြီးတော့ အိပ်ခါနီးတိုင်း 'ဟေတုပစ္စယော'စတဲ့ (၂၄)ပစ္စည်းကို သုံးခေါက် လက်အုပ် ချီပြီးရွတ်၊ ရွတ်ပြီးမှအိပ်ရမယ်။ ဒီ(၂၄)ပစ္စည်း ပဋ္ဌာန်းတရားတော်ဟာ အိပ်ပြီးရွတ်တော့ ကိုယ့်တစ်ကိုယ်လုံတယ်၊ ထိုင်ပြီး ရွတ်တော့ တစ်အိမ် လုံတယ်၊ ရပ်ပြီးရွတ်တော့ တစ်ရွာလုံးလုံတယ်လို့. အဋ္ဌန်းရှိတယ်ကွ။ မှတ်ထား:နော်၊ ဒါဟာ ငါ့.ရဲ့.အား:ကိုး:ပဲကွ'

'မှန်ပါ ကျေး:ဇူး:တင်ပါတယ်သူကြီးမင်း:၊ ကျွန်တော့်ကို အဲဒီ(၂၄) ပစ္စည်း:ကလေး: ကျက်ထား:ရအောင် ရေး:ပေး:ပါခင်ဗျာ' ဟူ၍ရှိခိုး:တောင်း:ပန် သောကြောင့် သူကြီးမင်းသည် ထိုသူအား 'ဟေတုပစ္စယော၊အာရမ္မဏပစ္စ ယော'စသည်ဖြင့် (၂၄)ပစ္စည်းပဋ္ဌာန်: ဥဒ္ဒေသပါဠိကို စာဖြင့်ရေး:၍ပေး:သည်။ နောင်အခါတွင်လည်: ဆက်လက်၍ ဖိန်:ကား:ရှာသား: မောင်ဖိုး:လုံနှင့်

သူကြီးဦး ရွှေကြိုင်တို့မှာ ရင်းနှီး ခင်မင်သော ရာသက်ပန်မိတ်ဆွေကြီးများ ဖြစ်သွားကြောင်း သိရပေသည်။

ဤသည်မှာ ပဌာန်းတန်ခိုးကြောင့် သူခိုးရန်မှကင်းပြခြင်း အကျိုးခံစားရပုံဖြစ်ပါသည်။

စာရှုသူများလည်း ပဌာန်းတရားရှတ်ပွားမှု ကောင်းကျိုးတရားခံစားနိုင်ကြပါစေ။

အခန်း (၄)

ဓားပြရန်ပြေပျောက်စေသည့် ပဌာန်းတန်ခိုး

အကြီးကျယ်ဆုံးဓားပြတိုက်ပွဲ

ပဌာန်းတန်ခိုး၊
မြတ်ကောင်းကျိုးကား၊
သူခိုးရန်ပ၊
ဓားပြရန်ပြေ၊

–ဟူသော ပဌာန်းအကျိုးပြုလက်ာ၏ အစဉ်အတိုင်းပင် ပဌာန်းတရားတော်သည် သူခိုးရန်မှကင်းပသည့်အကြောင်းကို တင်ပြပြီး နောက်ဓားပြရန်မှ ပြေပျောက်ကင်းပပုံကို ဆက်လက်တင်ပြရပါဦးမည်။ ထိုသို့တင်ပြရာတွင် ဦးထင်ဘွား(ဘီ၊အေ)၏အကြောင်းကို ကိုယ်တွေ့ဖြစ်ရပ်သာဓကဝတ္ထုအဖြစ် အောက်ဖော်ပြပါအတိုင်း ဆရာကြီး ဦးစာကျော်ကကျွန်တော့်အားပြောပြပါသည်။

မီးပုံကြီးငြိမ်းသွားပြီဖြစ်သော်လည်း မီး၏အပူရှိန်သည် ပတ်ဝန်းကျင်၌ကျန်ရှိနေတတ်သည်မှာ သဘောဓမ္မတာပင်ဖြစ်ပေသည်။ ဤဥပမာအတူပင်လျှင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားပြီဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်ကြီး၏အပူရှိန်မှာ ကမ္ဘာပေါ်၌ ထင်ဟပ် ကျန်ရှိနေပါသေးသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှ လူသားတို့၏သန္တာန်၌ရှိခဲ့သည့် လောဘ, ဒေါသ,မောဟမီးကြီးများ ကင်းပျောက်သွားပြီဟု ဆိုရသော်လည်း အလျင်းပျောက်သွားသည် မဟုတ်ဘဲ အဌေ့အသက်အရှိန်မှာ ဟိုနေရာနည်းနည်းသည်နေရာနည်းနည်းအားဖြင့် တစ်ချက်တစ်ချက် တောက်လာတတ်ပါသေးသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အသုံးပြုခဲ့သောလူသတ် လက်နက်များလည်း ကြွင်းကျန်နေပါသေးသည်။ယင်းလက်နက်များကို အသုံးပြု၍ လူဆိုးလူမိုက်များသည် လူကောင်းသူကောင်းများ၏ ပစ္စည်းဥစ္စာများကို လုယက်တိုက်ခိုက်ယူငင်တတ်ကြပါသေးသည်။

မြန်မာပြည် လွတ်လပ်ရေးရပြီးခါစ မြန်မာသက္ကရာဇ် ၁၃၁၂-ခန့်က ကမာရွတ်မြို့နယ်တစ်ခုလုံး၌ အိမ်ပေါက်စေ့လိုလိုပင် ဓားပြတိုက်ခြင်းကိုခံခဲ့ကြရသည်။ ယင်းသို့ ပစ္စည်းများကို အေးဆေးစွာ လုနိုင်ရန်အတွက် အချက်အခြာကျသော လမ်းများ လမ်းဆုံများမှာ ဓားပြများက ကင်းများချ၍ အစောင့်ထားကြပါသည်။ ထိုစဉ်က ကမာရွတ်ရပ်ကွက်၌ ဓားပြတိုက်ခြင်းမှာ အကြီးကျယ်ဆုံးဓားပြတိုက်ပွဲဟူ၍ ဆရာကြီး ဦးစာကျော်က သတ်မှတ်ထားပါသည်။

ဓားပြများကွင်းရောင်ရသည့် အိမ်ကြီး

ကမာရွတ် ရပ်ကွက်၊ သုခလမ်း၌ သူခိုးများဓားပြများမျက်စိကျ၍ မက်မောလောက်အောင် ကြီးကျယ်ခမ်းနားသော အိမ်ကြီးတစ်ဆောင် တည်ရှိလေသည်။ ထိုအိမ်ကြီးမှာ ဝင်းခြံအပြည့်ကာထားလျက် ခြံတံခါးကိုလည်း အစဉ်အမြဲပိတ်၍ ထားပါသည်။

ထိုအိမ်ကြီးရှေ့ဆင်ဝင်အောက်၌ ပွန်းဒစ်ကားကြီးတစ်စီးနှင့် ဂျစ်ကားတစ်စီးရပ်ထားသည်ကို အထင်းသားတွေ့ရသည်။ အခြားကားငယ်တစ်စီးလည်း ဂိုဒေါင်ထဲမှာရှိနေသည်ကို ဝင်းခြံပြင်ဘက်မှ လှမ်းမြင်နိုင်သည်။ အခြားသားသားနားနားသပ်သပ်ရပ်ရပ်ရှိလှသည့် အသုံးအဆောင်အထားအသိုများကလည်း ဓားပြများ သွားရည်ကျဖွယ်ရာ ကောင်းလှပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်၊ သုခလမ်းနေ
ဘားမီ(စ်)ရေ့ခ်စီကုမ္ပဏီ၏ ဒါရိုက်တာ
ဦးထင်ဘွား၊ ဘီ-အေ (၁၉၁၉)။

ယင်းအိမ်၌ နေထိုင်သူမှာ ထိုခေတ်က ရန်ကုန်မြို့၌ လူသိများသော ဘားမီ(စ်)အေရ့ခ်စီကုမ္ပဏီကြီး၏ ဒါရိုက်တာလူကြီးတစ်ဦး ဖြစ်သူ ဦးထင်ဘွား(ဘီ၊အေ) ဖြစ်သည်။ ဦးထင်ဘွားသည် မိရိုးဖလာ အစဉ်အဆက် ဗုဒ္ဓဘာသာစစ်စစ်မှ ဆင်းသက်လာသူ ဖြစ်သည်။ ပဌာန်းတရားတော်ကို

အလေ့အလာ အရွတ်အဖတ်များသည်။ ပဌာန်း ဥဒ္ဒေသ နိဒ္ဒေသပါဠိတော်နှင့် နိသယစာအုပ်ငယ်များကို ဓမ္မဒါနအဖြစ် ရိုက်နှိပ်လှူဒါန်းလေ့ရှိသည်။ တစ်ခါတစ်ရံ၌ ပဌာန်းဥဒ္ဒေသနှင့် နိဒ္ဒေသပါဠိများကိုတွဲကာ စာရွက်ကြီးကြီးတွင် အပြည့်အစုံရိုက်နှိပ်၍လည်း ဓမ္မဒါနပြုကာ ဝေဌကြောင်း သိရှိရသည်။

ပဌာန်းဒကာကြီးဦးထင်ဘွားသည် ယခုကဲ့သို့သော ဓားပြရန် နှင့်တွေ့ကြုံရသောအခါ၌ မိမိအားကိုးရာဖြစ်သော ပဌာန်း ဥဒ္ဒေသ ပါဠိတော်ကို မိသားစုနှင့်အတူ ထပ်တလဲလဲ အားကြိုးမာန်တက် ရွတ်ဆို နေကြသည်။ ဓားပြများသည် လူစုခွဲ၍ သုခလမ်းရှိ အိမ်များကို ကိုယ်တိုင်ဖွင့်ပြီး ဝင်ရောက်ကြကာ ပစ္စည်းဥစ္စာ ရွှေငွေများ စိတ်ကြိုက်တောင်းယူကြသည်။ မကြာမီပင် ဓားပြသုံးယောက်တို့သည် ဦးထင်ဘွား၏ အိမ်ရှေ့သို့ ရောက်လာကြသည်။ တစ်ယောက်က ပိတ်ထားသောအိမ်ခြံတံခါးမကြီးကို သွားဖွင့်သည်။ အခြားတစ်ယောက်က အိမ်အတွင်းသို့ ချောင်းကြည့်သည်။ ထိုစဉ်တွင် အကြီးအကဲနှင့်တူသော အခြားလူ တစ်ယောက်ရောက်ရှိလာပြီး သူ၏တပည့်နောက်လိုက်ဓားပြများကို 'ဟေ့ ဒီအိမ်ကိုထားခဲ့၊ မဝင်ကြနဲ့တော့' ဟူ၍ အမိန့်ပေးပြောဆိုကာ အခြားအိမ်ဘက်သို့ ကူးသွားလေသည်။ ဓားပြခေါင်းဆောင် ပြောသည့်အတိုင်း ဦးထင်ဘွားအိမ်သို့ ဝင်ရန်ပြင်ဆင်နေကြသောဓားပြများသည် ဘာပစ္စည်းမှ တောင်းခံ ယူငင်ခြင်းမရှိဘဲ ထွက်သွားခဲ့ကြသည်။

ဦးထင်ဘွားတို့မိသားစုမှာ ဓားပြများ လုပ်ကိုင်ပုံပြောဆိုသံများကို မြင်ရကြားရသောကြောင့် ဝမ်းသာအားရစွာဖြင့် ဓားပြအားလုံး ဆုတ်ခွာသွားသည့်တိုင်အောင် ပဌာန်းဥဒ္ဒေသ ပါဠိတော်ကိုသာ သဲသဲမဲမဲဖြင့် ရွတ်ဆိုနေကြလေသည်။

ဤသည်မှာ ပဌာန်းတန်ခိုးကြောင့် ဓားပြဘေးရန်မှ ပြေပျောက်ခြင်းအကျိုးခံစားရပုံဖြစ်ပါသည်။

စာရှုသူများ ပဌာန်းတရားရွတ်ပွားမှ ကောင်းကျိုးတရားခံစားနိုင်ကြပါစေ။

အခန်း (၅)

တစ္ဆေရန်လွဲစေသည့် ပဌာန်းတန်ခိုး

တစ္ဆေရှိလား၊ မရှိဘူးလား

'ဆရာရဲ့ လက်ာ်မှာက 'တစ္ဆေရန်လွဲလို့ 'ဆိုတော့ တစ္ဆေဆိုတာ ရှိလို့လားဆရာ'

'မယုံကြည်တဲ့လူတွေကတော့ မရှိဘူးလို့ပြောကြတာပဲ ကိုတက်အင်းရဲ့။ ဒါပေမယ့် ဗုဒ္ဓစာပေတွေမှာတော့ တစ္ဆေရှိကြောင်းကို ဖတ်ရပါတယ်။ ကိုလိုနီခေတ်တုန်းက မြန်မာပြည်မှာထင်ရှားကျော်စောတဲ့ မန်လည်ဆရာတော်ဘုရားကြီးက ကဗျာရေးပြီး မင်းကွန်းတောင်ရိုး ဥဒုမ္ဗရချောင်မှာသီတင်းသုံးနေတဲ့ မင်းကွန်းဆရာတော်ဦးပဏ္ဍိတသကို ဒီလိုမေးတော်မူပါတယ်။

အမေးကဗျာ ဒွေးချိုး

ပြောကြချင်၊ လောကတွင် တစ္ဆေရှိသတဲ့၊ ဆွေသိင့်လား။
သိပါချင်၊ ရှိပါလျှင် တစ္ဆေဆိုတဲ့၊ သည်ပုဂ္ဂိုလ် ကောင်သရုပ်ကို
ကျမ်းအုပ်လို့ကြား။ *

လို့မေးတော့ မင်းကွန်းအလယ်တောရဆရာတော် ဦးပဏ္ဍိတသကလဲ ကဗျာရေးပြီးတော့ အောက်ပါအတိုင်း ဖြေတော်မူပါတယ်။

---

* မန်လည်ဆရာတော်ကြီး၏ သတပဒီကပုစ္ဆာ ဝိသဒ္ဓနာကျမ်းလာ ဆသင်္ခိမပုစ္ဆာ၊ မေးခွန်းအမှတ် (၆၆) ဖြစ်ပါသည်။

အဖြေကဗျာ ဒွေးချိုး

ပြောကြချင်၊ လောကတွင် တစ္ဆေရှိသည်ဟု၊ နံ့သိကျော်ကြား။ မျိုးထူးထွေ၊ သည်တစ္ဆေ ရှိသည်ဟုတ်ပါဘူး၊ မြေဘုတ်ကို တစ္ဆေ ပြောကြတယ်၊ လောကလူများ။

'လောကမှာ တစ္ဆေရှိတယ်လို့ဆိုတာ ထင်ရှားပါတယ်။ တစ္ဆေလို့ ထူးထူးထွေထွေတစ်မျိုး ရှိတာတော့မဟုတ်ပါဘူး၊ မြေဘုတ်ပြိတ္တာကို တစ္ဆေလို့ ခေါ်တာပါပဲ' ပြီးတော့ 'တဒ္ဓေတိ=ခြောက်လှန့်တတ်၏' ဟူသော ပါဠိကိုစွဲ၍'တဒ္ဓေ'မှတစ္ဆေလို့ မြန်မာစကား ဖြစ်လာတယ်'လို့ မင်းကွန်းဆရာတော်က ပြောဆိုရင်းပြထားတယ် ကိုတက်အင်း ရဲ့။ သတပဒိကပုစ္ဆာဝိသဇ္ဇနာကျမ်းအပြင်၊ မြန်မာပညာရှိ လှေသင်း အတွင်းဝန် ဦးချိန်ရေးတဲ့ တဒ္ဓေတ္ထဒီပနီကျမ်းနဲ့ ပြည်မြို့ပဋ္ဌာန ဦးခရေးတဲ့ တစ္ဆေပုံ ညွှန့်ပေါင်းကျမ်း[1] တို့မှာလဲ တစ္ဆေအကြောင်းတွေ အများကြီး ပါတယ်လေ'

'မှန်ပါတယ် ဆရာ၊ ကျွန်တော်တို့ ဗုဒ္ဓစာပေထဲမှာကော ပါ,ပါသလား သိပါရစေ'

အထက်တွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်က ကျွန်တော်၏မိတ်ဆွေ သာသနာ့အလင်းရောင်မဂ္ဂဇင်း၏ရာသက်ပန် အယ်ဒီတာချုပ် ဆရာကြီးဦးစာကျော်အား ဆွေးနွေးမေးမြန်းသောအခါ ဆရာကြီး ဦးစာကျော်က အထက်ဖော်ပြပါ မန်လည်ဆရာတော်ကြီး၏ 'လောကမှာ တစ္ဆေဆိုတာ ရှိပါသလား၊ ရှိလျှင် ကျမ်းဂန်နှင့်တကွ ညွှန်ပြပါ'ဟူသော

---

[1] တဒ္ဓေတ္ထဒီပနီကျမ်းကို မင်းကြီးမဟာဓေယျသခံယာ လှေသင်းအတွင်းဝန်မင်း ဦးချိန်က ပြုစု၍ မန္တလေးမြို့. မြန်မာ့တာရာပုံနှိပ်တိုက်၌ ၁၉၀၆-ခုနှစ်တွင် ပုံနှိပ်ခဲ့ပါသည်။ တစ္ဆေညွှန့်ပေါင်းကျမ်းကို ပြည်မြို့.နေ ဦးခက ၁၉၃၄-ခုနှစ် တွင် ပြုစုရေးသားခဲ့ပြီး ပြည်မြို့. ပဋ္ဌာန ပုံနှိပ်တိုက်၌ ၁၉၃၄-ခုနှစ်တွင် ပုံနှိပ်ခဲ့ပါသည်။

အမေးကို ဒီဃနိကာယ်၊ ပါထိကဝဂ္ဂအဋ္ဌကထာ၊ စာမျက်နှာ (၁၇၈)တွင် တစ္ဆေအကြောင်း ပါရှိပုံကို ဗုဒ္ဓစာပေ၌ပါရှိသည့် အရှိအတိုင်း ဖြေဆိုလေရာ၊ ဆရာကြီးဦးစာကျော် ပြောကြားဖြေဆိုသော ထိုအဋ္ဌကထာလာအချက်ကို စာရှုသူတို့အား တင်ပြပါမည်။

နှစ်ဆယ်ားသည့် ခွေးတစ္ဆေများ

ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင်လက်ထက်အခါက သောတာပန် ဥပါသကာတစ်ယောက်၏ မယားသည် အခြားယောကျ်ားနှင့် လွန်ကျူး ဖောက်ပြားသည်။ သောတာပန်လင်ယောကျ်ား သိ၍ ဤသို့ မပြုလုပ်ရန် ဆုံးမသောအခါ 'မဟုတ်ရပါဘူးတော်၊ လွန်ကျူးမိလို့ရှိလျှင် ခွေးစားခံပြီး သေရပါစေ'ဟု၍ ကျိန်ဆိုသည်။ ယင်းမကောင်းမှုကြောင့် ထိုမိန်းမ သေပြီးနောက်ဟိမဝန္တာတောအတွင်း ကဏ္ဍာမုဏ္ဍာအိုင်အနီးမှာ ခွေးနက်ကြီး တစ်ကောင်၏ ကိုက်ခဲစားသောက်ခြင်းကို ခံစားရရှာလေသည်။

ဗာရာဏသီပြည်၏ရှင်ဘုရင်သည် တောကစားထွက်သောအခါ ခွေးစားခံ ပြိတ္တာရှိရာသို့ ရောက်သွားသည်။ အချင်းချင်းတွေ့မြင် သောအခါ ချစ်ကြိုက်သောကြောင့် ယင်းတောအတွင်းရှိပြိတ္တာမ၏ ဗိမာန်၌ ပျော်ပါး နေထိုင်ကြသည်။ ပြိတ္တာမကမူ သူ၏ညအခါ၌ ခွေးစားခံနေရသည့် အဖြစ်ကို ရှင်ဘုရင်မသိစေရန် ဖုံးဖိထားသည်။

ရှင်ဘုရင်သည် ညဘက်ရောက်တိုင်း ပြိတ္တာမပျောက်သွား တတ်သော ကြောင့် နောက်ယောင်ခံ၍လိုက်ချောင်းကြည့်သောအခါ သူ၏ချစ်သူအား ခွေးနက်ကြီးလာ၍ကိုက်စားသည်ကို တွေ့ရသောကြောင့် 'မယားထိ အားကြည့်'ဟူသော စကားအတိုင်း ဒေါသဖြစ်ကာ ပါလာသည့် သန်လျက် အားဖြင့် ခွေးနက်ကြီးကို တစ်အားခုတ်ပိုင်းချလိုက်လေသည်။ဓားချက်ဖြင့် နှစ်ပိုင်းပြတ်သွားသော ခွေးနက်ကြီးသည် ဗြုန်းခနဲပင် ခွေးနက်ကြီးနှစ်ကောင် ဖြစ်သွားသည်။ ရှင်ဘုရင်သည် ခဏမျှ တုန်လှုပ်အံ့ဩသွားပြီး ချက်ခြင်း

သတိထား၍ ခွေးနက်ကြီးနှစ်ကောင်ကို ဓားဖြင့်ခုတ်လိုက်ပြန်ရာ ခွေးနက်လေးကောင် ဖြစ်လာပြန်သည်။လျင်မြန်စွာ လေးကောင်ကို ခုတ်ပိုင်းရာ ရှစ်ကောင်ဖြစ်ပြန်သည်။ ရှစ်ကောင်ကို ခုတ်ပိုင်းပြန်တော့ တစ်ဆယ့်ခြောက်ကောင်ဖြစ်လာပြန်သည်။

ဤသို့လျင်ခွေးများမှာ ဓားဖြင့်ခုတ်ပိုင်းတိုင်း နှစ်ဆတိုးလာသောကြောင့် ရှင်ဘုရင်အံ့အားသင့်ကာ တွေဝေသွားစဉ် ပြိတ္တာမက အော်၍ 'ရှင် ဘာလုပ်နေတာလဲ၊ ဓားနဲ့မခုတ်ဘဲ တံတွေးနဲ့ထွေးပြီး ခြေနဲ့ပွတ်'ဟု ပြောသည်။ ပြောသည့်အတိုင်း ရှင်ဘုရင်က လုပ်သောအခါကျမှသာ ခွေးများပျောက်သွားလေသည်။ ဤအကြောင်းအရာကို ထောက်ထား၍ ယခုအခါ မြန်မာတို့၏ ဓလေ့ထုံးစံဖြစ်သည့် လန့်ဖျပ်သောအခါ ချော်လဲသောအခါ 'ဖတ်ဖတ်'ဟု တံတွေးဖြင့်ထွေး၍ မြေကြီးကို ဆောင့်နင်းသည့် ဓလေ့တစ်ခုဖြစ်လာသည်ဟူ၍ ယူဆရပေသည်။

ဤသို့ဗုဒ္ဓစာပေရှိ တစ္ဆေအကြောင်းကို ဆရာကြီးဦးစာကျော်က ပြောပြပြီးလျှင် အောက်တွင်ဆက်လက်၍ တစ္ဆေရန်က ဖယ်နိုင်သည့် ပဌာန်းတန်ခိုးအကြောင်းကို ပြောပြပြန်ပါသည်။

ပဌာန်းတန်ခိုးကြောင့် တစ္ဆေပြေးရပုံ

ရေဦးမြို့အနီး မြင်းပေါက်ရွာကြီးကျောင်းသို့ ဦးပဉ္စင်းကလေး အရှင်သာဂရ ပြန်ကြွလာခဲ့ရသည်။ မြို့ကြီးရှိစာသင်တိုက်၌ စာပေသင်ယူပို့ချမှုကိစ္စ အရေးကြီးရှိပါလျက် ရွာကျောင်းသို့ ပြန်ကြွလာခဲ့ရခြင်းမှာ ငယ်ဆရာရင်းဘုန်းတော်ကြီး ခရီးသွားရန်ရှိ၍ ကျောင်းစောင့်ရန်မှာသောကြောင့် ဖြစ်ပါသည်။မြို့ကြီးရှိ စာသင်တိုက်ကြီးမှာ နေထိုင်သီတင်းသုံးနေကျ ဦးပဉ္စင်းကလေးသည် တစ်ခါတစ်ရံ မိမိရပ်ဌာန်မှာပင် ပျင်းသလိုလို ရှိလာသည်။ ပျင်းသည်မှစ၍ ညဘက်ကိုးနာရီခန့်တွင်

ဝမ်းထဲမှာဟာသလိုလို ဆာသလိုလို ဖြစ်လာသည်။ထို့ကြောင့် ကိုရင်နှင့် ကျောင်းသားကို ရွာထဲသို့ လွှတ်၍ ထန်းလျက် အယူခိုင်းလိုက်သည်။

ရွာနှင့်ကျောင်းမှာ တော်တော်ကလေး လှမ်းသည်။ သစ်ပင်ကြီး များလည်း ကျောင်းတွင်းမှစ၍ ရွာအထိ အုပ်ဆိုင်းနေသည်။ ထို့ကြောင့် ဦးပဋ္ဌင်းကလေးအရှင်သာဂရသည် စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေသည်။ မကြာမီကိုရင်နှင့်ကျောင်းသားတို့သည် ခွေးဟောင်သံခွေးအူသံ တစ်ညံညံဖြင့် ပြန်ရောက်လာကြသည်။ ပြန်ရောက်လာသောအခါမှ ရွာထဲမှ ဟောင်လိုက်လာသော ခွေးများနှင့်ရောရ၍ ကျောင်းရှိခွေး များပါ ဟောင်ကြအူကြလေ သောကြောင့် ပိုရှုပ်ထွေးနေလေသည်။

ယင်းသို့ ဆူညံသံကြောင့် ကိုရင်နှင့် ကျောင်းသားကလေး များသည် ဦးပဋ္ဌင်း၏အနီးသို့ အားငယ်စွာဖြင့်တိုးကပ်လာကြသည်။ သူတို့ကိုယ်များ မှာလည်း ဆတ်ဆတ်ခါ တုန်လှုပ်နေကြသည်။ 'ဟိုမှာ ဟိုမှာ' ဟူ၍ ကျောင်းသားကလေး ကျယ်လောင်စွာ အော်၍ လက်ညှိုးထိုး ညွှန်ပြရာသို့ ဦးပဋ္ဌင်းကလေး ကြည့်လိုက်သောအခါ ကြောက်မက်ဖွယ်အကောင်မဲကြီး တစ်ကောင်သည် ကျောင်းခါးပန်းပေါ်သို့ ခေါင်းကျော်ခါ ကြည့်နေသည်ကို တွေ့ရသည်။

ယင်းအကောင်ကြီး၏ဦးခေါင်းမှာ သောက်ရေအိုးကြီးလောက် ရှိသည်။ ဦးခေါင်းနှင့်မလိုက်အောင် ကြီးမားကားပြန့်သည့် နှားရွက်ကြီး နှစ်ဖက်မှာ နွားများဆင်များကဲ့သို့ တဖြတ်ဖြတ် ခတ်နေသည်။ ဦးခေါင်း ပေါ်မှ ဖရိုဖရဲကျနေသောဆံပင်များမှာ နဖူးပြင်နှင့် နှားရွက်ကြီးများကို တစ်ပိုင်းတစ်စ ဖုံးအုပ်နေသည်။ နှားရွက်ကြီးများခတ်တိုင်း ဘေးပျံ့လွင့် သွားလိုက် ပြန်စုလိုက်ဖြစ်နေသည်။

အထူးသဖြင့် ဆိုင်းသမားများတီးသည့် သံလွင်ခေါ်လင်ကွင်း ငယ်ခန့်ရှိသည့် မျက်လုံးအစုံမှာ နီရဲတောက်ပနေသည်။ ပုတိုမို့မောက် နေသော နှာယောင်ကောက်ကြီ မှာ မျက်လုံ အရောင်ကြောင့် အထင်း သားပေါ်ကာ သွား နှင့်အစွယ်ကျဉ်ကြီ များ ပေါ်အောင် ပြုနေ သည့် ပါ စပ်ထဲမှ

လျှာရဲရဲကြီးကလည်း တစ်ချက်တစ်ချက်ထောင်၍ ထွက်ထွက်လာသည်မှာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ဦးပဌေးကလေးသည် မြင်ရခါစခဏသော် ကြောက်ရွံ့သကဲ့လွတ်သွားသော်လည်း ချက်ချင်းသတိပြန်ဝင်လာသည်။ ထ၍ ခေါင်းရင်းမှာ ချိတ်ဆွဲထားသော ဂုဏ်တော်ပုတီးကြီးကို ဖြုတ်ယူကာ တတ်သမျှမှတ်သမျှ အော်ဟစ်ရွတ်ဆိုသည်။ နောက်ဆုံးတွင် 'ဟေတုပစ္စယော'စသော ပဋ္ဌာန်းဥဒ္ဒေသပါဠိတော်ကို အော်ဟစ်ရွတ် ဆိုသည်။ထိုသို့ပဋ္ဌာန်း (၂၄)ပစ္စည်းတစ်ခေါက်ဆုံးပြီးနောက် ထပ်၍တစ်ခေါက် စပြီးရွတ်နေစဉ်မှာပင် ကျောင်းပေါ်အတိ တက်ရန်ပြင်ဆင်နေသည့် တစ္ဆေကြီးသည် ကျောင်းခါးပန်းပေါ်မှ အောက်သို့ခုန်ချကာ ထွက်ပြေးလေတော့သည်။

ဤသို့လျှင် ပဋ္ဌာန်းတန်ခိုးကြောင့် တစ္ဆေကြီးပြေးရပုံကို မန္တလေးမြို့တိုင်းရင်းဆေးသိပ္ပံ ကျောင်းအုပ်ဆရာကြီးဦးဟန်ထွန်းက ကိုယ်တွေ့ကြုံရပုံပြောပြကြောင်း ဆရာကြီးဦးစာကျော်မှတစ်ဆင့် ကျွန်တော်မှတ်သားရပါသည်။

ဤသည်ကား ပဋ္ဌာန်းအကျိုးပြလက်ဆောင်တွင် တတိယမြောက်အကျိုးဖြစ်သည့် တစ္ဆေရန်လွဲဖယ်သည့် အကျိုးတရား၏ သာဓကဝတ္ထုဖြစ်ပါသည်။

စာရှုသူများ ပဋ္ဌာန်းတရားရွတ်ပွား၍ ကောင်းကျိုးတရား ခံစားနိုင်ကြပါစေ။

အခန်း (၆)

သရဲရန်ပယ်ဖြတ်သည့် ပဌာန်းတန်ခိုး

တစ္ဆေနှင့်သရဲ ထူးခြားပုံ

'တစ္ဆေနဲ့သရဲ ဘယ်လိုထူးသလဲဆရာ'

'ဘယ်လိုများမေးလိုက်တာလဲ ကိုတက်အင်းရဲ့၊ သူတို့နာမည်ကိုက ထူးနေကြတာပဲ၊ တစ္ဆေက ခြောက်ဟတ်လုန့်တက်တဲ့ အကောင်၊ သရဲဆိုတာက သတ်ရဲဖြတ်ရဲ သတ်တတ်ဖြတ်တတ်တဲ့ အကောင်မျိုးပေါ့ဗျ'

'ပဌာန်.တန်ခိုး.၊ မြတ်ကောင်းကျိုးကား' အစချီသော ပဌာန်းအကျိုးပြလက်ဟလာ စတုတ္ထအကျိုးပြဖြစ်သည့် သရဲရန်ဖြတ်နိုင်ပုံအကြောင်းကို ရောက်၍ ကျွန်တော်က မရှင်းလင်းသောကြောင့် မေးသောအခါ ကျွန်တော်၏ မိတ်ဆွေ ဆရာကြီးဦးစာကျော်၏ ပြန်ဖြေပုံများ ဖြစ်ပါသည်။

'ကိုတက်အင်း ကြည့်လေ၊ တစ္ဆေဆိုတဲ့အကောင်က ပေတခေါ်တဲ့ ပြိတ္တာမျိုးသက်သက်ပဲ၊ တန်ခိုးသိပ်မကြီးဘူး။ ခြောက်ရုံလှန့်ရုံလောက်ပဲ တတ်တယ်။ သရဲကတော့ တစ္ဆေထက် တန်ခိုးကြီးတယ်။ ယက္ခခေါ်တဲ့ ဘီလူးမျိုးဗျာ၊ ခြောက်ရုံလှန့်ရုံမကဘူး သေသွားအောင် ရှုးသွပ်သွားအောင်လဲ လုပ်နိုင်တယ်။ ဒါကြောင့် သူ့ကို သတ်ရဲလို့ခေါ်ရာမှ သရဲခေါ်ကြောင်း မြန်မာဝေါဟာရပညာရှင်တွေက ယူဆကြတယ်လေ'

'ဟုတ်ကဲ့ဆရာ၊ အဲဒီသရဲအကြောင်းကိုများ ဗုဒ္ဓစာပေထဲမှာ ပါရင် ဥပြာပြပါဆရာ'

ကျွန်တော်က ဤသို့ တောင်းပန်သောကြောင့် ဆရာကြီး ဦးစာကျော်က အောက်တွင် ဆက်လက်၍ မြတ်စွာဘုရားကို တိုက်ခိုက်သော သရဲကြီးအကြောင်းအရာများကို ရှင်းလင်းပြောပြပါသည်။

ဂယာအနီးမှ သရဲကြီးများ

မြတ်ဗုဒ္ဓရှင်တော်ဘုရား ထင်ရှားရှိစဉ်အခါက ဂယာရွာ တံခါးဝ ရှိ အမှိုက်ပုံကြီး၌ ကုတင်ရှည်ကြီးတစ်ခုရှိသည်။ ယင်းကုတင်ပေါ်၌ သူစိလောမသရဲကြီးနေသည်။ သူ၏အဖော်မှာ ခရလောမအမည် ရှိသည်။

သူစိလောမသရဲ၏ကိုယ်၌ အဝတ်ချုပ်သည့် အပ်များကဲ့သို့သော အမွေးများပေါက်နေသည်။ ထို့ကြောင့် သူ့ကို 'သူစိလောမ'ဟု ခေါ်သည်။ သူစိ=အပ်+လောမ=အမွေး။ အပ်မွေးဟု အဓိပ္ပာယ် ရှိသည်။

ခရလောမ သရဲ၏ကိုယ်၌ မိကျောင်း၏ကျောဆူးတောင် သားရေကဲ့သို့သော အမွေးများရှိသည်။ ထို့ကြောင့် 'ခရလောမ' အမည်ရသည်။ ခရ=ကြမ်းသော+လောမ=အမွေးကို မွေးကြမ်းဟု အဓိပ္ပာယ်ရှိသည်။

သူစိလောမနှင့်ခရလောမသရဲကြီးနှစ်ကောင်တို့ အစားအစာများကို ရှာဖွေရန် သွားနေကြစဉ် မြတ်စွာဘုရားသည် သူစိလောမ၏ နေရာ ကုတင်ရှည်ပေါ်သို့ ကြွတော်မူသည်။ ထိုသူရဲကြီးနှစ်ကောင် အစာရှာရာက ပြန်လာကြ၏။

ထိုအခါ ခရလောမက 'ဟေ့...ဟိုမှာ သမဏရဟန်း'ဟု ပြောလိုက်သည်။ သူစိလောမက 'ဟ... ဒါ သမဏရဟန်း မဟုတ်ဘူး ကြည့်ကွ'ဟု ပြန်ပြောကာ သူ၏ကိုယ်နှင့် ဘုရားရှင်ကို တိုးဝှေ့လိုက်သည်။ မြတ်စွာဘုရားက နောက်ဆုတ်လိုက်သည်။

'ရဟန်း၊ ကြောက်သလား'ဟု သူစိလောမက မေးသည်။ မြတ်စွာ

ဘုရားရှင်က 'ကြောက်လို့ နောက်ဆုတ်တာ မဟုတ်ဘူး၊ သင်၏ကိုယ်က ကြမ်းလို့ဆုတ်တာ'ဟူ၍ ဖြေတော်မူသည်။

'ရဟန်း၊ သင့်ကိုပုဏ္ဏာ မေးမယ်၊ မဖြေနိုင်ရင် သင်၏နှလုံးကို ခွဲပစ်မယ်၊ ခြေဆွဲ၍ မြစ်ဟိုဘက်ကမ်းကို လွှင့်ပစ်မယ်' ဟူ၍ ခြိမ်းခြောက်သည်။ ထိုအခါ ဘုရားရှင်က 'မင်းငါ့ကို ရန်ပြုမရနိုင်ဘူး၊ သို့သော် မေးလိုက မေးနိုင်တယ်'ဟု ခွင့်ပြုတော်မူသည်။

သူစိလောမသရဲက ရာဂ, ဒေါသ, အရတိ, ရတိ စသည်တို့နှင့် စပ်သည့်ပုဏ္ဏာကိုမေးသည်။ မြတ်စွာဘုရားက ဖြေဆိုသောအခါ သူစိလောမသရဲသည် သောတာပန်တည်သွားလေသည်။ အမွေးများကျွတ်၍ နတ်အဝတ်အစားများ ဖြစ်ပေါ်လာသည်။

ဤ၌ သူစိလောမနှင့် ခရလောမတို့ကို ပါဠိလို ယက္ခဟု ခေါ်သည်။ ရှေးကဘီလူးဟု မြန်မာပြန်ကြသည်။ ငါးရှဉ့်ငါးဆယ်ဇာတ်တော်လာ အပဏ္ဏကဇာတ်၌လည်း ကုန်သည်များကို လူယောင်ဆောင်၍ လိမ်ညာကာ စားသည့် သူများကိုလည်း ပါဠိလို ယက္ခဟု ရေး၍ ၊ရှေးက ဘီလူးဟူ၍ပင် မြန်မာပြန်ခဲ့ကြသည်။ ယခုခေတ်၌မူ မြို့ရွာအနီးရှိ ယက္ခ–ဘီလူးများကို သရဲဟုခေါ်၍၊ တောတောင်များ၌ရှိသည့် ယက္ခ–ဘီလူးများကို ကျတ်သရဲဟု ခေါ်သင့်ပေသည်။

မော်လမြိုင်မြို့မှ ကုလားမသရဲ

မော်လမြိုင်မြို့. ကျိုက်သလွန်ဘုရားအနီးရှိ ရပ်ကွက်တစ်ခု၌ ကုလားမကြီးတစ်ယောက် သေဆုံးပြီး သရဲကြီးဖြစ်နေသည်။ ထိုသရဲမှာ အင်္ဂလိပ်များ မော်လမြိုင်မြို့.သိမ်းပြီးခါစက လာနေသည့် ကုလားသူဌေး တစ်ဦး၏ဇနီး ကုလားသူဌေးကတော်ကြီး သေပြီးဖြစ်လာသည့် ကုလားမ

သရဲဖြစ်သောကြောင့် သက်တမ်းရှည်လှပြီဖြစ်သည့် မိစ္ဆာဒိဋ္ဌိသရဲကြီး ဖြစ်သည်။ တချို့မှာ ကိုယ်တိုင် တွေ့မြင်ဖူးကြသည်။

မကြာလှသေးမီကာလက ဒေါ်အုန်းမေအမည်ရှိ အမျိုးသမီးကြီးတစ်ယောက်မှာ ထိုသရဲခြောက်လှန့်ခံရရာမှစ၍ မစားနိုင်မအိပ်နိုင် ကယောင်ကတမ်း ပြောဆိုနေသည်။

စားမည်ဆိုတော့လည်း အမဲသား ဆိတ်သားစသည်ကို စားလိုကြောင်း၊ တောင်းသမျှကျွေးရာ အပြောင် စားတတ်သည်။ တစ်ခါတစ်ရံ မဝဘူးဆို၍ စိတ်ဆိုးကြမ်းတမ်းစွာ ထပ်မံတောင်းတတ်သည်။

ကြမ်းတမ်းလာပြီဆိုလျှင်လည်း မျက်စိနှစ်လုံးမှာ ဝင်းဝင်းတောက် အရောင်ထွက်အောင် ပြူးလာသည်။ ကြမ်းကြုတ်ခက်ထန်သော မျက်နှာထားဖြင့် အံ့သွားများကို တကြိုကြိုမည်အောင်ကြိတ်ကာ ဓားဆွဲလုံဆွဲဖြင့် ဆီးမရတားမရနိုင်အောင် ဖြစ်လာသည်။

အားကောင်းမောင်းသန် ယောကျ်ားကြီးသုံးလေးယောက် ဖမ်းဆီးချုပ်နှောင်ရသည်။ ဖမ်းနိုင်သည့် အခိုက်မှာ လက်များခြေများကို ကြိုးခိုင်ခိုင်ဖြင့် ချည်နှောင်ထားရသည်။

ယင်းဖြစ်ရပ်များကြောင့် မြန်မာဆေးနည်း၊ အနောက်တိုင်း ဆေးနည်း အကြမ်းအနုစုံလင်စွာ ကုသသော်လည်း မသက်သာသောကြောင့် ဘုရားကုကုသရန် နာမည်ကျော် ကြားလှသည့် ကျိုက်သလွန်ဘုရားအနီး တောင်လေးလုံး ကျောင်းတိုက်ဆရာတော်ကြီးကို လျှောက်ထားပင့်ဖိတ်ပြီး ပရိတ်တရားတော်ကို နာယူကြလေသည်။ ဆရာတော်ကြီးက မေတ္တာတရား ရှေ့ထား၍ သနားသဖြင့် ကြွရောက်၍ ပရိတ်တရားတော်ရွတ်ဖတ် ချီးမြှင့်တော်မူသည်။

နောက်ပါသံဃာတော်များနှင့် ဆရာတော်ကြီးစုပေါင်း၍ ပရိတ်ကမ္မဝါစာများ ရွတ်ဖတ်ပြီးနောက်၊ ဆရာတော်ကြီး တစ်ပါးတည်းသာ

ပဌာန်းဥဒ္ဒေသပါဠိတော်ကို ရွတ်သည်။လူနာသည် ငြိမ်သက်စွာ နာယူနေသည်။ ဆရာတော်ကြီးသည်ဆက်လက်၍ နိဒ္ဒေသပါဠိတော်ကို ရွတ်တော်မူသောအခါ လူနာဒေါ်အုန်းမေသည် လူးလွန့်လှုပ်ရှားလာသည်။

ဆရာတော်က ဥပနိဿယပစ္စည်း၏ နိဒ္ဒေသပါဠိကို ရွတ်ရန် 'ဥပနိဿယပစ္စယောတိ' ဟူ၍ စလိုက်လျှင်ပင် လူနာသည် အသံကျယ်စွာဖြင့် 'ဟေ့ ဟေ့ မရွတ်နဲ့ မရွတ်နဲ့ တော်တော်' စသည်ဖြင့် အော်ဟစ်၍ တားမြစ်သည်။ဆရာတော်က ရွတ်ဆိုမြဲ ဆက်ရွတ်သောအခါ လူနာသည် 'အီး ဟီး ဟီး'ဟု ညည်းတွားလဲကျကာ အိပ်ပျော်သွားသည်။

ပဌာန်း နိဒ္ဒေသပါဠိ ကုန်ဆုံး၍ ဆရာတော် အသံရပ်လိုက်သောအခါ လူနာဒေါ်အုန်းမေသည် ထထိုင်ပြီး မိမိအား တုပ်နှောင်ထားသည့်ကြိုးများကို ဖြေပေးရန် ပြောသည်။ ဆရာတော်ကြီး အမိန့်အရ ကြိုးဖြေပေးသောအခါ ဒေါ်အုန်းမေသည် ရိုသေစွာထိုင်၍ရှိခိုးသည်။ ဆရာတော်ကြီးက သတိထားရန် ကောင်းမွန်စွာနေရန် မိန့်ကြား၍ ပြန်ကြွသွားသည်။ ထိုအခါမှစ၍ ယခု စာရေးချိန်အထိ ဒေါ်အုန်းမေ နေကောင်းနေပါသည်။ အနှောင့်အယှက်ကင်းစင်လျက် ကြည်လင်ချမ်းမြေ့စွာ သီလဆောက်တည်၍ လှူဒါန်းပေးကမ်းကာ ဘာဝနာတရား ပွားများနေကြောင်း သိရှိရပါသည်။

ဤသည်ကား ပဌာန်းအကျိုးပြုလက်ဘ၌ စတုတ္ထမြောက် အကျိုးဖြစ်သည့် သရဲရန်မှ ကင်းဝေးစေသောအကျိုးတရား၏ သာဓကဝတ္ထုကြောင်းများပင် ဖြစ်ပါသည်။

စာရှုသူများ ပဌာန်းတရားရွတ်ပွားပြီး ကောင်းကျိုးတရားခံစားနိုင်ကြပါစေ။

*

အခန်း (၇)

မီးဘေးရန်မှ ကွာဝေးစေသည့် ပဌာန်းတန်ခိုး

ကြောက်မက်ဖွယ်မီးအန္တရာယ်

- ကြိုတင်ကာကွယ်ခြင်းဖြင့် ရန်သူမီးကို အနိုင်ယူပါ။
- မီးသတိပြု
- မီးဘေးရှောင် မလောင်ခင်တား
- သင့်ကြောင့် မီးမလောင်ပါစေနှင့်

ဤသို့စသည်ဖြင့် မီးဘေးသတိပေးသည့်ပိုစတာများ လူမြင်သာသောနေရာတိုင်းမှာ ချိတ်ဆွဲထားသည်မှာ နေရာတိုင်းလိုလိုမှာပင် ဖြစ်သည်။

'ရန်သူမျိုးငါးပါးထဲမှာ အင်မတန်ဆိုးဝါးလှတာ၊ မည်ကာမတာ ဘယ်သူ့မှမမထောက်ညာ၊ သူခိုးဓားပြထက်ဆိုးတဲ့ ရန်သူပါ၊ ဤဇမ္ဗူတစ်ခွင်မှာ ရန်သူမီးကို အစဉ်ပဲသတိပြုပါ။ ဝမ်းနည်းစရာ ကောင်းလောက်အောင် တွေ့မြင်ရတာ၊ အိုးအိမ်အခြေမဲ့လို့ အနေမဲ့အောင်သာ၊ မီးမရှိသေသူတစ်ဦးကြောင့် ဆုံးရှုံးရတဲ့ အိမ်ပေါင်းများစွာ၊ ငွေအသပြာကုဋေကုဋာနှစ်စဉ် အမြဲပါ။ အဲဒီ မီးကိုတော့ ရှောင်တိမ်းဖို့သာ လိုပေတာ ထာဝစဉ်သာ ကြိုတင်သတိထားပါ'

ဟူသော အဆိုကျော်ကိုထွန်းရွှေ၏ မီးဘေးကာကွယ်ရေး သီချင်းသံကလည်း တွဲဖက်ညီလှသောဂီတသံများနှင့်အတူ အစဉ်အမြဲ အထူးသဖြင့် နွေဦးဆောင်းဦးကာလများတွင် ရေဒီယိုများ အသံချဲ့စက်များမှ တကြော်ကြော် ထွက်ပေါ်နေပါသည်။

ကမာရွတ် ဝဂ္ဂမီးကြီး

သို့ပါလျက် ကမာရွတ်မြို့နယ် ဝဂ္ဂရပ်ကွက်ကို (၃-၂-၇၇) နေ့ မွန်းလွဲ ၃ နာရီခန့်က မီးလောင်ခဲ့ပါသည်။ ဝဂ္ဂရပ်ကွက်မှာ ရန်ကုန် တက္ကသိုလ် အမှုထမ်းများနေထိုင်ရာ လိုင်းပေါက်နှင့် မျက်နှာ ချင်းဆိုင်လျက် ပြည်လမ်းမကြီး အနောက်ဘက်မှာ တည်ရှိပါသည်။ ထိုစဉ်အခါက ဝဂ္ဂရပ်ကွက်တည်နေပုံကိုရေးရလျှင် တောင်ဘက်မှာ နာနတ်တော လမ်းမကြီး၊ အနောက်ဘက်မှာ နာနတ်တောရပ်ကွက်၊ အနောက်မြောက်မှာ စပယ်ခြံရပ်ကွက်၊ မြောက်ဘက်မှာ ရှောက်ပင်ခြံရပ်ကွက်ဟူ၍ ရပ်ကွက်များက ဝိုင်းရံနေပါသည်။

'မီးတဲ့ဟေ့' ဟုဆိုလျှင် လူအများအော်ကြ ခေါ်ကြ ပြေးကြ လွှားကြဖြင့် ဆူညံ ရှုပ်ထွေးနေပါသည်။ မီးဘေးအချက်ပေး သံချောင်း ခေါက်သံနှင့် မီ.သတ်ကားများ မောင်းနှင်သံ ဥဩသံများက ဆူညံနေ ပါသည်။ အထူးသဖြင့် ကိုယ်နှင့်ဘာမျှမဆိုင်ဘဲ သက်သက်မီးလောင် ရာသို့ ဝိုင်းအုံလာတတ်သည့် အချောင်သမား တောကြောင်များ၏ ဘေးက မီးဘေးဒုက္ခသည်များအတွက် မြေပူရာကင်းမှောင့်ဖြစ်နေပါ သည်။

ကျွန်တော်သည် ဝဂ္ဂရပ် ဝဂ္ဂလမ်းထိပ်၌နေသည့် ကျွန်တော် နှင့်ခင်မင်ရင်းနှီးသူ ဆရာမကြီးဒေါ်မြသိမ်းရှိသောကြောင့် အကူအညီ ပေးနိုင်ရန် အပြေးသွားခဲ့ပါသည်။ သို့သော် ရှုပ်ရှုပ်ထွေးထွေးပြေးလွှား နေသူများကြောင့် ဝဂ္ဂရပ်ကွက်တွင်း မဝင်နိုင်ဘဲ အိမ်သို့ပြန်လာကာ မေတ္တာပို့၍ အိပ်လိုက်ရပါတော့သည်။

အိမ်အနီးကပ်၍ မီးလောင်ရပ်သွားခြင်း

နောက်တစ်နေ့ နံနက်လင်းလျှင်လင်းချင်း ကျွန်တော်သည် ဝဂ္ဂရပ် မီးလောင်မြေသို့ ရောက်သွားသည်။ အာတီးယားလမ်းဘက်မှ ဝင်ခွင့်မရဘဲ

(ဃ) /အနောက်မြောက် — မြောက် — (က) အရှေ့မြောက်

၄။ အနန္တရပစ္စယော
၈။ နိဿယပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၄။ အဝိဂတပစ္စယော

၁။ ဟေတုပစ္စယော
၅။ သမနန္တရပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၃။ ကမ္မ ပစ္စယော
၁၇။ ဈာနပစ္စယော
၂၁။ အတ္ထိပစ္စယော

အနောက် — အရှေ့

(ဂ) အနောက်တောင် — တောင် — (ခ) အရှေ့တောင်

၃။ အဝိပတိပစ္စယော
၇။ အညမညပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၅။ အာဟာရပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၃။ ဝိဂတပစ္စယော

၂။ အာရမ္မဏပစ္စယော
၆။ သဟဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၈။ မဂ္ဂပစ္စယော
၂၂။ နတ္ထိပစ္စယော

ဝဂ္ဂိလမ်းနေ ဆရာမကြီးဒေါ်မြသိမ်းပြောပြသော
ထောင့်လေးထောင့် ပဋ္ဌာန်းစည်းချုပ်ဇယား

ပြည်လမ်းမကြီးဘက်မှ မီးဘေးဒုက္ခသည်များကိုသာ ဝင်ခွင့်ပြုသည်။ အစောင့်အကြပ်ထူထပ်စွာ ချထားသည်။ လူစိမ်းများ မဝင်ရပေ။

မီးလောင်မြေအတွင်းသို့ အပြင်မှလမ်းကြည့်က မြင်နိုင်သည်။ မြင်ကွင်းကရှင်းနေသည်။ ဝင်္ဂီလမ်းအစပိုင်းမှာရှိသော ဆရာမကြီး ဒေါ်မြသိမ်းအိမ်ကို မီးမလောင်ဘဲ ထီးထီးကြီးကျန်နေသည်ကို ထင်ထင်ရှားရှားကြီးတွေ့လိုက်ရသည်။ အိမ်ခြံ၏ အနောက်ဘက်ခြမ်းမှာသာ အနည်းငယ်မျှ မီးဟပ်ခံထားရသည်။ ဒေါ်မြသိမ်းအိမ်နှင့် ကပ်လျက်တည်ရှိနေသောအိမ်မှစ၍ အနောက်ဘက်တွင် ဝင်္ဂီရပ်ကွက် တစ်ခုလုံးမှာကား ကွက်လပ်ကြီးဖြစ်သွားအောင် လောင်ကျွမ်းသွားခဲ့ပေသည်။ ဒေါ်မြသိမ်းအိမ်အရှေ့ဘက်မှ ပြည်လမ်းအထိ အိမ်အနည်းငယ်မျှသာ ကျန်နေခဲ့သည်။

ကျွန်တော်သည် ဤမီးလောင်မြေမြင်ကွင်းကို ကြည့်ပြီး မီးဘေးဒုက္ခသည်များအတွက် သနားခြင်း ကရုဏာဇြဟ္မာစိုရ်တရားပွားများခြင်း၊ မီးဘေးမှကင်းဝေးသည့် ဒေါ်မြသိမ်းစသူတို့အတွက် ဝမ်းသာခြင်း မုဒိတာဇြဟ္မစိုရ်တရားကို ပွားများခြင်းပြုကာ အိမ်သို့ပြန်ရန် လှည့်လိုက်စဉ်မှာပင်–

'ဟော ဆရာကိုတက်အင်း' ဟူ၍ နှုတ်ဆက်သံနှင့်အတူ ဒေါ်မြသိမ်းကို မြင်လိုက်ရသည်။

'ဪ...ဆရာမကြီး ဝမ်းသာသဗျာ၊ အခု ဒီကနေ အိမ်ကို လှမ်းကြည့်နေရတယ်'

'ကံကောင်းလို့ ကိုတက်အင်းရေ၊ ပဌာန်းကယ်ပေလို့။နို့ မဟုတ်ရင် တစ်အိမ်လုံးပြာကျသွားမှာ၊ အခုတော့ တော်ပါသေးရဲ့။ ကပ်နေတဲ့အိမ်လောင်သွားပြီး ကျွန်မတို့အိမ်ကို ကူးမလောင်ဘဲ ငြိမ်သွားတယ်။ ခြံစည်းရိုးပဲ နည်းနည်းမီးဟပ်သွားတယ်။ ပဌာန်း တန်ခိုးကြောင့်ပေါ့'

'အဲဗျာ...ထူးထူးခြား ခြား တန်ခိုး ကြီးလိုက်တာ။ ကပ်ကပ် သပ်သပ် မီ မလောင်ဘဲ ကျန်နေခဲ့တယ်။ ပဌာန်းတန်ခိုး ဘယ်လို ဖြစ်တာလဲဗျာ'

'ကျွန်မက မီးမလောင်ခင်တုန်းကပဲ နေ့တိုင်းနေ့ကိုင်း ညဘက်မှာ အိမ်ခြံလေးထောင့်ကနေပြီး ပဌာန်းဥဒ္ဒေသ (၂၄)ပစ္စည်းနဲ့ စည်းချထားတဲ့ အလေ့ရှိတယ်။အခု မီးလောင်တော့လဲ ပဌာန်းနဲ့ရေကိုမန်းပြီး အိမ်ကိုရော ခြံစည်းရိုးကိုရော ပက်ဖျန်းပေးတယ်လေ။

'ထောင့်လေးထောင့်ကို ဘယ်လို စည်းချသလဲဗျ'

'အရှေ့မြောက်ထောင့်မှာ ဟေတုပစ္စယော၊ အရှေ့တောင် ထောင့်မှာ အာရမ္မဏပစ္စယော၊ အနောက်တောင်ထောင့်မှာ အဓိပတိပစ္စယော၊ အနောက်မြောက်ထောင့်မှာ အနန္တရပစ္စယော၊ အရှေ့မြောက်ထောင့်မှာ သမနန္တရပစ္စယော' စသဖြင့် ထောင့်လေးထောင့်ကို လက်ညှိုးထိုးပြီး (၂၄)ပစ္စည်းဆုံးအောင် ရွတ်ရတယ်။ (၂၄) ပစ္စည်းဆုံးလို့ အဝိဂတပစ္စည်း ရောက်ရင် အနောက်မြောက်ထောင့်မှာ ရပ်သွားတယ်၊ အိမ်ကို(၆)ပတ်တိတိ ပတ်မိတယ်'

ဟူ၍ ဆရာမကြီး ဒေါ်မြသိမ်းသည် ပဌာန်း(၂၄)ပစ္စည်းဖြင့် စည်းချပုံကို ပြောကာ ကျွန်တော့်အား နှုတ်ဆက်ပြီး ဝဂ္ဂိလမ်းထဲသို့ ဝင်သွားပါသည်။

ဘေးရန်အသွယ်သွယ်မှ ကာကွယ်သည့် ပဌာန်း

ယခုရေးသားပြဆိုခဲ့သည့် အကြောင်းအရာမှာ 'ပဌာန်းအကျိုး၊ မြတ်ကောင်းကျိုးကား' အစချီသည့် ပဌာန်းအကျိုး (၁၂)ပါး ပြလက်စ်မှာပါသော ဆဌမမြောက် မီးဘေး ရန်ကွာဟူသော အကျိုးတရားကို ဖော်ပြခြင်း ဖြစ်ပါသည်။

မှန်ပါသည်။ ဖော်ပြခဲ့သည့်အတိုင်း ဝဂ္ဂိရပ်ကွက်ကြီးမီးလောင်စဉ် (၃-၂-၇၇)နေ့တုန်းက မီးလောင်မခံရဘဲ မီးဘေးမှကပ်လျက်သားကင်းလွတ်ခဲ့သည့် ဆရာမကြီးဒေါ်မြသိမ်း၏ဒိဋ္ဌကိုယ်တွေ့ ပြောပြချက် ဖြစ်ပါသည်။

ဤလက်ဘ၌ 'မီးဘေးရန်ကွာ' ဟု မီးဘေးတစ်ခုကိုသာ သတ်မှတ်ပြောဆိုသော်လည်း အခြားလေဘေး ရေဘေး စသည်ကိုလည်း ယူရမည်ဖြစ်ပါသည်။ ရေဘေး မိုးဘေး ငလျင်ဘေးစသော သဘာဝဘေးမှ လွတ်ကင်းသည့် အထောက်အထား အကြောင်းအရာများလည်း ရှိနိုင်ပါသည်။

မြတ်ဆုမွန်မဂ္ဂင်းအတွဲ(၁)၊ အမှတ်(၅)၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓမ္မဟာရဋ္ဌဂုရု မင်းကွန်းဆရာတော်ကြီး ဟောကြားချက်ကို အဓိကထား၊ကာ ပဋ္ဌာန်းတန်ခိုးကြောင့် လေမုန်တိုင်းဒဏ်မှ ကင်းလွတ်ခဲ့သည့်အကြောင်းအရာ ဆောင်းပါးအရ ဆိုလျှင် ပဋ္ဌာန်းတန်ခိုးအကျိုးပြုလက်ဘပါ မီးဘေးရန်ကွာ ဟူသည်မှာ မီးဘေးတစ်ခုကိုသာ သတ်မှတ်ပြော်သော်လည်း အခြားရေဘေး မုန်တိုင်းဘေးစသော ဘေးသက်ဆိုင်သမျှကိုပါ ယူရသော ဥပလက္ခဏာနည်းဖြင့် ဆိုသည်ဟူ၍ မှတ်ယူသင့်ပါသည်။

ယခုအကြောင်းသင့်ပါသဖြင့် မြတ်ဆုမွန်မဂ္ဂင်းအတွဲ(၁) အမှတ်(၅)ပါ ဌေးလွင်(ဆားလင်းကြီး)၏ ဆောင်းပါးမှ လိုရင်းကို ထုတ်နုတ်၍ တင်ပြပါရစေ။

ပဋ္ဌာန်းတန်ခိုးနှင့် လေမုန်တိုင်း

ပဋ္ဌာန်းပါဠိတော်၏ တန်ခိုးကို အားကိုးပြုကာ လေမုန်တိုင်းဒဏ်မှ လွတ်မြောက်ခဲ့သော လက်တွေ့ဖြစ်ရပ်တစ်ခုကို ဆက်လက်တင်ပြလိုပါသည်။

အချိန်က ၁၃၁၄-ခုနှစ်လောက်က ဖြစ်ပါသည်။မိုးလေဝသဌာနက ကြီးစွာသော လေမုန်တိုင်းတစ်ခု မြန်မာနိုင်ငံသို့ ဦးတည်တိုက်ခိုက်လာကြောင်း၊ မကြာမီ တစ်နာရီအတွင်း ရန်ကုန်မြို့သို့ ရောက်လာနိုင်ကြောင်း၊ သို့အတွက် အနေးယာဉ် အမြန်ယာဉ်များအားလုံး သွားလာမှုရပ်ဆိုင်းထားရန်နှင့် အရေးရှိက အသင့်ဖြစ်ရန် ရဲတပ်ဖွဲ့က အသင့်အနေ

အထာ.ရှိရန်' ဟူသော အရေ.ပေါ်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ မိုး.လေဝသဌာနမှ၏ အရေ.ပေါ်ကြေညာချက်ကြောင့် ရန်ကုန်မြို့.တော်သူမြို့.တော်သား:အား:လုံ:ပင် ထိတ်လန့်. တုန်လှုပ်လျက်ရှိနေကြသည်။

ထိုအချိန်၌ မင်:ကွန်:ဆရာတော်အရှင်ဝိစိတ္တာသာရာဘိဝံသ သည် တိပိဋကဓရအရှင်မြတ်အဖြစ်သို့. ရောက်ရှိဖို့.ရန်အတွက် ရန်ကုန်မြို့. သာသနာ့ရိပ်သာ၌ ကျင်:ပနေသော တိပိဋကဓရ ရွေ:ချယ်ရေ: စာမေ:ပွဲတွင် အဘိဓမ္မာပိဋက၊ ဒုတိယပိုင်:အဖြစ် ပဋ္ဌာန်:ပါဠိတော်ကြီ:များ:ကို ပြန်ဆိုနေတော်မူသောအချိန်ကာလဖြစ်သည်။ မိုး:လေဝသဌာန၏ အရေ:ပေါ်ကြေညာချက်ကြောင့် ရန်ကုန်တက္ကသိုလ်မှ ကျောင်:သား:များ:လည်: ထိတ်လန့်.နေကြသည်။ ရန်ကုန်တက္ကသိုလ်မှ ဆရာဦ:ခင်မောင်ကြီ:သည် စာသင်ကြား:နေရင်: အောက်ပါအတိုင်: မိမိတပည့်များ:ကို အား:ပေ:နှစ်သိမ့်စကား: ပြောကြား:သည်။

'တပည့်တို့၊ မိုး:လေဝသဌာနက အရေ.ပေါ်အထူ:သတင်: ကြေညာသော်လည်: သိပ်ကြောက်မနေကြပါနဲ့၊ လေမုန်တိုင်:ဟာ မြန်မာနိုင်ငံကို ရောက်မလာဘဲ ရှောင်လွဲသွား:ပါလိမ့်မယ်။ မန္တလေ:ရတနာပုံခေတ်က သက်ပန်:ဆရာတော်ဘုရား:များ: ဦ:စီ:သော သီရိလင်္ကာဘုရား:ဖူ:အဖွဲ့.ဟာ မီ:သင်္ဘောဖြင့် ပင်လယ်ခရီ:သွား:စဉ် ပင်လယ်တွင်:မှာ ကြီ:စွာသော လေမုန်တိုင်:နှင့်ရင်ဆိုင်ခဲ့ရဖူ:ပါတယ်။ သက်ပန်:ဆရာတော်ကြီ:က သင်္ဘောဦ:မှာနေပြီ: ပဋ္ဌာန်:ပါဠိတော်များ:ကို ရွတ်ဖတ်ပေ:တော်မူသောကြောင့် လေမုန်တိုင်:ဒဏ်မှလွတ်မြောက်ခဲ့ဖူ: ပါတယ်။ ယခုလဲ သာသနာ့ရိပ်သာမှာ ကျင်:ပနေတဲ့ တိပိဋကဓရရွေ:ချယ် ရေ: စာမေ:ပွဲတွင် မင်:ကွန်:ဆရာတော်အရှင်ဝိစိတ္တာသာရာဘိဝံသသည် ပဋ္ဌာန်:ပါဠိတော်ကြီ:များ:ကို ပြန်ဆိုနေချိန် ဖြစ်ပါတယ်။ ပဋ္ဌာန်:ပါဠိတော်ရဲ့ တန်ခိုး:ကြောင့် လေမုန်တိုင်:ဟာ မြန်မာနိုင်ငံဘက်သို့ ဦ:တည်နေရာမှ လွဲပြောင်:သွား:မည်ဟု ဆရာယုံကြည်တယ်'

စသည်ဖြင့် ရတနာပုံခေတ်က သက်ပန်းဆရာတော်ကြီး၏ ပဌာန်း ရွတ်ဆိုခဲ့ပုံ ဖြစ်ရပ်ကိုကိုးကား၍ အားပေးစကားပြောခဲ့သည်။

ဆရာဦးခင်မောင်ကြီး ပြောသည့်အတိုင်းပင် အဟုန်ပြင်းပြင်း တိုက်လာသော လေမုန်တိုင်းသည် မြန်မာနိုင်ငံသို့ ရောက်မလာခဲ့ပေ။ တစ်နာရီအတွင်း လေမုန်တိုင်းသည် လမ်းကြောင်းပြောင်းလွဲကာ ဖိလစ်ပိုင်နိုင်ငံဘက်သို့ ဦးတည်သွားပြီဖြစ်ကြောင်းကို မိုးလေဝသဌာနက ထပ်မံ၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်ရလေသည်။

ရန်ကုန်တက္ကသိုလ်မှ ဆရာဦးခင်မောင်ကြီးသည် နောက်တစ်နေ့တွင် သာသနာ့ရိပ်သာသို့သွားရောက်၍ တိပိဋကဓရဆရာတော်အား သက်ပန်းဆရာတော်အကြောင်းနှင့် မိမိတပည့်များအား အားပေးစကားပြောကြားခဲ့ပုံ၊ လေမုန်တိုင်း ရှောင်ကွင်းသွားပုံများကို အားပါးတရဝမ်းမြောက်ဝမ်းသာ လျှောက်ထားခဲ့ပါသည်။ ဤကား ပဌာန်းတန်ခိုးတော်ကြောင့် လေမိုး အန္တရာယ်ကင်းလွတ်ပုံဖြစ်ရပ်ပင် ဖြစ်ပါသည်။

အထက်ပါအတိုင်း ဆရာဦးခင်မောင်ကြီးလျှောက်ထားခဲ့သော အကြောင်းများကို မင်းကွန်းဆရာဇောတ်ကြီးကတစ်ဖန် မန္တလေးမြို့ ရတနာပုံ ဗုဒ္ဓဘောဇနီယဥ္ဇဿာဟအသင်းဥက္ကဋ္ဌကြီး ဦးမိုးအား ၁၃၂၇ ခုနှစ်၊ နယုန်လပြည့်ကျော်(၁၄)ရက်နေ့ ပဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ၊ ပဥ္စဝါရပါဠိတော်များကို အသံသွင်းချိုးမြှင့်တော်မူသောကာလ၌ အထက်ပါအတိုင်း ပဌာန်းတရားတော်ကြီး၏ တန်ခိုးကြီးပုံကို ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။

တိပိဋကဓရဆရာတော်သည် ပဌာန်းပါဠိတော်နှင့် စပ်၍ 'ထိုထိုလေဘေး၊ ရေဘေး၊ မီးဘေးအစရှိသော အန္တရာယ်အမျိုးမျိုးကို ကင်းဝေးစေတတ်သော လောကီအကျိုး အမျိုးမျိုးမှစ၍ အမြတ်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်သော လောကုတ္တရာအကျိုးကျေးဇူးများကို ခံစားရယူစေနိုင်သည့် ပဌာန်းပါဠိတော်များကို နာကြားခြင်း၊ ရွတ်ဖွားခြင်း၊ နှလုံးသွင်းခြင်းဖြင့် သာသနာ့အလုပ် အားထုတ်ကြပါစို့ သူတော်ကောင်းတို့'

ဟူ၍လည်း ထိုအသံသွင်းကြေးခွေ၌ ထည့်သွင်းနှိုးဆော်တိုက်တွန်း မိန့်ကြား တော်မူခဲ့သည်။

ပရိတ်ကြီးနိဿယသစ်ကျမ်းပြု၊ အဂ္ဂမဟာပဏ္ဍိတ သပြေကန် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသကလည်း ပရိတ်ကြီးနိဿယသစ်၌-'ဗုဒ္ဓ ဓမ္မများက ရောဂါစသည်ကို ပျောက်ကင်းစေသည်သာမက ကြက်သရေမင်္ဂလာ ရာထူးဂုဏ်သိရိဿည်းစိမ်လာဘ်သပ်ပကာ တိုးတက်ရာ တိုးတက်ကြောင်းလည်း ဖြစ်ပါသည်။ ဘုရားကို ကြည်ညိုသူ တရားတော်ကို လေးစားသူများမှာ အများအားဖြင့် ကိုယ်နှုတ်စိတ်ထား ထူးခြားကောင်းမွန်သူများ ဖြစ်တတ်ရာ ထို အကောင်းပေါ်တွင် ဓမ္မ၌ ဖြစ်သော သဒ္ဓါစေတနာအရိုန်များ ဖက်တွဲ ပေးလိုက်ပြန်သော် ကြက်သရေ အမျိုးမျိုး အကျိုး အထွေထွေကို ဆွဲဆောင်နိုင်သော ဓာတ်အဖြစ်သို့ ရောက်တော့သည်။ ဆရာတော်ကြီ.တစ်ပါးမှာ ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်၌ အားရ ကြည်ညိုလို၍ ပဌာန်.ပစ္စယနိဒ္ဒေသပါဠိကို လေးလေးစားစားဝတ်ထားသော ရွတ်ဆို သရဇ္ဈာယ်သည်မှစ၍ ဒကာဒကာမ ကြည်ညိုသူများလာခြင်း၊ ပစ္စည်းလေးပါး ပေါများခြင်း၊ အန္တရာယ်ကင်းကာ စိတ်ချမ်းသာ အေးမြခြင်း စသော အကျိုးများ ကြုံရသည်ဖြစ်ရာ တရား တော်၏အစွမ်းသတ္တိပါ တကားဟု အားရ ကြည်ညိုပြီးလျှင် အသက်ထက်ဆုံး ဝတ်မပျက် သရဇ္ဈာယ်လေသည်' ဟု သဘာဝယုတ္တိများဖြင့် ရှင်းလင်းရေးသားထား တော်မူပါသည်။

ယင်းသို့ဖြစ်သောကြောင့် အခြားများစွာသော မီးဘေး လေဘေး စသည့် သဘာဝဘေးရန်မှလည်း လွတ်မြောက်နိုင်ကြရန်အတွက် 'ကုသိုလ်လည်းရ ဘေးလည်းပ'ဟု သဘောထားပြီး ပဌာန်းတရားကို ရွတ်ဖတ်ကာကွယ်ကြရန် တိုက်တွန်းနှိုးဆော် လိုက်ရပေသတည်း။

စာရှုသူများ ပဌာန်းတရားရွတ်ဖွား၍ ကောင်းကျိုးတရား ခံစားနိုင်ကြပါစေ။

*

အခန်း (၈)

ရတနာပိုင်စိုး ပဌာန်းတန်ခိုး

ထူးခြားသော ဖိတ်စာ

ဆရာကြီးဦးစာကျော် ကြီးမှူးကွပ်ကဲနေသော သာသနာ့မဏ္ဍိုင်စာပုံနှိပ်တိုက်ကြီးသို့ ရှင်ပြုနှားသမင်လာ ဖိတ်ကြားစာတစ်စောင်ရိုက်နှိပ်ရန် အပ်နှံလာပါသည်။ ယင်းဖိတ်စာသည် လွန်ခဲ့သောရက်အတွင်းကပင် ဆရာကြီးဦးစာကျော်ကိုယ်တိုင်အပင်ပန်းခံ၍ ပိုလျှော့လိုဖြည့် ဖတ်ရှုပြင်ဆင်ကာရိုက်မိန့်ပေးပြီး ရိုက်နှိပ်ခဲ့သော ဖိတ်စာဖြစ်ပါသည်။ သို့ပါလျက် ယခုအသစ် ထပ်မံ၍ ရိုက်နှိပ်ပေးရန် အပ်နှံပြန်ပါသည်။ သို့အတွက် ဆရာကြီးဦးစာကျော် အံ့ဩနေမိသည်။

ဖိတ်စာမှာ ကရောင်းဆယ့်ခြောက်ချိုးဝတ္ထုစာအုပ်အရွယ်ရှိ စာအုပ်ငယ်ဖြစ်သည်။ စာအုပ်ငယ်၏မျက်နှာအပြင်ဖုံးမှာ ရှင်လောင်းသုံးပါးပြင်ဆင်သည့် ဓာတ်ပုံကိုရိုက်နှိပ်ထားကာ၊ အတွင်းမှာ အလှူဖိတ်စာဖြစ်သည်။ အတွင်းစာသားများမှာ အလှူဒကာ၏ဖခင် ရှင်လောင်းများ၏အဘိုးရေးသားသည့် ဗုဒ္ဓဘာသာဆိုင်ရာမှတ်စုမှတ်ရာများ၊ ပဌာန်းဥဒ္ဒေသ နိဒ္ဒေသ ပါဠိနှင့်အနက်များကို ရိုက်နှိပ်ထားသည်။ ကျောဖုံး၏အတွင်းအပြင်နှစ်ဘက်၌ အလှူပြုလုပ်မည့် နေ့ရက်,အချိန်,နာရီ အလှူအစီအစဉ်များကို ရိုက်နှိပ်ထားပေသည်။

ထို့အပြင် စာအုပ်ငယ်အတွင်း၌ အလှူ.ဒကာ အလှူ.အစ်မနှင့် ရှင်ပြုနှားသ မင်္ဂလာခံယူမည့် သားငယ်သမီးငယ်များ၏ ရိုးရိုးပုံ၊ ပွဲနေပွဲထိုင် အဝတ်အစားပြင်ဆင်ထားသည့်ပုံ၊ နှစ်ဘက်သော အဘိုးအဘွား

တို့၏ ဓာတ်ပုံများကို အတ်ပေပါခေါ်သော ဓာတ်ပုံစက္ကူများ ဖြင့် ရိုက်နှိပ်ထားပေသည်။ ဖိတ်ကြားစာအုပ်ရေ သုံးထောင်အတွက် ကျသင့်ငွေ နှစ်ထောင်ကျော် ပေးချေပြီးကာမှ ဖြတ်စက်ကြောင့် ဓာတ်ပုံများ၏ မလိုလားဖွယ် ပြတ်ပါသွားခြင်းကြောင့် အသစ်ထပ်မံပြီး ငွေနှစ်ထောင်ကျော် ထပ်မံအကုန်ကြခံကာ ရိုက်နှိပ်ပေးရန် အပ်နှံခြင်းဖြစ်သည်။ စုစုပေါင်း ယင်းဖိတ်စာအတွက် ငွေငါးထောင်ခန့် ကုန်ကြမည်ဖြစ်ပေသည်။

ဤသည်ကို ဆရာကြီးဦးစာကျော်က 'ဒီအလှက ဖိတ်စာအတွက်ချည်းသက်သက် ဒါလောက်အကုန်ခံထားတော့ အလှဝတ္ထု အကျေးအမွေးနဲ့ဆို တော်တော်ထိထိကုန်မှာပဲနော်' ဟူ၍ ပြောသော အခါ ဖိတ်စာလာအပ်သူက အလှဒကာအနေဖြင့်အကုန်အကျခံနိုင်ကြောင်း၊ အစချီကာ ပဌာန်းတန်ခိုးကြောင့် ရတနာပိုင်စိုးသည့်အကျိုးခံစားရပုံ အကြောင်း အပြည့်အစုံကို ပြောပြပါသည်။ ယင်းပြောပြချက်ကို အခြေခံ၍ ဆရာကြီးက-

ပဌာန်းတန်ခိုး၊
မြတ်ကောင်းကျိုးကား၊
သူခိုးရန်ပ၊
ဓားပြရန်ပြေ၊
တစ္ဆေရန်လွဲ၊
သရဲ ရန်ဖြတ်၊
ဘုတ်ကျပ်ရန်ဝေး၊
မီးဘေးရန်ကွာ၊
ရတနာပိုင်စိုး . . .

အစချီသော ပဌာန်းအကျိုးပြလက်စာတွင် ရတနာပိုင်စိုးဟူသော အကျိုးတစ်ရပ်ကို ထည့်သွင်းသီကုံး ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ရတနာပဌာန်းအိမ်

အထက်မြန်မာပြည် မြို့ကြီးတစ်မြို့၌ ကိုကျော်မွေးအမည်ရှိ ဆရာဝန်ကလေးတစ်ယောက် နေထိုင်ပါသည်။ ထိုဆရာဝန်ကလေးသည် စိတ်ထားကောင်းမြတ်ကြောင်း၊ လူနာများကို ဆင်းရဲချမ်းသာမရွေး မျက်နှာမလိုက်ဘဲ ကိုယ်အားဉာဏ်အားစွမ်းအားရှိသမျှ ဂရုတစိုက်ပြုစုကုသကြောင်း၊ ဆေးဖိုးဝါးခများ.ကို မတရားဈေးတင်ယူလေ့မရှိကြောင်း စသည့်ကောင်းမြတ်သောသတင်းကြိုင်သင်.လှသောကြောင့် ဆရာဝန်ဦးကျော်မွေးဟူသောအမည်နှင့် အလွန်လိုက်လျောညီညွတ်လှပေသည်။

ထို့ထက် ရတနာသုံးပါးဆည်းကပ်ရိုသေသည်။ ပဌာန်.တရာ.ကို မနေမနား ရွတ်ဖတ်သရဇ္ဈာယ်သည်။ လူနာများ ကို ဆေ.ကုသသောအခါ၌ပင် ပဌာန်းရွတ်လျက်ကုသလေ့ရှိကြောင် သတင် ကပ်၍ ပျံ့.သင်.ကြ၏မွေးလှပေသည်။ပဌာန်းတရားကိုလေးစားစွာ အရေ.ထား ရွတ်ဖတ်သရဇ္ဈာယ်သည်မှာ ဆရာဝန်ဦးကျော်မွေး သာမကဘဲ ဦးကျော်မွေးကတော်နှင့်တကွ ယောက္ခမမိခင်ကြီးတို့.ကလည်း အမြဲမပြတ်ပဌာန်းရွတ်ဖတ်နေတတ် ၍ သားငယ်သမီးငယ်များကပင် ပစ္စယဥဒ္ဒေသလောက်ကိုတော့ အလွတ်ရကြ ရွတ်ဆိုနိုင်ကြသည်။

အထူးသဖြင့် လူကြီးပီပီ အပြင်ဗာဟီရကိစ္စများ၌ စိတ်မဝင်စားသည့် ယောက္ခမမိခင်ကြီးက ပိုမို၍ ပဌာန်းဥဒ္ဒေသနှင့် နိဒ္ဒေသပါဠိများကို အလေးပြုရွတ်ဖတ်သရဇ္ဈာယ် နေတတ်ပေသည်။ နေ့စဉ် နေ့တိုင်း တစ်နေ့၌ သုံးဆယ့်ငါးခေါက်ရသည်အထိ ရွတ်ဆိုနိုင်သည်ဟု ဆိုသည်။ အခြားသားသမီးနှင့် မြေးငယ်များကိုလည်း ရွတ်ဖတ်ကြရန် တိုက်တွန်း နှိုးဆော်တတ်ပေသည်။ထို့ကြောင့် ဆရာဝန်ဦးကျော်မွေးတို့ အိမ်ကလေးမှာ 'ရတနာပဌာန်းအိမ်'ဟူ၍ ကင်ပွန်းတပ်ခေါ်အပ်သည့် အခြေအနေရှိပေသည်။

ဖော်ပြခဲ့သည့်အတိုင်း လူနာများကို မျက်နှာမလိုက်ခြင်း၊ ဆေးဖိုးဝါးခ တင်မတောင်းခြင်းဟူသောအကြောင်းများကြောင့် ဦးကျော်မွေးမှာ ဆရာဝန် ဆိုသော်လည်း ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်းမရှိဘဲ မိသားစု မျှမျှတတ စားရုံဝတ်ရုံသာ ရှိပေသည်။ ဤသို့သော အကြောင်းကြောင့် ဆရာဝန် ဦးကျော်မွေးမှာ အခြားတောက်တောက်ပပ ပြောင်ပြောင်လက်လက် ဆရာဝန်ကြီးများနှင့် နှိုင်းစာပါလျှင် ဆရာဝန်စုတ်ကလေးမျှသာ ဖြစ်ရှာ လေသည်။

ရတနာပိုင်စိုး ပဌာန်းတန်ခိုး

ဆရာဝန်ကလေးဦးကျော်မွေးမှာ ယောက္ခမမိဘ၏အမွေအနှစ် ရလိုက်သော ကားစုတ်ကလေးတစ်စင်းရှိနေပေသည်။ ထိုကားကလေး မှာ ပြင်ပြီးစ ခဏကောင်းနေသော်လည်း မကြာမီမှာပင် ရပ်ထားရသည့် ကားစုတ်ဘဝသို့ ပြန်ရောက်သွားတတ်ပေသည်။ ကားစုတ်ဆိုသည့် အတိုင်း မောင်းနှင်သွားရသည့် အချိန်ကနည်းပါးကာ ရပ်ထားရသည့် အချိန်က များနေတတ်ပေသည်။

သက်ရှိလူသားများမှာ ကျန်းမာနေကောင်းသည် ဖြစ်စေ မကျန်းမာ နေမကောင်းသည်ဖြစ်စေ နေထိုင်စရာ အိပ်စရာ လိုအပ်သကဲ့သို့ပင်၊ သက်မဲ့ကားမှာလည်း စုတ်သည်ဖြစ်စေ မစုတ်သည်ဖြစ်စေ ထားစရာ ဂိုဒေါင်လိုအပ်နေတတ်ပေသည်။ထို့ကြောင့် ဆရာဝန်ကလေး ဦးကျော်မွေး သည် မိမိကားစုတ်ကလေးအတွက် ငွေအပိုအကုန်မခံနိုင်သည့်အားလျှော်စွာ ကိုယ်တိုင် ကိုယ်ကျ ကားဂိုဒေါင်ကို ပြင်ဆင်နေလေသည်။ ယိုင်နေသော ဂိုဒေါင်တိုင်များကို ပြန်နှုတ်ပြီး ခိုင်ခိုင်စိုက်ရန် တွင်းနက်နက် ပြန်တူးသည်။ ချည်နဲ့နေသည့် လူနာများကို သန်မာသည့်လူ ဖြစ်လာစေရန် အားဆေးကျွေး အားဆေးထိုးပေးနေကျအလုပ်ကို ဆရာဝန်ကလေးအတွက် လွယ်ကူစွာ လုပ်နိုင်သော်လည်း ချည်နဲ့ယိုင်နေသည့်ကားဂိုဒေါင်ကို တောင့်တင်းခိုင်မာ လာအောင်လုပ်ရန်မှာမူ မလွယ်ကူလှချေ။

ဆရာဝန်ဦးကျော်မွေ့သည် အမှိုအကာများ.ကိုခွာ၍ တိုင်များကို ပြန်နှုတ်ပြီး နေရာတကျ တိုင်ပြန်စိုက်ရန် တွင်းများကို တူးရသည်မှာ ခဲယဉ်းတလုံ့လုံ့ဖြင့် ပင်ပန်းလှပါသည်။ဂိုဒေါင်၏တိုင်လေးတိုင်ရှိသည့်အနက် ပထမတိုင်၊ ဒုတိယတိုင်များအတွက် တွင်းတူးပြီး၍ တတိယတိုင်အတွက် တွင်းကို တူးသောအခါ မြေသားရိုးရိုးမဟုတ်ဘဲ အုတ်ခဲကျိုးများ ရောနေသည့်မြေ ဖြစ်နေသောကြောင့် အတူးရခက်လှသည်။

ကြိုးစား၍ ဆက်လက်တူးသောအခါ အုတ်ခဲကျိုး မဟုတ်ဘဲ အုတ်ခဲကောင်းများကို တွေ့.ရသောကြောင့် အချပ်လိုက်အထပ်လိုက် ထိုးခွာရုံမျှသာဖြစ်သည်။ အုတ်ချပ်သုံးထပ်လောက် ခွာပြီးသောအခါ မည်းမည်းဖွဲပြာများကို တွေ့.ရသည်။ ယက်ထုတ်လိုက်သောအခါ စဉ့်အိုးငယ်လှလှကလေးတစ်လုံ့ကို ရရှိခဲ့သည်။

စဉ့်အိုးမှာ အရွယ်နှင့်မလိုက်အောင် အလေးချိန်စီးလှသည်။ စဉ့်အိုးငယ်ကို ဖွင့်ကြည့်လိုက်သောအခါ ကျောခေါင်း ,ဝိတိရိယခေါင်းတံဆိပ်ပါသည့် ရှေးခေတ်သုံး ငွေဒင်္ဂါးပြားများ အပြည့်ပါသည်ကို တွေ့.ရပေသည်။

ယင်းစဉ့်အိုးအောက်၌ အုတ်ချပ်သုံးထပ်ခန့်.ကို တွေ့.ရပြီးနောက် မည်းမည်းဖွဲပြားများ ထပ်မံတွေ့.ရပြန်သည်။ဆက်၍ လက်ဖြင့် ယက်ထုတ်လိုက်ပြန်သော် ပိုရှိလှလှသေးသေးစဉ့်အိုးငယ်ကလေးတစ်လုံးကို ထပ်မံတွေ့.ရပြန်သည်။ ဝမ်းသာအားရတက်ကြွစွာဖြင့် အိုးငယ်၏ အဖုံးကို ဖွင့်လိုက်ပြန်လေသော် ဝါဝါဝင်းရွှေထည်ပစ္စည်းများ ဖြစ်နေပေသည်။ ဆွဲကြိုး၊ ပုတီး၊ လက်ကောက်၊ ခြေကျဉ်း၊ နားဆွဲ၊နှင့် ရွှေတုံးရွှေခဲများပေတကား။

ထူးဆန်းသည်မှာ ငွေဒင်္ဂါးများမှာ ခုနစ်ထောင်ကျော်မျှ ဖြစ်သော်လည်း ရွှေအလေးချိန်မှာ နှစ်ဆယ်ကျော်ခန့်ရှိ ပဌာန်းသုံးဆယ့် ငါးခေါက် ရှိတတ်သည့်အကြိမ်နှင့်အညီမျှ သုံးဆယ့်ငါးကျပ်သားတိတိ ရှိနေခြင်းပင် ဖြစ်ပေသည်။

ဤဆောင်းပါးအစဉ် ဖော်ပြခဲ့သည့် ကျပ်ငါးထောင်ခန့် အကုန်ကျခံ၍ ရိုက်နှိပ်သော အလှူဖိတ်စာမှာ ဆရာဝန် ဦးကျော်မွေး၏ အလှူဖိတ်စာ ဖြစ်ပါကြောင်းကို အထူးအစီရင်ခံရန် လိုတော့မည်မဟုတ်ပေ။

စာရှုသူများ ပဌာန်းတရား ရှုတ်ပွားမှ ကောင်းကျိုးခံစားနိုင်ကြပါစေ။

*

အခန်း (၉)

ပဌာန်းတန်ခိုးကြောင့် ဂုဏ်ရှိန်တိုးခြင်း

ပဌာန်းအရွတ်ဆုံးလူသား

'ပဌာန်းတရားအပွားများဆုံး လူသားတစ်ယောက် ကျွန်တော် တွေ့ဖူးထားတယ်၊ ကျွန်တော်တွေ့ဖူးထားတဲ့ လူသားထဲမှာတော့ သူဟာ ပဌာန်းတရားကို ရွတ်ဖတ်အပွားများဆုံးပဲလို့ ကျွန်တော် ယူဆထားပါတယ်။ နတ်တွေထဲမှာတော့ သူ့ထက်သာသူ ရှိချင်ရှိမှာ ပေါ့လေ'

ဤသို့ ကျွန်တော်၏ မိတ်ဆွေဆရာကြီးဦးစာကျော်က သူ၏ အယူအဆကို ကျွန်တော့်အား ပြောပြပါသည်။ ပြောပြခြင်း၏ အကြောင်း ရင်းမှာ ဤသို့ဖြစ်ပါသည်၊

ပဌာန်းတန်ခိုး၊
မြတ်ကောင်းကျိုးကား၊
သူခိုးရန်ပ၊
ဓားပြရန်ပြေ၊
တစ္ဆေရန်လွဲ၊
သရဲရန်ပြတ်၊
ဘုတ်ကျတ်ရန်ဝေး၊
မီးဘေးရန်ကွာ၊
ရတနာပိုင်စိုး၊
ဂုဏ်ရှိန်တိုး၍...

အစချီလက်ဟောင်းဖြင့် ပဌာန်းတန်ခိုးကြောင့် ရရှိနိုင်သည့်အကျိုး တရား (၁၂)ပါးကို ဖော်ပြခဲ့ပါသည်။

ယင်းအကျိုးတရား (၁၂)ပါးထဲမှ ရှေ့ပိုင်းအကျိုး(၇)မျိုး၏ အကြောင်းအရာကို သက်သေစာတ်လမ်းများနှင့်တကွ ရေးသားခဲ့ပြီးဖြစ်လေရာ ယခု (၈)နံပါတ်ဖြစ်သည့် ဂုဏ်ရိုန်တိုးသော ပဌာန်းတန်ခိုး၏ အကြောင်းအရာ သက်သေစာတ်လမ်းကို ရေးပါမည်။

'အဲဒီပဌာန်းအရွတ်အဖတ်ဆုံးလူသားတစ်ဦးဆိုတာက ဘယ်သူလဲဆရာ'

'ကိုတက်အင်း အဲဒီလူကိုသိပါတယ်လေ၊ ကျွန်တော်က ပြောရဦးမှာလား၊ မသိဘူးဆိုရင်တော့ ပြောရမှာပေါ့'

'ဟုတ်ကဲ့ ပြောပါဆရာ'

'သူက ကျွန်တော့်မိတ်ဆွေရင်းချာပါ၊ ခင်ဗျားနဲ့လဲ မိတ်ဆွေရင်းချာပေါ့လေ။ ဆူးလေစေတီတော်ရင်ပြင်မှာတည်ရှိတဲ့ အဘိဓမ္မာပြန့်ပွားရေးအသင်းမှ အဘိဓမ္မာသင်တန်းပြ ဆရာကြီး ဦးလှမောင်-(M.A., M.S., B.L.)လေ၊ အသင်းရဲ့ ဒုတိယဥက္ကဋ္ဌပေါ့ဗျာ'

'ဟုတ်ကဲ့၊ သိပါပြီဆရာသိပါပြီ၊ ဝိုင်အမ်ဘီအေအသင်းရဲ့ နာယကကြီး၊ အဲဒီအသင်းမှာ လူငယ်တွေကို အခြေခံဗုဒ္ဓဘာသာနှင့် သင်္ဂြိုဟ်သင်ကြားပို့ချတယ်လေ၊ သူက ဘယ်လောက်များ ပဌာန်းတရားကို ရွတ်ပွားလို့လဲဆရာ'

ဤသို့ ကျွန်တော်က ဆရာကြီးဦးစာကျော်အား အဘိယာစကမ္ဘတောင်းပန်ခြင်းပြုလိုက်သောအခါ ဆရာကြီးဦးစာကျော်သည် သူနှင့် ခင်မင်လှစွာသော ဆရာကြီးဦးလှမောင်တို့ နှစ်ဦးအတူတွဲဖက်၍ ဆယ်နှစ်ကျော်ကျော် နေ့စဉ်ပဌာန်းရွတ်ဖတ်သရဇ္ဈာယ်ကြုံအကြောင်းမှစ၍ ပဌာန်းတရားနယ်ပယ်သို့ ဆရာကြီးဦးလှမောင်ရောက်လာပုံ အကြောင်းအရာများကို ကျွန်တော့်အား ပြောပြပါသည်။

မဟာသဒ္ဓမ္မ ဇောတိကဓဇ

ဆရာကြီးဦးလှမောင်

M.A., M,S.,B.L.

ဆရာကြီးဦးစာကျော် ပြောသမျှကို ကျွန်တော်သိထားသမျှနှင့် ပေါင်းစပ်၍ ဤပဌာန်းတန်ခိုးကြောင့် ဂုဏ်ရှိန်တိုးခြင်း ဆောင်းပါးကို ဆက်လက်ရေးသား၍ စာရှုသူတို့အား တင်ပြပါတော့အုံ။

ဗုဒ္ဓအဘိဓမ္မာတရား၏ဆွဲအားကောင်းခြင်း

ဆရာကြီးဦးလှမောင်သည် လောကီပညာ တက္ကသိုလ်စာမေးပွဲ အောင်၍ ကျောင်းမှထွက်ကာ အလုပ်လုပ်စဉ်က နယ်အုပ်ချုပ်ရေးဘက်၌

မြို့.အုပ်ကလေးအဖြစ်မှ စတင်အမှုထမ်းခဲ့သည်။ နောက်မကြာမီ ရန်ကုန် တက္ကသိုလ်ပညာရေးဘက်သို့ ရောက်သွားပြီး မြန်မာစာဌာနတွင် ကထိက အဖြစ် အမှုထမ်းခဲ့သည်။ နောက်မကြာမီ ကမ္ဘာအေး ဗုဒ္ဓတက္ကသိုလ် ဌာနသို့ရောက်လာပြီးလျှင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် စတင် အမှုထမ်း သည်။ နောက်မကြာမီ သာသနာရေးဦးစီးဌာနသို့ရောက်ရှိပြီး ညွှန်ကြား ရေးမှူးချုပ်အဖြစ် အမှုထမ်းပြန်ပါသည်။ ထိုအခါတွင် ဗုဒ္ဓအဘိဓမ္မာကို လွတ်လွတ်ကျွတ်ကျွတ် လေ့လာပွားများနိုင်ပေပြီ။

ဆရာကြီးဦးလှမောင်သည် ငယ်စဉ်အခါကပင် ဗုဒ္ဓအဘိဓမ္မာကို စိတ်ဝင်စားခဲ့သည်။ မန္တလေးမြို့.မှာနေစဉ်က မဟာဝိသုဒ္ဓါရုံတိုက်သို့. ရောက်ရှိခဲ့ပြီး မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ပရမတ္ထသရူပဘေဒနီ ကျမ်းကို နှစ်ခြိုက်စွဲလန်းစွာ ဖတ်ရှုခဲ့သူဖြစ်သည်။ ငယ်စဉ်ကပါလာ သော အလေ့အမှုအတိုင်းပင် ဆရာကြီးဦးလှမောင်သည် အခွင့်အခါ သင့်တိုင်း ဗုဒ္ဓအဘိဓမ္မာကို မပြတ်လေ့လာနေခဲ့သည်။ အထက်၌ ဖော်ပြသည့်အတိုင်း နယ်ဘက်အုပ်ချုပ်ရေး၊ တက္ကသိုလ်ပညာရေး စသည် တို့.၌ အမှုထမ်းဆောင်နေစဉ်အခါမှာလည်း မိမိသိရှိမှတ်သား လိုသော ဗုဒ္ဓအဘိဓမ္မာကို အချိန်ရသမျှ လေ့လာနေခဲ့သည်။ တာဝန် ဝတ္တရား များကြောင့် လွတ်လွတ်ကျွတ်ကျွတ် လေ့လာခွင့်မရခဲ့ပေ။ ယခု သာသနာ ရေးဦးစီးဌာနသို့.ရောက်လာသောအခါ ဗုဒ္ဓအဘိဓမ္မာကို နားလည် တတ်ကျွမ်းသော ရဟန်းပညာရှိ လူပညာရှိတို့.ပေါများပြီး အဘိဓမ္မာဆိုင်ရာ စာအုပ်စာတမ်းပြည့်စုံသည်ဖြစ်၍ ဆရာကြီး ဦးလှမောင်သည် ဗုဒ္ဓ အဘိဓမ္မာကို လွတ်လွတ်ကျွတ်ကျွတ် လေ့လာ ပွားများနိုင်ပေပြီ။

ယင်းသို့ ဝေးလံလှစွာသော နေရာဌာနများမှ ဗုဒ္ဓအဘိဓမ္မာရှိရာ ဌာနချုပ်သို့ ရောက်လာရသည်မှာ ဗုဒ္ဓအဘိဓမ္မာတရားတော်၏ ဆွဲအား ကြောင့် ရောက်လာရခြင်းဖြစ်သည်ဟူ၍ ယူဆရပေသည်။ ယင်းသို့ အပြောင်းအလွဲ ကာလတစ်လျှောက်လုံးတွင် 'ငါသည် ဗုဒ္ဓသာသနာ

တော်နှင့် ကြုံဆုံရခိုက်၌ ဗုဒ္ဓအဘိဓမ္မာ[illegible]ကို ကတ်သိ နာ လည်အောင် ကြိုးစား၍လေ့လာသင်ယူမည်ဟု၍ နိုင်ငံ[illegible]ဆုံ ဖြတ်ချက်ဖြင့် ဗုဒ္ဓ အဘိဓမ္မာပညာရှင် ရဟန်းပညာရှိ လူပညာရှိများ ထံ ဆည်းကပ်ပြီ အဘိဓမ္မာတရား ကို သင်ကြားလေ့လာသည်။

'ဆန္ဒဝတော ကိ' နာမ ကမ္မံ နသိဗ္ဗတိ= လိုအင်ဆန္ဒ၊ ကြိုးမားက၊ မုချအောင်နိုင်မည်'ဟူသော ပရိဘာသာ စကားရှိသည်နှင့်အညီ ဗုဒ္ဓ အဘိဓမ္မာတရားကို လိုလားခြင်း ပြင်းထန်စွာ လေ့လာသူ ဆရာကြီ ဦးလှမောင်သည် တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်စွာ ဗုဒ္ဓ [illegible]ဘိဓမ္မာကို တတ်သိနားလည်သော ဆရာကောင်းများနှင့် တွေ့ရသည်။ အထူး သဖြင့် စစ်ကိုင်းတိုင်း၊ ရေဦးမြို့ လေထပ်ကြီ ဆရာတော် အဖြစ်မှ လူ့ဘဝပြောင်းလာသည့် ဆရာကြီ ဦးကွန် အောင်(ပိဋကတ် မြန်မာပြန် ဒုတိယ အယ်ဒီတာချုပ်)၏ လက်ထပ်သင်ပြပေ ခြင်းကို ခံယူခဲ့ရကား ဗုဒ္ဓအဘိဓမ္မာကို တတ်ကျွမ်းနားလည်ရုံမျှမက အဘိဓမ္မာပြန်.ပွား.ရေ အသင်း၊ ဝိုင်အမ်အေအသင်းတို့.တွင် အဘိဓမ္မာသင်တန်းပြ ဆရာ အဖြစ် သို့.ပါ ရောက်ရှိခဲ့လေသည်။

အထူးသဖြင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် အမှုထမ်းစဉ် ဗုဒ္ဓအဘိဓမ္မာတတ်ပညာရှင်များနှင့် တွဲဖက်ကာ ပရမတ္ထ သရူပဘေဒနီကျမ်း၊ ပရမတ္ထသံခိပ်ဋီကာ၊ ဓမ္မသင်္ဂဏီနှင့် ဝိဘင်္ဂမြန်မာပြန် ကျမ်း စသော ထိပ်တန်းအဘိဓမ္မာကျမ်းကြီးများကို တည်းဖြတ်ပြင်ဆင် ရခြင်းကြောင့် ဗုဒ္ဓအဘိဓမ္မာ ပညာဉာဏ်ရင့်သန်လာခဲ့ပေသည်။

မစိုးရိမ်အဘိဓမ္မာနည်း

ဆရာကြီးဦးလှမောင်သည် မစိုးရိမ်ဆရာတော်ဘုရားကြီးဘဒ္ဒန္တ သူ ရိယာဘိဝံသထံသို့ ချဉ်းကပ်၍ အဘိဓမ္မာအယူအဆများကို မပြတ်မှတ် သားခဲ့၏။ ဆရာကြီးဦးလှမောင်ကိုယ်တိုင် ပြောပြချက်တစ်ရပ်ကို ဤနေရာ ၌ ဖော်ပြပါမည်။ တစ်နေ့တွင် အဘိဓ၈ မစိုးရိမ်ဆရာတော်ဘုရားကြီးက-

'ဟေ့-မောင်လှမောင်၊ မင်းအဘိဓမ္မာပညာကို တတ်ထားလျှင် လက်တွေ့ကျင့်သုံး၍ အသုံးချတတ်ရမယ်။ဘယ်လိုလက်တွေ့ကျင့်သုံး ရမလဲ၊ ဆိုပါတော့ကွာ မင့်ရဲ့အိမ်က ထမင်းစားပွဲမှာ မကြိုက်တဲ့ ဟင်းတစ်ခွက် ပါလာတယ်ဆိုပါတော့၊ ကဲ ကဲ အဲဒီအခါမှာ ဘယ်သူကို စိတ်ဆိုးမလဲ'

ဤသို့ ဆရာတော်ကြီးက မေးသောအခါ ဆရာကြီးဦးလှမောင် လေးလေးနက်နက် တွေးနေသည်။ ဟင်းချက်ရမည့် ပစ္စည်းကိုဝယ်ရန် ဈေးသွားသူ၊ မီးဖိုထဲမှာ ဟင်းချက်သူ၊ ထမင်းပွဲရောက်အောင် ဟင်းထည့်ပေးသူဟူ၍ လူများစွာထဲမှ ဘယ်သူ့ကို စိတ်ဆိုးရမည်ကို စဉ်းစား တွေးတောကြည့်နေသည်။ လျှောက်ရန်ခက်နေသည်။ ထိုအခါ ဆရာတော်ကြီးက -

'မောင်လှမောင်၊ ဘယ်သူ့ကိုမှ စိတ်ဆိုးမနေပါနဲ့လေ၊ အဘိဓမ္မာ သဘောအရ မကြိုက်တဲ့ဟင်းကိုတွေ့တော့-

မကြိုက်တဲ့ဟင်းကို မြင်ရတာဟာ အကုသလဝိပါက်စက္ခုဝိညာဉ်၊
မကြိုက်တဲ့ဟင်းရဲ့အမည်ကို ကြားရတာဟာ အကုသလဝိပါက် သောတဝိညာဉ်၊
မကြိုက်တဲ့ဟင်းအနံ့ကို နံ့ရတာဟာ အကုသလဝိပါက် ဃာနဝိညာဉ်၊
မကြိုက်တဲ့ဟင်းအရသာ ခံရတာဟာ အကုသဝိပါက် ဇိဇ္ဈာဝိညာဉ်၊
မကြိုက်တဲ့ဟင်းကို ထိတွေ့နေရတာဟာ အကုသလဝိပါက် ကာယဝိညာဉ်တွေ မဟုတ်လား။

အဲဒီလို အကုသလဝိပါက် ဝိညာဉ်စိတ်တွေဟာ အကျိုးတရားတွေ ချည်းပဲ၊ အကုသိုလ်က် အကြောင်းကြောင့်ဖြစ်ရတာချည်းပဲ။ အတိတ်အခါ တုန်းက ကိုယ်တိုင်လုပ်ခဲ့တဲ့ အကုသိုလ်ကံဆိုတဲ့ အကြောင်းတရားကြောင့် ဖြစ်လာတာတွေပဲ။ အကြောင်းအကုသိုလ်ကံဆိုတာကလဲ စိတ်ဆိုးဖို့ အခုပစ္စုပ္ပန်မှာ မရှိတော့ဘူး။ ချုပ်ပျောက်နေပြီ။ စိတ်ဆိုးစရာ မရှိတော့ဘူး။

အဲဒီလို မဖြစ်အောင် မကြိုက်တဲ့ဟာင်း မတွေ့ရအောင် အကုသိုလ်ကို မလုပ်မိဖို့ သတိထား ရမယ်။ ကုသိုလ်များများ လုပ်ဖို့ သတိထားရမယ်။ အဘိဓမ္မာပညာ တတ်ထားတော့ အဲဒီလို အဘိဓမ္မာကို လက်တွေ့ကျင့်သုံးရမယ်'

ဟူ၍အမိန့်ရှိကြောင်း ဆရာကြီးဦးလှမောင်က ကျွန်တော့်အား ပြောကြားဖူးပါသည်။

ပဋ္ဌာန်းတရား ပွားများခြင်း

ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုက်စားသော အခါ အဘိဓမ္မာခုနစ်ကျမ်းတွင် အကြီးမြတ်ဆုံး ပဋ္ဌာန်းကျမ်းကြီး၏ ဂုဏ်ကျေးဇူးကြီးမားပုံများကို သဘောပေါက်နာလည်သောကြောင့် ပဋ္ဌာန်း ကျမ်း၏ အခြေခံဖြစ်သော ဥဒ္ဒေသနှင့်နိဒ္ဒေသပါဠိတော်ကို အရကျက်၍ ဆောင်ရွက်ရွတ်ဆိုခဲ့သည်။ ဆရာကြီးဦးလှမောင်သည် မိမိကိုယ်တိုင် သာမက အခြား ခင်မင်ရင်းနှီးသူများ ကိုလည်း ကျက်မှတ်ရွတ် ဆိုရန် တိုက်တွန်းနှိုးဆော်သည်။

ဆရာကြီးဦးလှမောင်သည် ပဋ္ဌာန်းဥဒ္ဒေသနှင့် နိဒ္ဒေသပါဠိတော်ကို နေ့စဉ်ည, နံနက်, အိပ်ရာဝင်, အိပ်ရာထစသည်တို့၌ အနည်းဆုံး တစ်ခေါက်စီ မှန်မှန်ရွတ်သည်။ အချိန်ရလျှင်ရသလောက် တိုးတက်၍ ရွတ်သည်။ အိမ်မှရုံးသို့သွားစဉ် (၁၅)မိနစ်အတွင်း * တစ်ခေါက် ရွတ်သည်။ ရုံးရောက်သောအခါ ဦးစာကျော်နှင့်တွဲ၍ အစည်းအဝေးခန်းမတွင်းရှိ မြတ်စွာဘုရားရုပ်ပွားတော်ရှေ့၌ ပဋ္ဌာန်းရွတ် ဘုရားရှိခိုး၍ အမျှပေးဝေ သည်။ ရုံးဆင်းအိမ်အပြန် လမ်းသွားရင်း (၁၅)မိနစ်အတွင်း၌ ပဋ္ဌာန်းဥဒ္ဒေသ နှင့် နိဒ္ဒေသပါဠိတော်ကို တစ်ခေါက်ရွတ်သည်။ ယင်းသို့ ရွတ်ရာ၌

---

* ဆရာကြီးဦးလှမောင်၏ နေအိမ်သည် ရန်ကုန်မြို့, ဒဂုံမြို့နယ်၊ စကားဝါလမ်းနှင်ငံခြား ရေးဝန်ကြီးဌာနအနီး၌တည်ရှိပြီး၊ ရုံးမှာ ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာနရုံး ဖြစ်ပါသည်။

မှန်မှန်ရွတ်လျှင် (၁၅)မိနစ်ကြာ၍ မြန်မြန်ရွတ်လျှင် (၇)မိနစ်မှ (၁၂)မိနစ် အထိ ကြာတတ်ပေသည်။ အလေ့အလာများသောကြောင့် ကျွမ်းကျင် မြန်ဆန်ခြင်း ဖြစ်ပေသည်။

ဆရာကြီးဦးလှမောင်သည် ဖော်ပြခဲ့သည့်အတိုင်း ကိုယ်တိုင်ရွတ် ဆိုရုံမျှမက ရင်းနှီးသူများ၊ အလုပ်လိုချင်သူများ၊ ရာထူးတက်ချင်သူများ၊ စီးပွားရေးအခက်အခဲ ရှိနေသူများ၊ အခက်အခဲအကြပ်အတည်း ကြုံတွေ့ နေသူများအားလည်း ပဌာန်းဥဒ္ဒေသနှင့် နိဒ္ဒေသပါဠိတော်ကို ရွတ်ဖတ် သရဇ္ဈာယ်ရန် တိုက်တွန်းသည်။

မိမိ၏မွေးနေ့အထိမ်းအမှတ်၊ မိဘဆွေမျိုးများ၏မွေးနေ့ အထိမ်း အမှတ်များ အဖြစ် ပဌာန်ဥဒ္ဒေသနှင့် နိဒ္ဒေသ စာအုပ်ငယ်များကို ဓမ္မဒါန အဖြစ်ရိုက်နှိပ် ဝေငှလှူဒါန်းသည်။ အကြိမ်ပေါင်းများစွာပင်ဖြစ်သည်။ အခြား သူများကိုလည်း လှူဒါန်းရန်တိုက်တွန်းသည်။

ဤသို့ဖော်ပြခဲ့သော အကြောင်းများကြောင့် ဆရာကြီးဦးလှမောင် သည် ပဌာန်းတရားကိုအပွားများဆုံးလူသားဖြစ်ကြောင်း ဆရာကြီး ဦးစာကျော်က ဆုံးဖြတ်ထားကြောင်းကို ကျွန်တော်အား ပြောပြ ပါသည်။ ပဌာန်းနှင့်တွဲ၍ သဗ္ဗမင်္ဂလာဂါထာကိုပါ ရွတ်လေ့ရှိကြောင်းကိုလည်း ပြောပြပါသည်။

ပဌာန်းတန်ခိုးကြောင့် ဂုဏ်ရှိန်တိုးပုံ

ပဌာန်းတရားကို ရွတ်ဖတ်အပွားများဆုံးဖြစ်သော ဆရာကြီး ဦးလှမောင်၏ နဂိုဓာတ်ခံမှာလည်း ရတနာသုံးပါနှင့် အနုန္တ ဝါးပါးကို ကြည်ညိုလေးစားခြင်း၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံခြင်း ဟူသော ကောင်းမြတ်သော ဂုဏ်အင်္ဂါများ ရှိထားသည် ဖြစ်သောကြောင့် အခြားလိုအပ်သည့် ကောင်းမြတ်သော ဂုဏ်ရှိန်များ တိုး၍ ဖွံ့ဖြိုးလာတော့ သည်။ ဘေးရန် အနှောင့်အယှက်များမှ ကင်းရှင်း၍ ကျန်းမာခြင်းဂုဏ်နှင့် လည်း ပြည့်စုံရပေသည်။

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်မှ အသက်ပြည့်၍ အငြိမ်းစားရရှိသောအခါ ရာထူးခန့်ထားရေးအဖွဲ့ဝင်အဖြစ် တစ်ဆင့်တက်၍ အမှုထမ်းရပြန်သည်။ ယင်းအလုပ်မှာ နှစ်နှစ်ခန့် ကြာသောအခါ နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်တင် မြှောက်ခြင်း ခံရပြန်သည်။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ကို ပေးအပ်ခြင်း ခံခဲ့ရသည်။ ထိုပြင်ဆရာကြီး ဦးလှမောင်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကအပ်နှင်းသော 'မဟာသဒ္ဓမ္မဇောတိကဓဇ'သာသနာပြု ဘွဲ့တံဆိပ်တော်ကိုလည်း လက်ခံရရှိခဲ့ပါသည်။

ဤသို့လျှင် ဖော်ပြခဲ့သည့်အတိုင်း ပဋ္ဌာန်းတရားအပွားများဆုံးဖြစ်သော လူသာ တစ်ဦးသည် ပဋ္ဌာန်းတန်ခိုး ကြောင့် ဂုဏ်ရိုးနှိုးခြင်း အကျိုးတရား ကို ခံစားရပြီးလျှင်၊ ယခုအခါ ဘဝ၏ပန်ထုပ်ပန်ပိုး ကို ပစ်ချပြီး ဘဝတသွန် တမလွန်သို့ ရွှေ့ပြောင်းခဲ့ရရှာလေပြီ။

စာရှုသူများ ပဋ္ဌာန်းတရားပွားများ၍ ကောင်းကျိုးတရား ခံစားနိုင်ကြပါစေ။

*

အခန်း(၁၀)

ပဌာန်းဂုဏ်ရည် အသက်ရှည်

ဆဋ္ဌသံဂါယနာတင်ပွဲကြီး

သာသနာတော်တစ်ဝက်အချိန်ကာလကို မျှော်မှန်း၍ မြန်မာနိုင်ငံ ရန်ကုန်မြို့. ကမ္ဘာအေး မဟာပါသဏလိုဏ်ဂူတော်၌ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ဆင်ယင်ကျင်းပသည်။ ထိုသံဂါယနာတင်ပွဲကြီး၌ သံဂီတိဥက္ကဋ္ဌ ဆရာတော်အဖြစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့.တော်ရ မန္တ လေးမြို့. ညောင်ရမ်း ဆရာတော် ဘဒ္ဒန္တ ရေဝတမထေရ်က ဆောင်ရွက်တော်မူခဲ့သည်။

ဆဋ္ဌသံဂါယနာတင်ပွဲကို မြန်မာသက္ကရာဇ် ၁၃၁၆–ခုနှစ်၊ ကဆုန်လပြည့်မှစတင်၍ ၁၃၁၈–ခုနှစ်၊ ကဆုန်လပြည့်မှာ အပြီးသတ်ရန် စီစဉ်ထားကြသည်။ သို့မှသာ သာသနာတော်နှစ် ၂၅၀၀–ပြည့်နှင့် ကိုက်ညီမည်ဖြစ်သည်။ ဆဋ္ဌသံဂါယနာတင်ပွဲကို ထေရဝါဒနိုင်ငံများ ဖြစ်ကြသော ထိုင်း၊ ကမ်ဘူချား၊ လာအို၊ သီရိလင်္ကာနှင့် မြန်မာ ငါးနိုင်ငံတို့.မှ ရဟန်းတော်များ ပါဝင်ပြုလုပ်မည် ဖြစ်သည်။ သံဂါယနာတင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပိဋကသုံးပုံ တည်းဟူသော ဗုဒ္ဓဒေသနာတော်များကို ပါဠိစာပြင်အမျိုးမျိုးနှင့် ပုံနှိပ်တိုက်အမျိုးမျိုးတို့မှ ရိုက်နှိပ်ထုတ်ဝေခဲ့ကြသည် ဖြစ်သောကြောင့် ရှေးရှေးသံဂါယနာ ငါးတန်တင်ထားသည့် ပိဋကသုံးပုံမူတို့.နှင့်မတူ ကွဲပြားချက်များပြားနေသောကြောင့် ညှိနှိုင်းပြင်ဆင်၍ တညီတညွတ်တည်း ဖြစ်စေရန် ဖြစ်သည်။

ထိုဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် သံဂီတိမဟာနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့သော ဗဟိုဝန်ဆောင်သံဃအဖွဲ့.ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးသည် သန္ဓိပါတ နှစ်ကြိမ်ပြီးဆုံးသည့် ၁၃၁၆–ခု၊ တပို့တွဲလပြည့်နေ့တွင် ဘဝနတ်နန်း ကြွမြန်း

တော်မူသောကြောင့် သံဂီတိမဟာနာယကအဖြစ်နှင့် အဘိဓမ္မာရဟန္တဂုရု ဘွဲ့တော်ရ မန္တလေးမြို့ မစိုးရိမ်ဆရာတော်ဘုရားကြီးဦးသူရိယာဘိဝံသအား ထပ်မံ၍ တင်မြှောက်ကြရပါသည်။ သံဂီတိမဟာနာယက မစိုးရိမ်ဆရာတော်ကြီးသည် ထိုတတိယသန္နိပါတမှစ၍ ဆဋ္ဌသန္နိပါတ၊ ဆဋ္ဌသံဂါယနာတင်ပွဲကြီးပြီးသည့်တိုင်အောင် သံဂီတိမဟာနာယကနှင့် ဗဟိုဝန်ဆောင်သံဃာ့အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆဋ္ဌသံဂီတိမဟာနာယက မစိုးရိမ်ဆရာတော်ကြီး

ဤတွင် သံဂီတိမဟာနာယကအဖြစ် တင်မြှောက်ခြင်းခံတော်မူရသော အဘိဓမ္မာရဟန္တဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ အရည်အချင်းများကို ရေးသားဖော်ပြရလျှင် ဤဆောင်းပါး၏ မူလရည်ရွယ်ရင်းအချက်ဖြစ်သည့် 'ပဋ္ဌာန်းဂုဏ်ရည် အသက်ရည်'ဟူသော အကြောင်းအရာပေါ်လွင်ထင်ရှားမည်ဖြစ်သောကြောင့် ဤနေရာ၌ အကျဉ်းချုပ်၍ ကျွန်တော်သိရှိထားသမျှ တင်ပြပါရစေ။

ကျေးဇူးရှင်မစိုးရိမ်ဆရာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၄၁-နှစ်တွင် ဖွားမြင်တော်မူခဲ့ပြီး ငယ်စဉ်အခါမှစ၍ ထူးခြားသည့် သာသနာပြုအလောင်းအလျာ ဖြစ်ခဲ့သည်။(၆)နှစ်အရွယ် ကျောင်းစ, ထားသည့်နေ့မှာပင် ကကြီး ခရွေး ဗျည်းအက္ခရာများကို တတ်သိပြီး သင်ပုန်းကြီးကို အထူးတလည် မသင်ရဘဲ သဘောပေါက်ကာ စာကိုရေးတတ် ဖတ်တတ်ဖြစ်ခဲ့သည်။

(၁၄)နှစ်သားအရွယ် ရှင်ပြုသောအခါ၌ ဥပဇ္ဈာယ်ဆရာတော် ထံမိမိအား ရှင်သူရိယဟူသော ဘွဲ့အမည်ကိုပေးပါရန် တောင်းပန် လျှောက်ထားသည်။ ဥပဇ္ဈာယ်ဆရာတော်က 'ဘာကြောင့်လဲ'ဟု မေးသောအခါ 'သာသနာတော်၌ ထင်ရှားသော သဲအင်းသာသနာပိုင်၏ ဘွဲ့အမည်ဖြစ်သောကြောင့်ပါဘုရား'ဟူ၍ အကြောင်းကိုလျှောက်ထားသည်။ ထိုအခါ ဥပဇ္ဈာယ်ဆရာတော်က 'အေး ကောင်းပြီ၊ ငါကလဲ မင်းတောင်းတဲ့ သဲအင်းသာသနာပိုင်ဘွဲ့အမည်အတိုင်း ရှင်သူရိယလို့ ဘွဲ့ပေးမယ်၊ မင်းက

လဲ သဲအင်းသာသနာပိုင်လို စာတတ်ပေတတ်ဖြစ်အောင် ကြို့ စား'ဟူ၍ မိန့်တော်မူကာ 'ရှင်သူရိယ'ဟူ၍ အမည်ပေးခဲ့လေသည်။ *

ရဟန်းဖြစ်၍ စာသင်ယူပြီးသောအခါ၌လည်း ထိုခေတ်ထိုအချိန်က အဘိဓမ္မာအရာ ညဝါအရာ၌ တက္ကသိုလ်ကြီးဖြစ်သည် ဟူ၍ချီးမွမ်းရသည့် မန္တလေးမြို့ မိုးကောင်းတိုက်၌ နာဂိန္ဒာဘိကဝိဓေမဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ မဟာဝေယ်ဘုံကျော်ဆရာတော်ကြီးနှင့် အဘိဓမ္မတ္ထ သရူပ ဒီပကကျမ်းပြု မြို့ပြင်ကြီးဆရာတော်တို့ထံတွင် ပညာသင်ယူ ဆည်းပူးခွင့် ရရှိခဲ့ပေသည်။

မြို့ပြင်ကြီးဆရာတော်သည် မန္တလေးခေတ်တွင် အဘိဓမ္မာပညာ ဆိုင်ရာမှာ လွန်စွာကျမ်းကျင်တတ်သိတော်မူပေသည်။ ထိုဆရာတော်ကြီး စီရင် ရေးသားတော်မူသည့် -

၁။ စိတ္တသရူပဒီပက၊

၂။ စေတသိကသရူပဒီပက၊

၃။ ရူပသရူပဒီပက၊

၄။ နိဗ္ဗာနသရူပဒီပက

ဟူ၍ အဘိဓမ္မတ္ထသရူပဒီပက လေးကျမ်းရှိရာ၊ထိုကျမ်းကြီးများတွင် အဘိဓမ္မာဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများ အာစရိယဝါဒ များပါ ထည့်သွင်း မွေနှောက် ချောက်ချား၍ ရေးသားထားပေသည်။ထို့ပြင် စာသင် နှုန်ယ်ပျိုရွယ်သူတို့အတွက် ရေးသားတော်မူသော မြို့ပြင်ကြီး

---

* အရှင်သူရိယဘာဘိဝံသ ဘွဲ့မည်တော်ရှိ ပထမသဲအင်းသာသနာပိုင်ကြီး (သက္ကရာဇ် ၁၁၂၅-၁၂၁၀)သည်ပခန်းကြီးဇာတိ၊ ကုန်းဘောင်ခေတ် ဘိုးတော်ပဒုံမင်းလက်ထက်မှ စ၍ သာယာဝတီမင်းလက်ထက်တိုင် မင်းသုံးဆက် သာသနာပိုင်ဖြစ်ခဲ့ပြီး၊ ပဋ္ဌာန်း ဆိုင်ရာ သုံးချက်စု၊ ပစ္စည်းပြိုင်ရာသီစု၊အရကောက် ကျမ်းများစွာကို ပြုတော်မူခဲ့ပါသည်။ ဤနေရာ၌ မစိုးရိမ်ဆရာတော်ကြီးသည် ရှင်သူရိယ ဟူသော ဘွဲ့အမည်ကိုရွေးရာ၌ ထိုစဉ်က မန္တလေးမြို့ခင်မကန်၌ စာချအကျော် ဆရာတော်ဦးသူရိယကို သဘောကျ၍ ရွေးယူခဲ့သည်ဟု မစိုးရိမ်ထေရပ္ပတ္တိကထာ (စာ-၈)၌ ဖော်ပြထား၏။

သင်္ဂြိုဟ်အကောက်ကျမ် မှာ စာသင်သားများ မလွတ်စတမ်း ဖတ်ရှုလေ့လာ ရသည့် အဘိဓမ္မတ္ထ သင်္ဂဟအကျ ကျမ်းတစ်စောင်ပင် ဖြစ်သည်။

ရှင်သူရိယသည် ပရိယတ္တိစာပေများကိုသင်ယူပြီး နှစ်သက် ရာအတန်းကို ဖြေဆိုနိုင်ခွင့်ရှိသည့် အစိုးရပထမပြန်စာမေးပွဲ၌ ပထမငယ် တန်းကို အသက် (၁၆)နှစ်တွင် နံပါတ်(၁)စွဲ၍အောင်မြင်တော်မူခဲ့ပါသည်။ အသက်(၁၇)နှစ်တွင် ပထမလတ်တန်းကိုမဝင်ပဲ ပထမကြီးတန်းကိုပင် ဝင်ရာ နံပါတ်(၁)ဖြင့် အောင်မြင်သည်။ ပထမကြီးတန်းကို ထပ်မံ ဖြေဆိုတော်မူခဲ့ပြန်ရာ အသက်(၂၀)ရဟန်းဖြစ်သည့်နှစ်တွင် ပထမကျော်စွဲ၍ အောင်မြင်တော်မူခဲ့ပါသည်။ မြန်မာပြည် ဘုရင်ခံကိုယ်တိုင် ပထမကျော် အောင်လက်မှတ်ကို ဆက်ကပ်သည်။ ရဟန်းဖြစ်ပြီး သက်တော် (၂၄)နှစ် ၁၂ဖိ၅ခုတွင် သက္ကသီဟစာသင်တန်း အောင်သည်။ သက်တော် (၂၇)နှစ် ၁၂၇၀ ပြည့်တွင် သက္ကသီဟစာချတန်း အောင်မြင်သည်။

သက်တော် (၃၁) ၁၂၇၁ ခုတွင် မစိုးရိမ် ကျောင်းတိုက်ကြီး၏ မဟာနာယကဖြစ်၍၊ သက်တော် (၅၁) ၁၂၉၁ခုတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို အလှူခံရရှိသည်။ သက္ကရာဇ် ၁၃၁၇ခု၊ သက်တော် (၇ဖ)နှစ် တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ဖော်ပြခဲ့သည့်အတိုင်း အဘိဓမ္မာအရာ၌ ထူးချွန်ထင်းရှားတော်မူ ကုန်သော ဆရာကောင်းများထံ နည်းခံ၍ နေ့ဝါ ညဝါ တတ်မြောက်ခဲ့သည့် မစိုးရိမ်ဆရာတော်ကြီးသည် ခက်ခဲနက်နဲကျယ်ဝန်းလှစွာသော ပဋ္ဌာန်း သဘောတရားများကို စာသင်နှုန်ယ် တပည့်ငယ်များအား သဘောပေါက် ကျေပွန်အောင် သင်ကြားပေးရာတွင် (၂၄)ပစ္စည်း မျိုးတူခွဲခြားကာ သင်ပြပေးသောအခါ လျင်မြန်စွာ တတ်သိနားလည်ကြပေသည်။ လူဝတ် ကြောင် တပည့်နှင့် ရဟန်းတော်တပည့်များ လွန်စွာ ထွန်းကားခဲ့သည်။ မစိုးရိမ်ပဋ္ဌာန်းသင်နည်းဟူ၍လည်း ပဋ္ဌာန်းနည်းတစ်ဆူ ထွန်းပေါ်ခဲ့ပေ သည်။ ယနေ့မြန်မာနိုင်ငံ၌ ပဋ္ဌာန်းတရားတော်များ ထွန်းကား ပြန့်ပွားနေ သည်မှာ မစိုးရိမ်ဆရာတော်ကြီး၏ ကျေးဇူးနှင့်မကင်းဟုဆိုသော် ဆိုထိုက်လှ ပေသည်။

အဘိဓေမဟာရဋ္ဌဂုရု
ဆဋ္ဌသံဂီတိ မဟာနာယက
သက်တော်ရှည် မစိုးရိမ်ဆရာတော်ဘုရားကြီး

ထို့ပြင် မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယာဘိဝံသသည် အဘိဓမ္မာ အရာ ပဋ္ဌာန်းအရာ၌ လေ့လာသူဝို့အား အကျိုးများစေသည့်-

၁။ ပဋ္ဌာနသင်္ဂဟနယူပဒေသကျမ်း

၂။ ပဋ္ဌာန်းအကျဉ်းချုပ်ကျမ်း၊

၃။ ပဋ္ဌာန်း ၂ ချက်စုကျမ်း၊
၄။ ပဋ္ဌာနသရူပနယူပဒေသကျမ်း
အစရှိသော ပဋ္ဌာန်းဆိုင်ရာကျမ်းများကို ပြုစုရေးသားတော်မူခဲ့သည်။
အထူးသဖြင့် ပဋ္ဌာန်းသာသနာကို ထင်ရှားစေသည့်-
၁။ မန္တလေးမြို့၊ မစိုးရိမ်ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ၊ အဘိဓေ
မဟာရဋ္ဌဂုရု၊
၂။ ရန်ကုန်မြို့ပြည်လမ်း မူလပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တ နာရဒ၊
အဂ္ဂမဟာ ပဏ္ဍိတနှင့်
၃။ စစ်ကိုင်းတောင်ရိုး၊ ပဋ္ဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊
အဂ္ဂမဟာပဏ္ဍိတ
ဟူသောပဋ္ဌာန်း ပါရဂူ၊ ပဋ္ဌာန်းပါမောက္ခ ပုဂ္ဂိုလ်ထူးတပည့်ကြီး များကိုလည်း
မွေးထုတ်တော်မူခဲ့ပေသည်။

ဖော်ပြခဲ့သည့်အတိုင်း ပဋ္ဌာန်း သာသနာပြု ပုဂ္ဂိုလ်ထူးကြီးတစ်ဆူ ဖြစ်တော်မူသော မစိုးရိမ်ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသအား ဆရာတော်ကြီးထံတွင် ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးရှောင်ရင်း မင်းကွန်းတောင်ရိုး ဒေါ်ကြမ်းတိုက်မှာ ပဋ္ဌာန်းစာဝါဆိုတော်မူသော ပဋ္ဌာန်းစာသင်သား မင်းကွန်းတိပိဋကဓရဆရာတော်က ပဋ္ဌာန်းစာဝါပြီးဆုံးသောအခါ မေတ္တာ့ယာဉ်ပျံဟူသော ကလောင်အမည်ဖြင့် အောက်ပါ တေးထပ်ကို ဂုဏ်ပြုပူဇော်ခဲ့လေသည်။

ကွန်းရွှေမြိုင် သောင်းကေတုဆီက
သြောင်း ဟေတုဟေဟူ။
ဒေါင်းရွှေဥ နေတစ်ဆူငယ်
ဧယျတူသံရင့်။
ကျောင်းဆောင်တော်ဝေဧယန်ဝယ်
နေရဿန် လမ်းဖြောင့်ကိုဖွင့်။
ပစ္စည်း(နှင့်)ပစ္စယုပ္ပန်
နှစ်ရပ်နာမ်ဒွန်ပွင့်။

ဖြစ်ချုပ်ဟန် ညွှန်သဖြင့် သာပ
ခုနစ်ဆင့်ဟောရှုင်။
စက်ဘုန်းရောင် သာရှင်မြူးသောကြောင့်
ကြာခင်ဘုံးပွင့်မည့်အရှင်။
မစိုးရိမ့် ဂုဏ်သခင်ကို
စုံအလင် ဆုချွေသန့်ပါလို့။
ဥဒေတယဲ့ မောရဗျာဂီ
ဟောဖျလာပြီ။
နိဗ္ဗာန်နန်း မှူးမယ်ထေရ်ကို
ဦးငဲ့ချီ ငွေဒေါင်းဘုရားလေး။ ။

အဘိဓမ္မစိုးရိမ် ဆရာတော်ဘုရားကြီးသည် ဤခေတ် ဤအခါ၌ လူသာမန် ရဟန်းသာမန်တို့ထက် လွန်ကဲစွာ ၁၃၃၇-ခုနှစ် သက်တော် (၉၆)နှစ်အထိ လူ့ပြည်မှ လူသားတို့အား ပဌာန်းတရား ဟောကြားတော်မူပြီး နတ်ပြည်ကျောင်းဝိဟာသို့ ပြောင်းကြွ၍ ပဌာန်း တရားဟောကြားတော်မူပေသည်။

ဤမျှ ဖော်ပြလျှင် ပဌာန်းတန်ခိုးကြောင့် အသက်ရှည်ကြောင်း သိသာလောက်ပြီဟူ၍ ယူဆပါသည်။

စာရှုသူများ ပဌာန်းတရားပွားများ၍ အကျိုးခံစားနိုင်ကြပါစေ။

အခန်း (၁၁)

ပဌာန်းရွတ်က ကျန်းမာရ

ဆေးကြောင့်ဖြစ်သောရောဂါ

'ဆေးကြောင့်ရောဂါ၊ ဖြစ်ပေါ်လာ၊ လွန်စွာကုခက်သည်'ဟူ၍ မြန်မာတို့ ဆိုရိုးစကား ရှိပေသည်။ သဘောမှာ လူတို့၌ ရောဂါတစ်ခုခု စွဲကပ်လာပါလျှင် ယင်းရောဂါ ပျောက်ကင်းစေရန်အတွက် ဆေးဖြင့် ကုသကြရသည်။ ယင်းသို့ ကုသည့်ဆေ.ကြောင့် ရောဂါတစ်ခုခု ဖြစ်ပေါ်လာပါလျှင် လွန်စွာကုသရန် ခက်ခဲသည်ဟူ၍ ဆိုလိုပေသည်။

ဆေးကြောင့်ရောဂါဖြစ်ပေါ်လာပါက လွန်စွာကုခက်သည် ဟူ၍ ယူဆချက်သည် မြန်မာသမားတော်ကြီးများ လူနာတစ်ဦးဦးအား ရောဂါတစ်ခုခု ပျောက်ကင်းစေရန် ကုသပေးသည့်အခါတွင် ရောဂါနှင့် ဖြစ်စေ ရောဂါရှင်နှင့်ဖြစ်စေ မသင့်မြတ်ဆန့်ကျင်ဘက်ဖြစ်သော အစွမ်းထက်မြက်သော ဆေးတစ်ခုခုကို ပေးမိသောကြောင့် မူလရောဂါ ဆိုးဝါးလာခြင်း ဖြစ်စေ၊ အခြားဆိုးဝါးသော ရောဂါတစ်မျိုးမျိုး ဖြစ်ပေါ်လာခြင်းဖြစ်စေ ကြုံတွေ့.ရပေလိမ့်မည်။ ယင်းသို့ ကြုံတွေ့.ရသည်ကို အခြားဖြေဆေးပေးရန်လည်း မလွယ်ကူဘဲ ဖြစ်တတ်သောကြောင့် နောင်လာနောက်သားများအတွက် မှတ်တမ်း တင်ထားသည့် အယူအဆလည်း ဖြစ်နိုင်ပေသည်။

တစ်နည်းအားဖြင့် ဗုဒ္ဓစာပေ၌ ကျွမ်းကျင်လိမ္မာသော မြန်မာသမားတော်ကြီး တစ်ပါးပါးသည် ဗုဒ္ဓစာပေများကို လေ့လာဖတ်ရှုသောအခါ သုတ်မဟာဝါအဋ္ဌကထာ၊ မဟာသတိပဌာနသုတ်၊ ဗောဇ္ဈင်

ပဗ္ဗ၊ ဣန္ဒြိယသံမတာ-ပုဒ် အဖွင့်သို့ ရောက်သောအခါ ဣန္ဒြေတရား ငါးပါးတွင် သတိနှင့်မှတစ်ပါး အခြားဣန္ဒြေလေးပါး တို့သည် တစ်ပါးပါး လွန်ကဲသော် တရားမသိမြင်နိုင်။

သဒ္ဓါလွန်လျှင် ကွန့်တတ်သည်။
ပညာလွန်လျှင် ဆွ့်တတ်သည်။
ဝီရိယလွန်လျှင် ပြန့်တတ်သည်။
သမာဓိလွန်လျှင် တွန့်တတ်သည်။

ဟူ၍ ဣန္ဒြေတစ်ပါးပါးလွန်လျှင် ဖြစ်တတ်သည့် အပြစ်များကို ပြဆိုထားသည်။ယင်းသို့ ပြဆိုပြီးနောက် ပညာလွန်သောကြောင့် မှားတတ်ပုံနှင့် ပညာရှိမှားလျှင် ပြင်ရန်ခက်တတ်ပုံကို 'ဘေသဇ္ဇသမုဋ္ဌိတော ရောဂါ အတေကိစ္ဆော=ဆေးကြောင့်ဖြစ်သောရောဂါကို ကုရန်ခက်တတ်သည်'ဟူ၍ ဥပမာပြဖွင့်ဆိုလျက်ရှိသည်။

ယင်းဖွင့်ဆိုချက်ကို ဖတ်ရှုတွေ့ရှိသူ ဆေးဆရာက 'ဆေးကြောင့် ရောဂါ၊ ဖြစ်ပေါ်လာ၊ လွန်စွာကုခက်သည်' ဟူ၍ ဆိုးရိုးစကား ထားရှိခဲ့ကြပြန်ပေသည်။

မည်သို့ဖြစ်စေ မှတ်သားလောက်သည့် ယင်းဆိုရိုးစကားအရ ဆေးကြောင့် ရောဂါဖြစ်တတ်ပုံ၊ အကုရခက်ပုံ၊ သို့ပါသော် ပဌာန်းတန်ခိုးကြောင့် ပျောက်ကင်းပုံကလေးတစ်ခုကိုတော့ စာရှုသူတို့အား ကျွန်တော် ရေးသားတင်ပြလိုက်ပါရစေ။

ဝီရိယလွန်ကဲသော ဆရာကြီးတစ်ဦး

ကျွန်တော်၏ မိတ်ဆွေဆရာကြီးဦးစာကျော်မှာ ခင်မင်ရင်းနှီး သော မိဘ်ဆွေကြီးတစ်ဦးရှိသည်။ လူချင်းခင်မင်ရင်းနှီးရုံမျှမက အိမ်ချင်းလည်းနီး ဇာတိရပ်ရွာချင်းလည်း နီးကြပါသည်။ ထိုသူမှာ ဆရာဦးဟန်ထွန်းဖြစ်ပါသည်။ခင်မင်ရင်းနှီးသည်ဆိုတော့ တစ်ယောက်၏အကျိုးစီးပွားကို တစ်

ယောက်က ဆောင်ရွက်လေ့ရှိကြပါသည်။ ဆရာကြီးဦးစာကျော် သာသနာ့မဏ္ဍိုင် ပုံနှိပ်တိုက်သို့ ရောက်ခဲ့ရသည်မှာလည်း ဆရာဦးဟန်ထွန်း၏ ကြိုးစားဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဆရာနှစ်ယောက်သည် ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြပါသည်။

ကျွန်တော်၏ မိတ်ဆွေ ဆရာကြီးနှစ်ယောက်မှာ ရွှေဘိုသားကြီးများဖြစ်ကြလေရာ အသားညိုညို ထောင်ထောင်မောင်းမောင်းချည်းပင် ဖြစ်ကြသောကြောင့် အချို့ကညီအစ်ကိုအရင်းလားဟူ၍ပင် မေးကြပါသည်။ မေးမည်ဆိုကလည်း မေးလောက်စရာပင်။ နှစ်ယောက်စလုံး ရုပ်ပုံတူကြသည့်ပြင် နှစ်ဦးလုံးပင်ဘုန်းကြီးလူထွက်လက်ဟောင်းကြီးများ ဖြစ်ကြလေသောကြောင့် မခွဲဘဲတတွဲတွဲဖြစ်နေကြသည်ကများပါသည်။ သူတို့နှစ်ယောက် မတူသည့်အချက်တစ်ခုတော့ ရှိပါသည်။

ဆရာကြီးဦးဟန်ထွန်းမှာ ဝိရိယလွန်ကဲသူ ဖြစ်သောကြောင့် အစိုးရနှင့် စေတိယဂိုဏ်ဏာစာမေးပွဲများ အောင်မြင်ပြီး၊ သက္ကတနှင့် အင်္ဂလိပ်စာများကိုလေ့လာကာ ခေတ်ပညာ (ဘီ၊အေ၊ ဘီအီးဒီ) အထိ အောင်မြင်သောကြောင့် လောကီ လောကုတ္တရာ ပညာစွယ်စုံပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ဆရာကြီးဦးစာကျော်မှာ လောကုတ္တရာ ပါဠိပညာ တစ်မျိုးတည်းသာတတ်သည့် တယ်လူး (တည်လူး)*ဆရာသာ ဖြစ်နေပါသည်။ ဤမျှတော့ ဆရာနှစ်ယောက် ထူးခြားကြပါသည်။ ထို့ကြောင့် ဤဆောင်းပါးရေးရန် အစပေါ်လာပါသည်။ ပေါ်လာပုံမှာ ဤသို့ပေတည်း။

---

* တယ်လူး၊တည်လူးသည် တစ်ဖက်တည်း၊တစ်မျိုးတည်း၊ တစ်ချောင်းတည်း ဟူသော အနက်ရှိ၏။ ချို့တစ်ချောင်းထောင်,ချို့တစ်ချောင်းကုတ်နေသော နွားကို ချို့တယ်လူး (ချို့တည်လူး)ဟုခေါ်ဆို၏။'ချို့တယ်(တည်)လူး၊ အိမ်ဦးမှာချည်၊ ဥစ္စာတည်' ဟူသော ရှေးစကားပုံရှိ၏။

စွယ်စုံဆရာကြီးဦးဟန်ထွန်းသည် ပညာအလျောက် တိုင်းရင်းမြန်မာဆေးပညာဌာနခ၌ အထူးအရာရှိအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ဖွင့်လှစ်တော့မည့် တိုင်းရင်းမြန်မာဆေးပညာသိပ္ပံကျောင်းတော်ကြီး အတွက် စီစဉ်ဆောင်ရွက်နေရသည်။ စွမ်းအားရှိသမျှ ပညာနှင့်ဝိရိယများကို အသုံးချနေရသည်။ ထိုစဉ်တွင် ခင်မင်သောမိတ်ဆွေ ဆရာတစ်ဦးက တရုတ်ပြည်ဖြစ် ဆေးတစ်ပုလင်းကို လက်ဆောင်ပေးသည်။ ပေးသောအခါတွင် 'ဆရာမှီဝဲကြည့်ပါ၊ အထင်မသေးပါနဲ့'ဟူ၍လည်း မှာလိုက်သေးသည်။

ဆေးမှာ ဘားပလက်ဆေးပြား အရွယ် ဖြူဖြူဝါဝါဖြစ်၍ ဆေးပြားတစ်ရာခန့်ပါသည်။ အညွှန်းကောင်းသောကြောင့် ယူခဲ့သည်။ မှီဝဲစားသုံးကြည့်သည်။ တစ်နေ့လျှင် နံနက် (၁)လုံးနှင့် ည(၁)လုံး သုံးရက်ခန့် စားပြီးသောအခါ နှုတ်ခမ်းဖျားခ၌ ပူစပ်စပ် ဖြစ်လာသည်။ အသီးကလေးများ ထလာသည်။ တစ်ပတ်ခန့် ကြာသောအခါ အခြားကိုယ်နေရာ အနှံ့အပြားမှာ အဖုအပိမ့်များ ပေါ်လာသည်။ ထိုအခါ ဆေးကို ဆက်စားရန် လက်တွန့်သွားသည်။ ယင်းသို့ စဉ်းစားလျက် နောက်ထပ် တစ်ပတ်ခန့် ဆက်စားပြီးတော့မှ ရပ်လိုက်သည်။ နောက်ထပ်၍ကား ဆေးကိုဆက်မစားတော့။

သူ၏မိတ်ဆွေ ဦးစာကျော်ကလည်း ယင်းဆေးစား၍ ဖြစ်သည်မှာ ဟုတ်, မဟုတ်သိရန် ဆေးကိုယူ၍ စမ်းစားကြည့်သည်။ သုံးရက်လောက် စမ်းစားကြည့်သောအခါ ဆရာကြီးဦးစာကျော်၏ နှုတ်ခမ်းများ ပူစပ်စပ် ဖြစ်လာသည်။ အသီးကလေးများ ထလာသည်။ ထိုအခါမှ ဤဆေးကြောင့်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချပြီး ဆရာကြီးဦးဟန်ထွန်းအားဆေးကို ဆက်မစားရန် အကြံပေးသည်။ ဆရာကြီး ဦးဟန်ထွန်းသည် ဆေးစားကို ရပ်တော့ ရပ်ပါသည်။ နောက်ကျလေပြီ။ စားပြီးဆေးများက ဒုက္ခပေးလေပြီ။

ပဌာန်းဂုဏ်ဖြင့် ကံကိုမြှင့်ခြင်း

လောကဌ် မြေနိမ့်ရာသို့ရေစီးသည့် ဥပမာအတိုင်း ဆရာကြီး ဦးဟန်ထွန်းသည် ဆေးစားမှား၍ ရောဂါဖြစ်ရသည့်အထဲမှာ ရောဂါသက်သာစေရန်ချေးပေါင်းအိုးဖြင့် ချေးအောင်းသောအခါ ချေးပေါင်းအိုးနှင့် ထိခိုက်မိကာ ခြေထောက်မှာ အနာဖြစ်ပေါ်လာသည်။ အနာမှာရင်းလာပြီး အသွားအလာခက်နေရပြန်သည်။

အထူးသဖြင့် တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီးရာထူးအတွက် ခန့်.ရက်နီးလာသောကြောင့် လူတွေ.အစစ်ခံရတော့မည် ဖြစ်သည်။ ရောဂါအခြေအနေကလည်း သက်သာခွင့်မရသေးဖြစ်သောကြောင့် ဆရာဦးဟန်ထွန်း စိတ်ပူပန်သောက ရောက်နေရှာသည်။ စိတ်ပူသောကြောင့် ဟိုတွေး သည်တွေး တွေးပြီး ညအခါ အိပ်မပျော်သည့် ရောဂါတစ်ခုကပါ ထပ်ပိုလာပြန်သည်။

'ဆရာ့ရောဂါ ပျောက်မှာပါ။ ဒူလာငွေ.ပါဒရက်ငွေ.ရှိရာမှာ မသင့်သည့်ဆေး စားမိသောကြောင့်ဖြစ်ခြင်းပါ။ ဆေးကိုမစားဘဲရပ်ပြီးထားလို့ စားမိတဲ့ ဆေးရှိန်ကုန်သွားရင်ပျောက်မှာပါ။ စိတ်အေးအေးထားပါ။ ည အိပ်မပျော်တာကိုတော့ ပဌာန်းရွတ်ပြီး အမြတ်ထုတ်လိုက်ပေါ့။ အိပ်ပျော်သွားမယ်၊ ပဌာန်းတန်ခိုးကြောင့် ရောဂါလဲ ပျောက်ကင်းသွားမှာပါ'ဟူ၍ ဆရာဦးဟန်ထွန်းကို မိတ်ဆွေဆရာဦးစာကျော်က အကြံပေးသည်။

စာတတ်ပေတတ်ဆရာဦးဟန်ထွန်းသည် ညဘက်အိပ်မပျော် တိုင်းပဌာန်းကို ရွတ်ဖတ်လေသည်။ အားကိုးရာအဖြစ် ယုံကြည်စွာ ရွတ်ဆိုသည်။ ချက်ချင်းပင် အိပ်ပျော်သည့် အကျိုးတရားကို ခံစားရသည်။ ပဌာန်းဂုဏ်ဖြင့် ကံကိုမြှင့်လိုက်သောကြောင့် မကြာမီပင် မြန်မာသမားတော်ကြီး ဦးစံတင်နှင့် အနောက်တိုင်း ဆေးပညာရှင်ကြီး ဒေါက်တာထွန်းလွင်တို့၏ ကုသပေးမှုကို ခံယူရရှိပြီး ဖြစ်ပေါ်နေသည့် ရောဂါမှ ပျောက်ကင်းချမ်းသာမှုကို ရရှိသည်။

တောင်းရင်းမြန်မာဆေးသိပ္ပံ ကျောင်းအုပ်ကြီးရာထူးအတွက် လူတွေ့ အစစ်ခံ နိုင်ပြီး ကျောင်းအုပ်ကြီးအဖြစ် ခန့်ထားခြင်းကို ခံယူခဲ့ရသည်။

ပဌာန်းတန်ခိုးကြောင့် ဆရာကြီးဦးဟန်ထွန်းမှာ မိမိ၏ကျန်းမာမှုကိုလည်းရရှိခဲ့သည်။ အခြားသူများ၏ ကျန်းမာမှုကိုလည်း ပေးနိုင်သည့် တိုင်းရင်းဆေးဆရာများစွာကိုလည်း မွေးထုတ်ပေး နိုင်သည်။ မြန်မာပြည် အရပ်ရပ်၌ ရောဂါရှင်များ ရောဂါပျောက်ကင်း ကျန်းမာခြင်းရကြစေရန် သူ၏တပည့် တိုင်းရင်းဆေးဆရာများက ကုသပေးနေကြလျက်ရှိသည်။

ယခုအခါ ဆရာကြီးဦးဟန်ထွန်းသည် ပဌာန်းတရားကို ပွားများ လျှက် ကျောင်းအုပ်ကြီးရာထူးကို အောင်မြင်စွာထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ယူသောအခါ မန္တလေးမြို့တွင် မိုးနံဆေးတိုက်ကြီးဖွင့်လှစ်၍ လူအများကို ကျန်းမာရေး ဆုမွန်ပေးနေကြောင်း သိရှိရပါသည်။

စာရှုသူများ ပဌာန်းတရား ရှုတ်ပွား၍ ကောင်းကျိုးတရား ခံစား နိုင်ကြပါစေ။

အခန်း (၁၂)

ပညာကြီးမားစေသည့် ပဌာန်းတရား

သက်သောဝတ္ထုပြုရန်ခက်သောအကျိုးတရား

'ဒီတစ်ခါတော့ ခက်လေပြီ'

'အလို ကိုတက်အင်း ဘာတွေများ ညည်းညူနေတာလဲ'

ကျွန်တော်သည် ဆရာကြီးဦးစာကျော် ရောက်နေသည်ကို မသိဘဲ စာရေးရန် မျက်စိမှိတ်၍ စိတ်ကူးထုတ်နေရာမှ အကြံမထွက်သောကြောင့် အသံထွက်အောင် ညည်းညူမိသောအခါ တိတ်တဆိတ် အနီးသို့ရောက်နေသည့် ကျွန်တော့်မိတ်ဆွေ ဦးစာကျော်က ဖော်ပြခဲ့သည့်အတိုင်း ထောက်၍ မေးလိုက်ရာ ပထမသော် လန့်သွားပြီးမှ အကြံကောင်းပေးမယ့်လူတော့ ရောက်လာပြီဟု သတိရကာ ဝမ်းသာသွားမိပါသည်။

'ဪ ဆရာထိုင်ပါ။ ဆရာရောက်လာတာနဲ့ အတော်ပဲ ဆရာ။ ကျွန်တော် ဆရာရေးပေးထားတဲ့ 'ပဌာန်းအကျိုး၊ မြတ်ကောင်း ကျိုးကား' အစချီတဲ့လက်စ်အရ ပဌာန်း၏အကျိုး(၁၂)မျိုးရဲ့ သက်သေအထောက်အထားတွေကို တစ်ခုစီ တစ်ခုစီ ထုတ်ဖော်ရေးခဲ့တာ (၁၀)မျိုး ပြီးသွားပြီဗျ'

'အဲဒီတော့ အခု ကိုတက်အင်း(၁၁)နုံပါတ် ပညာကြီးမားဆိုတဲ့ အပိုဒ်အရ ပဌာန်းတန်ခိုးကြောင့် ပညာဉာဏ်ကြီးမားတိုးတက်ရပုံကို ရေးရန်အတွက် အခက်အခဲဖြစ်နေတယ်ဆိုပါတော့'

'ဟုတ်ကဲ့ဆရာ၊ဟုတ်ကဲ့၊ ပညာတိုးတယ်ဆိုတာက သူခိုးရန်ပ, တာလို၊ ဓားပြရန်ပြေတာမျိုးတို့လို ထုတ်ဖော်ပြောရတာမျိုး သိရတာမျိုး မဟုတ်တော့ ဘယ်လိုသက်သေထုတ် ရေးရပါ့မလဲ အကြံခက်နေလို့ပါ

ဆရာ။ ဆရာကူနိုင်ရင် အရင်တုန်းက သာဓကတွေမှာလိုပဲ အကူအညီ ပေးပါဦးဆရာ'

'မှန်တယ်လေ ပညာတိုးတက်တယ်ဆိုတာက သူ့ကိုယ်တွင်း သန္တာန်မှာပဲ တိုးတာဆိုတော့ ဖွင့်မပြောဘဲ ဘယ်မှာသိနိုင်ပါမလဲ။ ဒါကြောင့် ကိုတက်အင်း ခက်နေတယ်ဆိုပါတော့'

'မှန်ပါတယ်ဆရာ၊ တတ်နိုင်ရင် ကူညီပါဆရာ'

'အေးပါ ရပါတယ်၊ ကူညီပါ့မယ်။ အခြားလူကို ရှာမနေပါနဲ့။ ကျွန်တော့်ကိုပဲ ပဌာန်းတရားတော်ရဲ့တန်ခိုးကြောင့် ပညာကြီးမားသူအဖြစ် သက်သေပြပေတော့'

"ဟုတ်ကဲ့ဆရာ၊ အမိန့်ရှိပါ၊ ဘယ်လိုပြရမှာလဲ'

'အပင်ပေါက်တယ်ဆိုတာ မျိုးစေ့ရှိမှ ပေါက်တာဗျ၊မျိုးစေ့မရှိဘဲ မပေါက်နိုင်ဘူး။ မျိုးစေ့ဆိုတာကတော့ ပါရမီဓာတ်ခံပေါ့ဗျာ။ ဒါကြောင့် အပင်ပေါက်နိုင်ရန်အတွက် ထိုက်သင့်တဲ့ ပါရမီဓာတ်ခံရှိဖို့လိုတယ်'

ဟူ၍အစချီကာ ဆရာဦးစာကျော်သည် ပဌာန်းတရားကြောင့် သူ၏ပညာကြီးမားခြင်းအကျိုးရှိပုံတို့ကို ရှင်းလင်းပြောဆိုပါသည်။

ဝါသနာမျိုးစေ့ သုံးမျိုး

ဆရာဦးစာကျော်မှာ ငယ်ရွယ်စဉ် မောင်စာကျော်ဘဝကပင် ပါလာသည့် ဝါသနာသုံးမျိုးရှိပါသည်။ ယင်းတို့မှာ

၁။ အဂ္ဂိယ ပညာ

၂။ ဆေးပညာ

၃။ စာပေပညာ

–ဟူသော ပညာသုံးမျိုး ဖြစ်ပါသည်။

ယင်းသုံးမျိုးခွဲ ဝါသနာပါသည်ဆိုခြင်းမှာ ယင်းပညာသုံးရပ် နှင့် ပတ်သက်၍ သိလိုခြင်း၊ တတ်လိုခြင်း၊ လုပ်လိုခြင်းတို့ကြောင့် ဖြစ်ပေသည်။

ယင်းသို့ ငယ်ရွယ်စဉ်ကာလ မောင်စာကျော်ဘဝမှစ၍ ပါလာခဲ့သည့် ဝါသနာမျိုးစေ့ကလေး သုံးရပ်သည် ယခုကြီးပြင်းလာ၍ ဦးစာကျော် ဖြစ်လာရာ ပဌာန်းတရားကို ရွတ်ဆိုပွားများသောအခါ မြေကောင်းကောင်းမှာ စိုက်ပျိုးသည့် သစ်ပင်ငယ်အား ရေလောင်းပေးလိုက်သကဲ့သို့ တဟုန်တည်း ကြီးပွားလာပေသည်။ မည်သို့ ဦးစာကျော် ပဌာန်းတရားကို ရွတ်ပွားပုံ၊ မည်မျှလောက် မျိုးစေ့ကလေးများက အပင်ကြီးကြီးမားမား ဖြစ်ပွားလာပုံတို့ကို တစ်ခုချင်း ရှင်းပြပါအုံ့။

အဂ္ဂိယပညာ ကြီးမားလာပုံ

မောင်စာကျော်သည် ငါးနှစ်သားအရွယ်ခန့်ကပင် ရပ်သာကျောင်းဆရာတော်ကြီးနှင့် ဆေးဆရာကြီးများ ဖြစ်ကြသော ဆရာကာ၊ ဆရာဖျန်တို့ ဖားဖိုတစ်ဟောဟောဖြင့် အဂ္ဂိယထိုးသည်ကို မီးပူရမှန်းမသိ ညောင်းရမှန်းမသိ နေကုန်နေခန်း ထိုင်ကြည့်သည်။ မိမိကိုယ်တိုင်လည်း ရှဉ့်စေးများတောင်ပို့မြေများကို တူးယူပြီးလုံလုပ်သည်။ အိမ်နီး ချင်းဦးချစ်ဆိုင်မှ မီးခြစ်စည်သွတ်ပြားကို တောင်းယူသည်။ ဆောင်းတွင်းအခါ အေးချမ်းမှုလွန်ကဲသောအညာမြေ၌ မီးလုံ့သည့် မီးဖိုတွင် သဘော်လက်ဖြင့်မှုတ်၍ အဂ္ဂိယထိုးသည်။

ထိုစဉ်အခါမှစ၍ ထိုးခဲ့သည့် အဂ္ဂိယပညာမျိုးစေ့သည် အသက်ကြီးလာ၍ ပဌာန်းတရားပွားများသောအချိန်၌ ရဟန်းအဂ္ဂိယပညာရှိ၊ လူဝတ်ကြောင် အဂ္ဂိယပညာရှိများထံမှ ပြဒါးလမ်း၊ သံလမ်း၊ သွတ်လမ်းစသော အဂ္ဂိယပညာများကို အလွယ်တကူ ရယူနိုင်ခဲ့သည်။ ဣန္ဒာစရိယ ဓာတ်ကျမ်း၊ ကပ္ပါလက်ံာရကျမ်း၊ ရတနာသိဒ္ဓိကျမ်း စသော အဂ္ဂိယကျမ်းများကိုလည်း ရရှိခဲ့သည်။

ရေနံချောင်းမြို့. ရွှေစေတီ ဆရာတော်ဘုရားကြီးက ဦးစာကျော်၏ ရုပ်လက္ခဏာနှင့် မွေးသက္ကရာဇ်များကိုကြည့်ရှု၍ အဂ္ဂိယထိုးရန် တိုက်တွန်းသည်။ သူတတ်သိ၍ လုပ်ကိုင်ဖူးသည့် အဂ္ဂိယနည်းများကို ချီးမြှင့်သည်။ ဣန္ဒာစရိယ ဓာတ်ကျမ်းကို စာပေပို့ချသကဲ့သို့ ပါဠိစိတ်တိုက် ပို့ချပေးသည်။

'ဒါဖြင့် ဆရာကြီး ဘာကြောင့် အဂ္ဂိယကို ရွှေဖြစ် ငွေဖြစ် ဝိဇ္ဇာဖြစ်အောင် မထိုးသေးသလဲ'ဟု ကျွန်တော်က မေးသောအခါ ဆရာကြီးက 'အဂ္ဂိယထက် အစွမ်းထက်တဲ့ဝါသနာ အလုပ်က အချိန်ယူနေလို့ဗျ'ဟု ဖြေပါသည်။ 'အဲဒီ အဂ္ဂိယထက် အစွမ်းထက်တဲ့ ပညာက ဘာလဲ ဆရာကြီး'ဟု မေးပြန်တော့ 'ခင်ဗျား မကြာမီသိရ မှာပေါ့'ဟု ဆရာကြီးက ပြုံးတုံးတုံးလုပ်ကာဖြေပါသည်။

ဆေးပညာကြီးမားလာပုံ

ငါးနှစ်သားအရွယ်ခန့်ကပင် မောင်စာကျော်သည် ဆေးပညာဝါသနာကို စခဲ့သည်။ ဘုန်းကြီးကျောင်းမှာပေါသည့် သံပရာသီးများကို ဆားဖြင့်နယ်ပြီး အိုးငယ်မှာထည့်၍ မီးဖုတ်သည်။ ပြာဖြစ်သောအခါ ကြိတ်ပြီး သံပုရာရည်နှင့်ဖျော်ကာ ချောင်းဆိုးသူများကို ပေး၍ ကုသသည်။ ဤသို့ ဆေးပညာဝါသနာ ငယ်ရွယ်စဉ်ကာလမှ စခဲ့သည်။

အသက်ကြီးလာ၍ ဦးစာကျော်ဖြစ်လာပြီး ပဋ္ဌာန်းတရားကို ရွတ်ပွားသောအခါ သာမန်ဗိုက်နာခေါင်းကိုက်ရောဂါပျောက်ဆေးနည်းမျှသာ မကဘဲ ယခုအခါအနောက်တိုင်းဆေးပညာလောကမှာပင် ဆေးမရှိသေးသည့် ခွေးရူးပြန်ရောဂါပျောက်ဆေးနည်း၊ ပန်းနာရင်ကျပ် ရောဂါပျောက်ဆေးနည်း၊ ခရုသင်းခေါ်သည့် အရေပြားရောဂါပျောက် ဆေးနည်းစသော ရောဂါဝေဒနာများကို ပျောက်ကင်းအောင်ကုသနိုင်သည့် ဆေးပညာကြီးများအထိ ဦးစာကျော်၏ထံသို့ ရောက်ရှိလာခဲ့သည်။

'ဒီလိုဆိုရင် ဆရာ ဆေးကုစားပါလား' ဟူ၍ ကျွန်တော် ပြောသောအခါ 'မဖြစ်သေးဘူးဗျ၊ ဆေးကုတာထက် အရေးကြီးတဲ့ အလုပ်က ရှိသေးတယ်'ဟူ၍ ဆရာကြီးဦးစာကျော်က ပြန်ပြောပါသည်။ 'အဲဒီ

အရေးကြီးတဲ့အလုပ်က ဘာလဲခင်ဗျ'ဟု ထမ်မံမေးသောအခါ 'နောက်ကျတော့ ခင်ဗျားသိမှာပေါ့လေ'ဟူ၍သာ အေးစက်စက် ပြန်ဖြေပါသည်။

စာပေပညာကြီးမားလာပုံ

ငယ်ရွယ်စဉ်အခါ သင်ပုန်းကြီးသင်ယူနေစဉ်ကာလမှာပင် မောင်စာကျော်ကလေးသည် မဟာဝင်ဝတ္ထုတော်ကြီး၊ မဏိကုဏ္ဍလ ဝတ္ထုတော်ကြီးစသော စာအုပ်ထူကြီးများကိုယူ၍ အသံထွက်ဖတ်သည်။ သူမသိသော သင်ပုန်းကြီးမှာ မပါသည့် '၌၊ ၏၊ ဤ'စသော သင်္ကေတ စာလုံးများနှင့် စာလုံးဆင့် ပါဠိစာလုံးများကို ကျော်၍ဖတ်သည်။ ယင်းမသိ၍ ကျော်ဖတ်သံကိုကြားရသော ကျောင်းရှိ ဦးပဉ္စင်းကြီး ဦးအာစိဏ္ဏာ ကိုယ်တော်က အမှန်ဖတ်နည်းကို သင်ကြားပေးသည်။

ဖတ်ပြီးသောအခါ မောင်စာကျော်သည် မဟာဝင်လာ မိတ္တာနှင့် ဝေဠုသုမန စသော သူရဲကောင်းများ၊ အကြောင်းကို သဘောကျလှသဖြင့် သူငယ်ချင်း အပေါင်းအသင်းများကို ပြန်ပြောပြသည်။ ထိုအခါ ဦးပဉ္စင်းကြီးများဖြစ်ကြသော ဦးကောဝိဒ၊ ဦးစန္ဒန၊ ဦးအာစိဏ္ဏတို့က 'ကွက်စိပ်ဆရာ–ကွ'ဟူ၍ သြဘာပေးကြသည်။

မဇ္ဈလေးနည်းဖြင့် စာသင်ပြီး ပြန်ကြွလာသည့် ဦးစန္ဒနအား ကျောင်းထိုင်ဆရာတော်က ဝိနည်းငါးကျမ်းပေါက် ပို့ချပေးသောအခါ ကျောင်းသား မောင်စာကျော်သည် စွဲစွဲမြဲမြဲ အချိန်မှန်မှန်လာရောက် နားထောင်သည်။ ပထမ ပါရာဇိကပညတ်သည့် အရှင်သုဒိန်၊ ဒုတိယ ပါရာဇိကပညတ်သည် အရှင်ဓနိယစသော ဝိနယပိဋကလာဝတ္ထု ဇာတ်လမ်းများကို ကလေးငယ် မောင်စာကျော် ငယ်စဉ်မှစ၍ နားလည်ခဲ့သည်။ ယခု ကြီးလာ၍ ပဌာန်းတရားပွားများသူ ဦးစာကျော် ဖြစ်လာရသောအခါ ပါဠိတော်အဋ္ဌကထာ ဋီကာ ပညာဗဟုသုတအရာ၌ ကျွန်တော်က အားကိုးအားထားရသည့် ပညာရှင်ကြီး ဖြစ်လာအောင် ကြီးမားကြွယ်ဝလာသည်ကို တွေ့ရပါသည်။ သာသနာ့မဏ္ဍိုင်ပုံနှိပ်တိုက်ကြီး၏ စာပြင်မှူးချုပ် ဖြစ်လာသည်။ သာသနာ့အလင်းမဂ္ဂဇင်းကြီး၏ ရာသက်ပန်အယ်ဒီတာချုပ်

ဖြစ်လာသည်။ ပဌာန်းတန်ခိုးကြောင့် ဤမျှလောက် စာပေပညာ တိုးတက်ခဲ့သည်။

ယခုလောလောဆယ်ကာလ၌ စာရှုသူတို့အား ကျွန်တော် ရေးသားတင်ပြနေသည့် ပဌာန်းအကျိုးလက်ာနှင့် ဝတ္ထုကြီးသေ ၁၂ မျိုး အပါအဝင် အခြားဂါထာမန္တန်ဆောင်းပါးစသည်တို့မှာ ဆရာဦးစာကျော်၏ မိန့်ဆိုချက်များကို အမှီပြု၍ ရေးသားတင်ပြသည် ဖြစ်ပေရာ ပဌာန်းတန်ခိုးအားဖြင့် ပညာကြီးမားပုံမှာ ထင်ရှားလောက်ပြီဟူ၍ ကျွန်တော် ယူဆပါသည်။

ဤတွင် ဆရာဦးစာကျော်ကပြောသည်မှာ–

'ကိုတက်အင်းရဲ့၊ ကျွန်တော်က သာသနာကို အမှီပြုပြီး ပညာ, ကုသိုလ်နဲ့ ချမ်းသာမှုကို ရယူခဲ့တော့ သာသနာတော်ဟာ ကျွန်တော်ရဲ့ ကျေးဇူးရှင်ပဲဗျ။ အဲဒီတော့ သာသနာတော်ကို အမှီပြုပြီး ရလာတဲ့ပညာတွေနဲ့ သာသနာတော်ကို ကျေးဇူးဆပ်ရမယ်ဗျာ။ တစ်သက်တာမျှ ထမင်းဝစေတဲ့ အဂ္ဂိယထိုး ဆေးကုဆိုတဲ့ အလုပ်တွေကို ဦးစားမပေးနိုင်ဘူး။ ရှောင်မရမှသာ အသုံးချရမယ်ဗျ။ သာသနာကွယ်ပျောက်ခါနီးမှာ ရှေးဦးစွာကွယ်မယ်ဆိုတဲ့ ပဌာန်း တရား မကွယ်ပျောက်အောင်၊ ပဌာန်းတရား ရွတ်ပွားဆောင်ရွက်သူတွေများလာအောင်၊ ပဌာန်းအကျိုးတရားခံစားရတဲ့ ဝတ္ထုကြီးသေတွေကို ကိုတက်အင်း ထုတ်ဖော်ရေးသားနိုင်အောင် ကူညီပေးနေတာပဲ။ ဒါဟာ ကျွန်တော်တတ်ကျွမ်းသမျှ သာသနာတော်ကို ကျေးဇူးဆပ်နေ တာပဲဗျ' ဟူ၍ ဖြစ်၏။

စာရှုသူများ ပဌာန်းတရားရွတ်ပွား၍ ပဌာန်းတရားမပျောက်ပျက်အောင် ဆောင်ရွက်နိုင်ကြပါစေ။

စာရှုသူများ ပဌာန်းတန်ခိုး ကောင်းကျိုးတရားများကိုလည်း ခံစားနိုင်ကြပါစေ။

အခန်း (၁၃)

ပဌာန်းရွတ်ပွား ကုသိုလ်များ

ပဌာန်းအကျိုးပြုလက်ာ

ပဌာန်းတန်ခိုး၊
မြတ်ကောင်းကျိုးကား၊
သူခိုးရန်ပ၊
ဓားပြရန်ပြေ၊
တစ္ဆေရန်လွဲ၊
သရဲရန်ဖြတ်၊
ဘုတ်ကျတ်ရန်ဝေး၊
မီးဘေးရန်ကွာ၊
ရတနာပိုင်စိုး၊
ဂုဏ်ရှိန်တိုး၍၊
သက်ဧိုးရည်စွာ၊
ကိုယ်ကျန်းမာလျက်၊
ပညာကြီးမား၊
ကုသိုလ်များသည်၊
ရေးသားမကုန် မဆုံးတည်း။

ဤလက်ာအရ ပဌာန်းတန်ခိုးကြောင့်ရရှိသော အကျိုးတရားများကို တစ်ခုစီ တစ်ခုစီ ရေးသားဖော်ပြခဲ့ရာ နောက်ဆုံးဖြစ်သော ကုသိုလ်များ

ဟူသော စာပိုဒ်အရ ပဌာန်းတန်ခိုးကြောင့် ကုသိုလ်တရားများများရသည့် သက်သေဝတ္ထုကို ပြဆိုတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် ဤပဌာန်း ဂုဏ်ရည်ဆောင်းပါအစတွင်ရေးသားခဲ့သည့် လက်ဟက်ကို ပြန်လည်၍သတိရ မှတ်မိကြစေရန် ထပ်မံ၍တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဤပဌာန်းအကျိုးပြလက်ဟာ ပဌာန်းတန်ခိုးကြောင့် ရရှိသည့် အကျိုးတရားများနှင့် ပတ်သက်၍ အနည်းငယ်မျှရှင်းပြဖွယ် ရှိနေပါသည်။ ယင်းမှာ ပဌာန်းတန်ခိုးချင်းတူပါလျက် အဘယ့်ကြောင့် အကျိုးသွားမှာ တစ်ပါးနှင့်တစ်ပါး မတူရပါသနည်းဟူသော မေးမြန်းဖွယ်အချက် ဖြစ်ပါသည်။ ယင်းအမေးကို မူလရေးရင်းဖြစ်သော ကုသိုလ်ရသည့်အကျိုးမရေးမီ အကျဉ်းချုပ်မျှ ဖြေဆိုပြပါရစေ။

ပဌာန်းအကျိုး အမျိုးမျိုးကွဲပြားပုံ

ဤတွင် ကျွန်တော်ဉာဏ်ထောက်ပြီး မိသမျှ ရှင်းပြရသော် ပဌာန်းတရားတော်ချင်း တူသော်လည်း ရွတ်ဆိုသည့်ပဌာန်းတရားတော်၏ အနည်းအများ အခြေအနေ၊ ရွတ်ဆိုသူ၏သီလ သမာဓိ ပညာနှင့်စိတ် စေတနာ အခြေအနေ၊ အကျိုးဖြစ်ပွားရာကာလ၏ အခြေအနေများကို လိုက်၍ အကျိုးတရားမှာလည်း တစ်မျိုးနှင့်တစ်မျိုး မတူကွဲပြားခြားနားခြင်း ဖြစ်လိမ့်မည်ဟူ၍ ထင်မြင်မိပါသည်။ ပိုမို၍ သိသာထင်ရှားစေရန်အတွက် ရေးသားပြဆိုခဲ့ပြီးဖြစ်သော ပဌာန်းတန်ခိုးအကျိုးများကိုပင် နှိုင်းယှဉ် ဝေဖန်ချက် ပြလိုပါသည်။

တစ်ခုတော့ဖြင့် ကျွန်တော် ကြိုတင်၍ စာရှုသူတို့ကို တောင်းပန် ထားချင် ပါသည်။ ယင်းမှာ ကျွန်တော်သည် ကံ၏အကျိုးကို တိတိကျကျ ပြောပြနိုင်သည့် ကမ္မဝိပါကဉာဏ်နှင့် သဗ္ဗညုတဉာဏ်များမရှိပါ။ မှန်းဆ၍ ပြောပြနိုင်သည့် အနုမာနဉာဏ်မျှသာ ရှိပါသည်။ ထို့ကြောင့် ကျွန်တော်၏ တင်ပြချက်များသည် မှားချင်လျှင် ပါစင်အောင် မှားသွားနိုင်ပါသည်။ ငဲ့ညှာထောက်ထားသောအားဖြင့် ကျွန်တော့်အား ခွင့်လွှတ်ကြပါရန် တင်ကြိုပြီး တောင်းပန်၍ထားပါရစေ။

သူခိုးရန်၊ ဓားပြရန်၊ တစ္ဆေရန်တို့မှ ကင်းဝေးအောင် ရွတ်ရာ၌ ပဌာန်းဥဒ္ဒေသခေါ် အကျဉ်းချုပ်မျှကိုသာ ရွတ်ဆိုပါသည်။ ရန်ပေါ်ခိုက်မှာသာ ဆရာမိဘညွှန်းပြထားသည့်အတိုင်း ရွတ်ဆိုကြပါသည်။ ယင်းအထဲတွင် ဓားပြရန်ဟူသော အသက်ကိုပင်သတ်ပစ်နိုင်သည့်ရန်မှ ကင်းပအောင် ဥဒ္ဒေသကိုသာမက နိဒ္ဒေသကိုလည်း ရွတ်ရပါသည်။

သရဲဟူသည် တော်တော်ကြီးရင့်နေသည့် ပြိတ္တာမျိုး ဖြစ်သည်။ ယင်းရန်ကို ပယောက်စေရန်အတွက် ဥဒ္ဒေသမျှသာမက နိဒ္ဒေသကိုပင် ဥပနိဿယပစ္စည်းအထိ ရွတ်ရသည်ကို သတိထားရန် သင့်လှပေသည်။

ဘုတ်ကျတ်ဟူသည်မှာ သရဲထက် အဆင့်မြင့်ပြန်သည်။ ဘီလူး ပြိတ္တာဖြစ်သည်။ ယင်းရန်အတွက် ပဌာန်း ဥဒ္ဒေသနှင့် နိဒ္ဒေသ နှစ်မျိုးစလုံး ရွတ်ရသည်။

မီးဘေးရန်မှလွတ်ရန်အတွက်မှာမူ စောစောကကြိုတင်၍ ရန်မလာမီက စည်းချကာကွယ်ထားရသည်ကိုလည်း သတိထားသင့်လှပေသည်။

ရွှေငွေရတနာများကို ပိုင်စိုးနိုင်ရန်အတွက်မှာမူ မိမိသာမက အတူနေသူမိသားစုတို့ ညီညီညွတ်ညွတ်ရှိတ်ရန်၊ အကြိမ်များစွာရွတ်ရန်၊ ဥဒ္ဒေသ နိဒ္ဒေသ အကျဉ်းအကျယ်နှစ်မျိုးစုံရွတ်ရန် လိုအပ်ကြောင်း သိထားသင့်ပါသည်။

ဂုဏ်ရိုနိ်တိုးစေရန်အတွက်မှာ ပဌာန်း ဥဒ္ဒေသနှင့် နိဒ္ဒေသ နှစ်ပါးလုံးကို အိပ်ရာဝင်၊ အိပ်ရာထ၊ အလုပ်သွား၊ အလုပ်ပြန်၊ လုပ်ငန်းခွင်ဝင်စ အချိန် စသည်ဖြင့် အချိန်ရလျှင်ရသလို ကျွမ်းကျင်ကျေပွန်အောင် ဝသီဘော်မြောက်လုမျှ ရွတ်ဆိုရပေသည်။ အခြားသူများအားလည်း ပဌာန်းရွတ်စေရန်တိုက်တွန်းနှိုးဆော်၍ ပဌာန်းစာအုပ် စသည်ကို အလှူဒါနများစွာပြုရကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

သက်ဝိုးရည်အကျိုးမှာ ပဌာန်းတရားကို ပါရဂူမြောက်လောက်အောင်လေ့လာ၍ အခြားတပည့်သားများအားသင်ကြား ပို့ချပေးရသည်။ ပဌာန်းကျမ်းတတ်သိစေရန် အဖွင့်ကျမ်းများကိုလည်း ပြုစုရပေသည်။

ယင်းခ္ဍ သက်ရှည်ခြင်းသာမက ဘုန်းတန်ခိုးကြီးမား၍ အထွတ်အထိပ်ဘွဲ့ထူး ဂုဏ်ထူးများလည်းရနိုင်သေးကြောင်း သိရှိရသည်။

အလွန်ကျန်းမာ၍ အနာရောဂါကင်းငြိမ်းသည့် အကျိုးရရန်မှာ မူလက ပဌာန်းသဘောကို တတ်သိနားလည်ပြီးဖြစ်သည့်ပြင် သေရေးရှင်ရေးကို အဆုံးအဖြတ်ပေးမည့်ကိစ္စအားလျော်စွာ အိပ်မပျော်သမျှမှာ အိပ်ပျော်ရသည်အထိ စိတ်အားထက်သန်စွာ ရွတ်ဆိုပွားများရသည်ကို မှတ်သား၍ ထားသင့်ပေသည်။

ပညာကြီးမားစေရန်မှာ ပဌာန်းဆိုင်ရာ ဗဟုတများကို လေ့လာဆည်းပူးခြင်း၊ ပဌာန်းတရားသည် သာသနာတည်ရှိစေရန် ရှေ့တန်းခံတပ်ကြီးသဖွယ်ဖြစ်ခြင်းတို့ကို ဆုံးဖြတ်သိရှိကာ ပဌာန်းတရားကို စွမ်းအားရှိသမျှ ရွတ်ဆိုပွားများရသည်။ မိမိမှာ လိုအပ်နေသည့် ပညာရပ်မျိုးစုံ ဓာတ်ခံ ရှိထားသင့်သည်များကိုလည်း မှတ်သားသင့်လှပေသည်။

ဤမျှဆိုလျှင် ပဌာန်းတရားရွတ်ဆိုပွားများမှ တစ်မျိုးတည်းဖြစ်ပါလျက် အကျိုးအမျိုးမျိုးဖြစ်ပေါ်သည့်အကြောင်းကို စာရှုသူတို့ ကောင်းစွာသိရှိနိုင်ကြလောက်ပြီထင်ပါသည်။ ယခုဆက်၍ တစ်ပါးတည်းသာ ကျန်ရှိနေသော ပဌာန်းတန်ခိုးကြောင့် ကုသိုလ်တိုးပုံကို ဝတ္ထုသာဓကဖြင့် တင်ပြပါတော့အုံ့။

မဟာဂတိဂမိယတိသဒ္ဓတ္တထေရ်ဝတ္ထု

မဟာဂတိဂမိယတိသဒ္ဓတ္တထေရ်သည် သီရိလင်္ကာ၌ ထင်ပေါ်ကျော်ကြားသည့် အဘိဓမ္မာဆောင် ဗုဒ္ဓိုလ်ကြီးဖြစ်တော်မူပါသည်။ ဆိုအရှင်မြတ်သည် တစ်ရံရောအခါ၌ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကို ဖူးမြော်ကန်တော့ရန်အတွက် သီရိလင်္ကာမှ သမုဒ္ဒရာကိုဖြတ်၍ အိန္ဒိယပြည်သို့ သင်္ဘောစီး၍ ကြွတော်မူခဲ့သည်။ သမုဒ္ဒရာ အလယ်လောက်သို့ ရောက်သောအခါ၌ ရှေ့နောက်ဝဲယာ လှည့်ပတ်ကာ ကြည့်ပါသော် အဘယ်အရပ်သို့ကြည့်ကြည့် ကြည့်လေရာအရပ်တိုင်းမှာ

တောတောင်သစ်ပင်များကိုမမြင်ရဘဲ ရေပြင်ကြီးကိုသာ မြင်ရသည်။ ဤတွင် မဟာထေရ်ကြီးသည် စိတ်ထဲမှာ တွေးကြံမိသည်မှာ-

'ဤသမုဒ္ဒရာပင်လယ်ပြင်ကြီးကား ကမ်းမမြင် လမ်းမမြင်ဘဲ လှိုင်းကြီးလှိုင်းငယ် အသွယ်သွယ်တို့ဖြင့် ကျယ်ပြန့်လှချေသည် တကား။ လှိုင်းလုံးချင်း ရိုက်ခတ်၍ ရေမှုန်ရေမွှား ရေပန်းများ ထနေသည်မှာလည်း ရှုမြင်မည်း အံ့သြဖွယ်ကြီးပါပေတကား' ဟူ၍ ဖြစ်ပေသည်။

ထို့နောက် ဆက်လက်၍ အရှင်မြတ်ကြီး ကြံတွေးမိပြန်သည်မှာ-

'ဤ သမုဒ္ဒရာပြင်ကြီး ကျယ်သည်ထက် ငါတို့မြတ်ဗုဒ္ဓ ရှင်တော် ဘုရား ဟောကြားတော်မူသည့် ပဋ္ဌာန်းတရားတော်ကြီးက ပို၍ ကျယ်ပေ သည်။ သမုဒ္ဒရာပင်လယ်သည်ကား အောက်ဘက်၌ မဟာပထဝီမြေပြင် ရှိ၏။ အထက်ဘက်၌ အာကာသ ကောင်းကင်ပြင်ရှိ၏။ ဟစ်ဘက်ဘေး၌ ကမ်းခြေရှိ၏။ အခြားတစ်ဘက်၌ စကြဝဠာတတိုင်းများဖြင့်ဝိုင်းကာ ထား၏။ အပိုင်းအခြားရှိ၏။ အဘိဓမ္မာပဋ္ဌာန်းကျမ်းကြီးသည်ကား အဆုံး အပိုင်းအခြား မသိနိုင်ပေတကား။ နည်းအမျိုးမျိုး ပစ္စည်းအမျိုးမျိုးဖြင့် ဆန်းကျယ်လှပေသည်'ဟူ၍ မဟာသမုဒ္ဒရာနှင့် မဟာပဋ္ဌာန်းကို နှိုင်းယှဉ် သောအခါ မဟာပဋ္ဌာန်းကျမ်းကြီးက ပို၍ပြန့်ကျယ် ပို၍အံ့ဖွယ်ရှိသည်ကို သိရှိတော်မူသည်။

ထို့နောက် ဆက်လက်၍ အနန္တနယ သမန္တ မဟာပဋ္ဌာန်းကျမ်းကို ဟောနိုင်သော အနန္တဉာဏသဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်ထံသို့ အသိဉာဏ်အစဉ် သက်ဝင်သွားလေသည်။ ကြည်ညိုခြင်း သဒ္ဓါတရားနှင့် နှစ်သက်ခြင်း ပီတိတရားများ တဖွားဖွား ဖြစ်ပွားလာသည်။ ထို့နောက် ဝမ်းမြောက်ခြင်း သောမနဿနှင့် ရွှင်လန်းအားရခြင်း ပါမောဇ္ဇတရား များလည်း ရောယှက်ဖြစ်ပွားတော်မူခဲ့ပြီးလျှင် မထေရ်ကြီးသည် ထို ဖြစ်ပေါ်လာသော ပီတိကိုခွာ၍ ဝိပဿနာကို ဆင်ခြင်ပွားများလေသော် တစ်ထိုင်တည်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်သွားလေသည်။ ထိုအခါ 'အတ္ထေ ဝ ဂမ္ဘီရဂတံ သုဒုဒ္ဒုခံ' အစချီသော ဥဒါန်းကို ကျူးရင့် တော်မူခဲ့လေပြီ။

ဤသည်ကား အဌသာလိနီအမည်ရှိသော ဓမ္မသင်္ဃာ ပါဠိတော်ကြီး၏ အဖွင့် အဌကထာ၊ စာမျက်နှာ(၁၂)လာ ဝတ္ထုသက်သေဖြစ်သည်။ ဤဝတ္ထုဌ ကုသိုလ်များစွာဖြစ်ပုံကို ဓမ္မသဘာဝအတိုင်း အကျဉ်းချုပ်ရေးပြရလျှင် မဟာဂတိဂမိယတိဿဒတ္တအရှင်သူမြတ်သည် ပဌာန်းတရားတော်ကို ကိုယ်တိုင်သင်ကြား လေ့လာခြင်းကြောင့် မဟာကုသိုလ်ဇောပေါင်း မြောက်များစွာဖြစ်ပေါ်ခဲ့သည်။ မဟာသမုဒ္ဒရာနှင့် ပဌာန်းတရားတို့ကိုနှိုင်းယှဉ်ဆင်ခြင်သောအခါ၌လည်း ကုသိုလ်ဇောများစွာ ဖြစ်ပွားသည်။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သို့ အာရုံရောက်သောအခါ၌လည်း မဟာကုသိုလ်ဇောများ ထပ်မံဖြစ်ပွားလာပြန်လေသည်။ ယင်းစိတ်နှင့်မှီရာရုပ်နာမ်များကို လက္ခဏာယာဉ်တင်၍ ဆင်ခြင်သုံးသပ် ရှုမှတ်သော အခါ၌လည်း ဝိပဿနာကုသိုလ်ဇောများ ဖြစ်ပွားရပြန်ပါသည်။ ယင်းမှတစ်ဆင့်တက်၍ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဝေါဒါန်တို့နှင့် သောတာပတ္တိမဂ်ကုသိုလ်၊ သကဒါဂါမိမဂ်ကုသိုလ်၊ အနာဂါမိမဂ်ကုသိုလ်၊ ဟူသော အောက်လောကီကုသိုလ်များ လောကုတ္တရာကုသိုလ်များ ဖြစ်ပွားပြီး အထွတ်အမြတ်ဆုံးဖြစ်သော အရဟတ္တမဂ် လောကုတ္တရာကုသိုလ်ဇောကြီးစောပြီးမှ အရဟတ္တဖိုလ်ဟူသော ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားခြင်း ဖြစ်ပါသည်။

ဤသည်မှာ ပဌာန်းတန်ခိုးအားဖြင့် ကုသိုလ်များပုံ သာဓကဝတ္ထုများ ဖြစ်ပါသည်။

စာရှုသူ ပညာရှင်သူတော်စင်များ ပဌာန်းတရားရွတ်ပွား၍ ကုသိုလ်များများ ရကြပါစေ။

အခန်း (၁၄)

ပဌာန်းတရားတော်သည်

ဘာကြောင့် တန်ခိုးကြီးမားရသနည်း ?

ဤသို့ ကောင်းကျိုးအမျိုးမျိုးကိုရရှိစေနိုင်သော တရားတော်တို့တွင် ပဌာန်းတရားတော်သည် ထူးခြားဆန်းကြယ်ကြီးကျယ်သော တရားဖြစ်သောကြောင့် ထူးခြားဆန်းကြယ် ကြီးကျယ်သော တန်ခိုးရှိနိုင်ပါသည်။ ထို့ကြောင့်ပင် ထူးခြားဆန်.ကြယ်ကြီ:ကျယ်သော အကျို့.တရား:ကို ဖြစ်ပွား:စေနိုင်ပါသည်။ ထို့ကြောင့်ပင်လျှင် ပဌာန်: တရား:တော်၏အကျို့.ကာ:ရေ:သား:မကုန်မဆုံ:ဖြစ်ကြောင်: လက်ဟိုကုံ:ဌ ဆရာကြီ:ဦ:စာကျော်စပ်ဆိုခဲ့ပါသတည်း။

ပဌာန်းတရား တန်ခိုးကြီးမား၊ခြင်:အကြောင်: လက်ာ

* အနန္တနယ၊ သမန္တပဌာန်:၊
ဂုဏ်ရောင်လျှမ်:သား:၊ မြတ်ကျမ်:ရွှေစာ၊
ဒေသနာကား:၊ မြတ်စွာဘုန်:ဟော့၊
ဉာဏ်ပျော်မွေ့.သည်၊ သိမ်မွေ့.နက်ကျယ်၊
တင့်တယ်ကောင်:မြတ်၊ တရား:ဓာတ်တို့၊
ကိန်:ဝပ်တည်ရာ၊ ကျမ်:မဟာတည့်။

* ဗြဟ္မာသိကြား:၊ နတ်အများ:တို့၊
လိုလား:နှစ်သက်၊ သဒ္ဓါထက်လျက်၊
စုံမက်မြတ်နိုး၊ ဦ:ညွှတ်ကျို:၍၊
ရှိခိုး:တုံ့.ဝပ်၊ ပူဇော်အပ်၏။

* အမြတ်သာသနာ၊ ကွယ်မည့်ခါတွင်၊
ဆီးကာရှေ့မှ၊ တည်နေရသည့်၊
တပ်မဦးစီး၊ ခံတပ်ကြီးသာ၊
ဖြစ်သည့်တာကြောင့်၊ တေဇာတန်ခိုး၊
လွန်မောက်ဖြိုး၍၊ ကောင်းကျိုးများထွေ၊
ရနိုင်ပေသည်၊ မှတ်စေ ဥဒါန်း မော်ကွန်းတည်း။ ။

'ဆရာကြီးဦးစာကျော်ခင်ဗျား၊ ဆရာအမိန့်ရှိလို့ ပဌာန်းတရားတော်၏အကျိုးတရားများကိုတော့ သိရပါပြီ။ အဲဒီလိုအကျိုးတရားတွေကို ရနိုင်လောက်အောင် ပဌာန်းတရားတော်က ဘာကြောင့် တန်ခိုးကြီးရပါသလဲ?' ဟူ၍ ကျွန်တော်က ကပ်ကပ်သပ်သပ်မေ့.သောအခါ ဆရာကြီးဦးစာကျော်က အထက်တွင်ဖော်ပြခဲ့သည့် ပဌာန်းတန်ခိုးကြီးခြင်း အကြောင်းရင်းကို ရှင်းလင်းဖော်ပြသည့်လက်ကိုကို ရွတ်ဆိုပြပါသည်။ ဆရာကြီးဦးစာကျော်သည် ထုံးစံအတိုင်းပင်လျှင် သူ၏ ရွှေဘိုသား အသံသြသြကြီးဖြင့် ရွတ်ဆိုသည်ဖြစ်သောကြောင့် ကျွန်တော့်မှာရယ်ချင်လှသော်လည်း တရားဓမ္မအရာ၌ရယ်ခြင်းသည် တရားကို မရိုသေရာကျသောကြောင့် မရယ်ဝံ့ပဲ လက်ကိုသာ ဂရုစိုက်ရေးမှတ် ထားလိုက်ပါသည်။

ပဌာန်းတန်ခိုးကြီးမားခြင်းအကြောင်းကို ယင်းလက်အရမှာ ပဌာန်းတရားတော်ကြီးသည်-

၁။ သိမ်မွေ့မြင့်မြတ် နက်နဲကြီးကျယ်သောတရားဖြစ်ခြင်း၊
၂။ တန်ခိုးကြီးသည့် ဗြဟ္မာသိကြားနတ်အများက ကြည်ညိုသည့် တရားဖြစ်ခြင်း၊
၃။ သာသနာတည်တံ့ရေးဌာနရှေ့.တန်းခံတပ်ကြီးကဲ့သို့.ဖြစ်ခြင်း ဟူသော အဓိက အကြောင်းကြီး သုံးရပ်ကို ဖော်ပြထားပါသည်။

ယင်းအကြောင်းအချက်ကြီး (၃)ချက်ကို ထင်ရှားစေရန် ပိဋကပါဠိတော် အဋ္ဌကထာ ဋီကာတို့.မှ ရှာဖွေတင်ပြလိုပါသည်။

၁။ ပဋ္ဌာန်းတရားတော်သည် သိမ်မွေ့မြင့်မြတ်၍ နက်နဲ ကြီးကျယ်သော တရားတော်ဖြစ်သည်။

မှန်၏။ ပဋ္ဌာန်းတရားတော်၌ သိမြင်နိုင်ရန်ခက်ခဲသည့် စိတ်, စေတသိက်, ရူပ်, နိဗ္ဗာန်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဟိတ်, စျာန်, မဂ္ဂင် စသော ပရမတ္ထတရားများကို ဟောကြားထားသောကြောင့် သိမ်မွေ့.မြင့်မြတ်လှပေသည်။ ယင်းပရမတ္ထတရားများသည် အချင်းချင်း အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်ဖြစ်ပေါ်တည်နေပုံကို ဟောကြားဖော်ပြသောကြောင့် နက်နဲလှပေသည်။ ယင်းအကြောင်းအကျိုးအဖြစ် ဆက်စပ်ဖြစ်ပေါ်တည်နေပုံကိုပင် ဘယ်သို့ဘယ်ပုံ တည်နေသည်ကို အဆုံးအပိုင်းအခြားမရှိ များပြားလှစွာသော နည်းပေါင်းမြောက်များစွာဖြင့် ရှင်းလင်းပြဆို ထားသောကြောင့် ကြီးကျယ်များပြားလှပေသည်။ ယင်းသို့ သိမ်မွေ့.မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားတော်ဖြစ်သောကြောင့် တန်ခိုးကြီးခြင်း ဖြစ်နိုင်ပေသည်။

ဤဖော်ပြချက် မှန်ကန်ကြောင်းကို မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဖြစ်တော်စဉ်တစ်ရပ်ကို သာဓကအဖြစ် တင်ပြလိုပေသည်။ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် မာရ်ငါးပါးကိုပယ်ရှား၍ ဘုရားစင်စစ်ဖြစ်တော်မူပြီးနောက် (၂၂)ရက်မြောက်နေ့တွင် ဗောဓိပင်၏ အနောက်မြောက်အရပ် စတုတ္ထသတ္တာဟဖြစ်သော ရတနဃရစံအိမ်တော်၌ (၇)ရက်စံနေတော်မူသည်။ ယင်းသို့စံနေတော်မူစဉ် အဘိဓမ္မာ(၇)ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူခဲ့ပါသည်။

အဘိဓမ္မာ(၇)ကျမ်းတို့တွင်ရှေးဦးစွာ...

၁။ ဓမ္မသင်္ဂဏီကျမ်း

၂။ ဝိဘင်းကျမ်း

၃။ ဓာတုကထာကျမ်း

၄။ ပုဂ္ဂလပညတ်ကျမ်း
၅။ ကထာဝတ္ထုကျမ်း
၆။ ယမိုက်ကျမ်း

ဟူသော ကျမ်း(၆)ဆူကို အစဉ်အတိုင်းသုံးသပ်ဆင်ခြင်တော်မူသောအခါ၌ ထူးထူးခြားခြား အံ့ဖွယ်သရဲများ စိုးစဉ်းမျှလည်း ဖြစ်ပေါ်မလာချေ။ သို့သော် နောက်ဆုံးဖြစ်သောပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ၌ကား ကိုယ်တော်မြတ်မှ ရောင်ခြည်တော်(၆)ပါးတို့ ကွန့်မြူးထွက်ပေါ်လာကာ ကိုယ်တော်မြတ်၏ ဝဲယာ ရှေ့နောက်ထက်အောက်ဖီလာ အရပ်(၁၀)မျက်နှာတို့သို့ အဆုံးအပိုင်းအခြား အဆီးအတားမရှိ ထွန်းလင်းတောက်ပလေသည်။

ယင်းသို့ ရောင်ခြည်တော်(၆)ပါး အဆုံးအပိုင်းအခြားမရှိ ကွန့်မြူးထွက်ပေါ်လာခြင်းသည် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဘုန်းတန်ခိုးတော်အနန္တ ဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ တန်ခိုးတော်အနန္တ ဖြစ်ပေါ်ရခြင်းအကြောင်းမှာ အဆုံးအပိုင်းအခြားမရှိ သိမြင်နိုင်ဝမ်းသော သဗ္ဗညုတညာဏ်တော်သည် သိမ်မွေ့မြင့်မြတ် နက်နဲလှ၍ အဆုံး အပိုင်းအခြားမရှိကြီးကျယ်လှသော အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းကြီးကို အာရုံပြုရသောကြောင့် ရွှင်လန်းကွန့်မြူးတော်မူခြင်းဖြစ်သည်။

သဗ္ဗညုတညာဏ်တော် ရွှင်လန်းကွန့်မြူးသောအခါ ညာဏ်တော်နှင့်အတူ ယှဉ်ဘက်စိတ်နှင့် စေတသိက်တရားများသည်လည်း ရွှင်လန်းကွန့်မြူးလာရသည်။ သဗ္ဗညုတညာဏ်တော်နှင့်အတူ ယှဉ်ဘက်စိတ်စေတသိက်တရားတို့၏တည်နေရာ ဟဒယဝတ္ထုခေါ် နှလုံးသွေးသည်လည်း ကြည်လင်တောက်ပလာသည်။ နှလုံးသွေးနှင့် ဆက်စပ်နေသည့် အသွေး, အသား, အရိုး, အကြော, အရေ, ဣန္ဒြေငါးပါး, အခြားစိတ္တဇ, ကမ္မဇ, အာဟာရဇ, ဥတုဇရူပ်တရားများလည်း ကြည်လင်တောက်ပလာပြီး

တဝင်းဝင်းတလက်လက် ခြောက်ရောင်စုံကွန်.မြူးပေါ်ထွက်၍ ထိုခြောက်ပါးသော ရောင်ခြည်တော်တို့သည် စကြဝဠာအနန္တသို့ အဆုံးအပိုင်အခြားမရှိ ကွန်.မြူးပြေးသွားလေသည်။

ဤ၌ သဗ္ဗညုတဉာဏ်တော်ဖြင့် အခြားအဘိဓမ္မာတရားတော်များကို ဆင်ခြင်သုံးသပ်သောအခါ ထူးခြားမှုမရှိဘဲ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်သောအခါကျမှသာ ထူးထူးခြားခြား ရောင်ခြည်တော်(၆)ပါး ကွန်.မြူးထွက်ပေါ်လာရသည်မှာ ပဋ္ဌာန်းတရားတော်သည် သိမ်မွေ့.ကောင်းမြတ် ကြီးကျယ်သောတရားတော်ဖြစ်ကာ တန်ခိုးကြီးသောကြောင့်ပင်။ (အဘိဓ၊ ၁။ ၁၃)

ယင်းသို့ သိမ်မွေ့.နက်နဲ၍မြင့်မြတ်ကြီးကျယ်လှသော ပဋ္ဌာန်းတရားတော်ကို ကြည်ညိုသည့်စေတနာသဒ္ဓါတရားများဖြင့် ရွတ်ဖတ်ပူဇော်ပွားများလျှင် ကောင်းကျိုးတရားများစွာကို ရရှိနိုင်မည်ဖြစ်ပေသည်။

၂။ တန်ခိုးကြီးသည့် နတ်ဗြဟ္မာများ ရှိသေမြတ်နိုးသည့် တရားတော်ဖြစ်သည်။

'သူတော်ချင်းချင်း၊ သတင်းလွှ.လွှ.၊ ပေါင်းဖက်တွေ.' ဟူသော မြန်မာတို့၏ရှေးစကားသည် စိတ်သဘောထား မြင့်မြတ်သူ အချင်းချင်း ပေါင်းသင်းနေထိုင်တတ်ကြသည်၊ ချစ်ခင်မြတ်နိုး ရှိသေလေးစား တတ်သည် ဟူသော အဓိပ္ပာယ်ကိုပြဆိုပေသည်။ ယင်းပြဆိုချက်သည် ဣတိဝုတ် ပါဠိတော်၊ ဓာတုသောသံသန္ဒနာစသုတ်လာ–'ရဟန်းတို့၊ သတ္တဝါတို့သည် သတ္တဝါတို့နှင့်(စိတ်ထား သဘောထား) အစ္ဆာသယ ဓာတ်အားဖြင့်သာလျှင် နှီးနှောကြကုန်၏။ ညီညွတ်ကြကုန်၏' ဟူသော တရားတော်နှင့် ညီညွတ်လှပေသည်။

ယင်းသဘောတရားအရ လူသားများသာမက နတ်ဗြဟ္မာတို့သည်လည်း မိမိတို့ သဘောကျနှစ်သက်၍ လေ့လာဆောင်ရွက်နေသည့်

တရားတော်၊ သုတ်တော်များကို လေ့လာဆောင်ရွက်သူတို့ကို ချစ်ခင်နှစ်သက်ကြမည် ရိုသေလေးစားကြမည်မှာ ဓမ္မတာသဘောတစ်ရပ်ပင်ဖြစ်ကြောင်း သိသာလှပေသည်။ ဤအချက်နှင့်စပ်လျဉ်း၍ အထောက်အထားအဖြစ် အာဌဝကနတ်စစ်သူကြီးအကြောင်းကို ဖော်ပြပါအုံ။

အာဌဝကဝတ္ထု

အာဌဝီပြည်အနီးရှိညောင်ပင်ကြီး၌ အာဌဝကအမည်ရှိသော နတ်ဘီလူးကြီးနေထိုင်သည်။ ထိုနတ်ဘီလူးကြီးသည် အလွန်ကြမ်း ကြုတ်ခက်ထန် ဒေါသမာန်ကြီးလှသည်။ ဤသည်ကိုအကြောင်းပြု၍ လူ့လောက၌ အမျက်ဒေါသကြီးသောသူများကို 'အာဌဝက'ဟု တင်စား ခေါ်ဝေါ်လေ့ရှိကြသည်။ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ယင်းအာဌဝက နတ်ဘီလူးကို ခြေဆွဲတော်ရန်အတွက် အာဌဝကဘီလူး၏ဘုံဗိမာန်သို့ ကြွတော်မူ၍ အာဌဝကဘီလူး၏နေရာပေါ်သို့ သီတင်းသုံးစံနေတော်မူသည်။ ယင်းသို့ မြတ်စွာဘုရား ကြွရောက်စံနေတော်မူချိန်မှာ အာဌဝကဘီလူးသည် နတ်သဘင်အစည်းအဝေး၌ သွားခိုက်ဖြစ်ပေရာ၊ အာဌဝကဘီလူး၏မောင်းမမိသံ အခြံအရံတို့သည် ကြွလာတော်မူသည့် မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြသည် ဝတ်ပြုကြသည်။

ယင်းသို့သောအခြေအနေကို နတ်သဘင် အစည်းအဝေးမှ ပြန်လာသော အာဌဝကဘီလူး မြင်တွေ့သောအခါ မခံမရပ်နိုင်ပဲ ယမ်းပုံမီးကျဟုန်းဟုန်းထလျက် ဒေါသအကြီးအကျယ်ဖြစ်၍ လက်နက်အမျိုးမျိုးသုံးစွဲကာ ဘုရားရှင်ကိုတိုက်ခိုက်လေသည်။ အာဌဝကဘီလူး အသုံးပြုတိုက်ခိုက်သမျှသော လက်နက်တို့သည် မြတ်စွာဘုရားအား မည်သို့မျှ မထိခိုက်စေဘဲ ဖူးမြော်ပူဇော်သကဲ့သို့သာ ဖြစ်လေသည်။ အာဌဝကဘီလူးသည် မြတ်စွာဘုရားအား အကြမ်းနည်းဖြင့်တိုက်ခိုက်၍ မရသော

အခါ အနုနည်းဖြင့် တိုက်ခိုက်မည်ဟု ဆုံးဖြတ်ပြီး မြတ်စွာဘုရားအား ခက်ခဲသော ပုစ္ဆာ (၁၃) ချက်ကို မေးသည်။ 'အမှန် ကို ဖြေနိုင်လျှင်ဖြေ၊ မဖြေနိုင်လျှင် အရှုံးအသေ နှစ်ထွေသောအပြစ်ကိုခံရမည်' ဟုလည်း ခြိမ်းခြောက်လေသည်။

အာဠဝက မေးလျှောက်သည့်ပုစ္ဆာ (၁၃) ချက်တို့မှာ-

၁။ ဤကမ္ဘာလောကဌ် ယောဂျားဏ၏ မြတ်သောဥစ္စာပစ္စည်းကား အဘယ်နည်း?

၂။ ကောင်းသောအလေ့အကျင့်တို့တွင် အဘယ်ကောင်းသော အလေ့အကျင့်သည် ချမ်းသာကိုဆောင်နိုင်သနည်း?

၃။ အရသာတို့တွင် အဘယ်အရသာသည် အလွန်အလွန် ချိုမြိန်သော အရသာဖြစ်သနည်း?

၄။ အသက်မွေးမှုတို့တွင် အဘယ်သို့သောအသက်မွေးမှုကိုမြတ်သော အသက်မွေးမှုဟု ဆိုသနည်း?

၅။ အဘယ်ဖြင့် သံသရာဝဲသြဃကို ကူးမြောက်နိုင်သနည်း?

၆။ အဘယ်ဖြင့် သံသရာပင်လယ်ကို ကူးမြောက်နိုင်သနည်း?

၇။ အဘယ်ဖြင့် ဆင်းရဲခြင်းကို လွန်မြောက်နိုင်သနည်း?

၈။ အဘယ်ဖြင့် ထက်ဝန်းကျင် စင်ကြယ်နိုင်သနည်း?

၉။ အဘယ်အကြောင်းကြောင့် ပညာကို ရနိုင်သနည်း?

၁၀။ အဘယ်အကြောင်းကြောင့် ကျော်စောထင်ရှားခြင်းသို့ ရောက်နိုင်သနည်း?

၁၁။ အဘယ်အကြောင်းကြောင့် ဥစ္စာပစ္စည်းကို ရနိုင်သနည်း?

၁၂။ အဘယ်အကြောင်းကြောင့် မိတ်ဆွေကို ဖဲ့နိုင်သနည်း?

၁၃။ အဘယ်အကြောင်းဖြင့် နောင်ဘဝ၌ မစိုးရိမ်ရသနည်း?

ဟူသည်တို့ ဖြစ်ပေသည်။

အာဠဝကနတ်ဘီလူး၏ မိဘတို့သည် ဤပုစ္ဆာ(၁၃)ချက်ကို အဖြေနှင့်တကွ ကဿပဘုရားရှင်ထံမှ ကြားနာရ၍ မှတ်သားဆောင် ယူထားခဲ့ကြသည်။ အမေးအဖြေများမှာ ပါဠိဂါထာအားဖြင့် (၈)ဂါထာ ရှိသည်။ သားဖြစ်သူအာဠဝကဘီလူးကိုလည်း အရက္ခကမှတ်စေကာ သင်ပေးခဲ့သည်။ အာဠဝကဘီလူးသည်လည်း မိဘသင်ပေးသည့် အမေးအဖြေဂါထာများကို အမြတ်တနိုးလေ့ကျက်ဆောင်ရွက်ခဲ့သည်။ သို့ပင် ဆောင်ရွက်ခဲ့သော်လည်း ကာလရှည်လျှား ကိစ္စများသောကြောင့် အာဠဝကဘီလူးသည် အမေးပုစ္ဆာကိုသာမှတ်မိနေပြီး အဖြေများကိုမူကား မေ့လျော့သွားခဲ့လေသည်။ ထို့ကြောင့် မေ့ပျောက်သွားသည့် အဖြေများကို ရလိုရငြားမိမိပိုင်နက်သို့ရောက်လာသူရှင်လူများကို ဤပုစ္ဆာ(၁၃)ချက်ကို မေးလေသည်။ ဖြေနိုင်က လွတ်လိုက်ပြီး မဖြေနိုင်က သတ်ပစ်လိုက်တော့သည်။ ယခုလည်း အာဠာဝကသည် မိမိ၏နဂိုရည်ရွယ်ချက်အတိုင်း မြတ်စွာဘုရားအား ဤပုစ္ဆာများကိုပင် မေးလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က 'ငါဘုရားအား သတ်ဖြတ်နိုင်သူ ဤလောကဌ်မရှိ၊ သို့သော် သင်သိလိုလျှင် သင်၏ပုစ္ဆာများကို ဖြေဆိုပေအုံ့'ဟု မိန့်တော်မူပြီးလျှင် အောက်ပါအတိုင်းဖြေကြားတော်မူသည်။

၁။ ဤကမ္ဘာလောကဌ် ယောက်ျား၏ မြတ်သောဥစ္စာပစ္စည်းကား 'ယုံကြည်မှု သဒ္ဓါတရား'ဖြစ်သည်။

၂။ ကောင်းသောအလေ့အကျင့်ဖြစ်သော 'ကုသိုလ်ကမ္မပထ တရား'သည် ချမ်းသာကိုဆောင်နိုင်၏။

၃။ အရသာတို့တွင် 'မှန်ကန်စွာပြောဆိုခြင်း သစ္စာတရား'သည် အလွန်အလွန်ချိုမြိန်သော အရသာဖြစ်၏။

၄။ 'ပညာဖြင့်အသက်မွေးခြင်း'ကို မြတ်သောအသက်မွေးခြင်း ဟု ဆိုကုန်၏။

၅။ 'ယုံကြည်မှု သဒ္ဓါတရား'ဖြင့် သံသရာဝဲသြဃကို ကူးမြောက်နိုင်၏။

၆။ 'မမေ့မလျော့မှုအပွမာဒတရား'ဖြင့် သံသရာပင်လယ်ကို ကူးမြောက်နိုင်၏။

၇။ 'ထကြွလုံ့လ'ဖြင့် ဆင်းရဲကိုလွန်မြောက်နိုင်၏။

၈။ 'ပညာ'ဖြင့် စင်ကြယ်နိုင်၏။

၉။ 'ရဟန္တာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ရောက်ကြောင်းတရားကို ယုံကြည်လျက် မမေ့မလျော့ဆင်ခြင်သူ ပညာရှိသည် ကောင်းစွာနာကြားသောကြောင့်' ပညာကိုရယူနိုင်၏။

၁၀။ သင့်လျော်သည့်အလုပ်အကိုင်ကိုလုပ်လျက် တာဝန်ကို ကျပွန်အောင် ထမ်းဆောင်သူသည် 'ထကြွလုံ့လ'ကြောင့် ဥစ္စာပစ္စည်းကို ရနိုင်၏။

၁၁။ 'မှန်ကန်စွာ ပြောဆိုခြင်း'ကြောင့် ကျော်စောထင်ရှားမှုကို ရနိုင်၏။

၁၂။ 'ပေးကမ်းခြင်း'ဖြင့် အဆွေခင်ပွန်းကိုဖွဲ့နိုင်၏။

၁၃။ ယုံကြည်မှုရှိသောအိမ်၏ အစီးအပွားကို ရှာတတ်သောသူအား 'မှန်ကန်ခြင်း–သစ္စာ၊ လိမ္မာခြင်း–ဒမ၊ ကြိုးစားမှု– ဓိတိ၊ စွန့်လွှတ်မှု–စာဂ' ဤတရားလေးပါး ရှိသဖြင့် နောက်ဘဝ၌ မစိုးရိမ်ရချေ။

ဟူ၍ အဖြေ (၁၃)ချက်ကို မိန့်တော်မူ၏။ (သုတ္တနိပါတ ၊ ၃၀၅)။

ထိုအခါ အာဌဝကဘီလူးသည် အလွန်နှစ်သက်ခြင်းဖြစ်ပြီး မြတ်ဗုဒ္ဓ ရှင်တော်ဘုရားအား ဒေါသမာန်လျော့ ဦးချကန်တော့ကာ သရဏာဂုံ ဆောက်တည်၍ တပည့်အဖြစ်ခံယူလေသည်။

ဤအာဌဝကဝတ္ထုကိုထောက်ရှုလျှင် နတ်ဗြဟ္မာတို့သည် မိမိတို့ လေ့လာဆောင်ရွက်နေသည့် တရားကို ဆောင်ရွက်သူတို့အား ချစ်ခင်သည် ရိုသေလေးစားသည်ဟူသောအချက်မှာ ထင်ရှားသိသာပြီ ဖြစ်ပေသည်။ သို့သော် 'ဤဝတ္ထုဌာ ဘုရားရှင်ဖြစ်၍သာ ပူဇော်ခံရသည်။ သာမန် လူသားများ၌ ဤသို့ဖြစ်နိုင်မည် မဟုတ်'ဟု ဆင်ခြေတက်ဖွယ် ရှိပြန်သည်။ ထို့ကြောင့် အခြားဝတ္ထု သက်သေတစ်ခုကို ထုတ်ဆောင်၍ တင်ပြပါဦးမည်။

နန္ဒမာတာဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်အခါက အိန္ဒိယပြည် တောင်ပိုင်း၌ ဝါးစည်းရိုးမြို့ဟု အဓိပ္ပာယ်ရသည့် ဝေဠုကဏ္ဍကခေါ် မြို့ငယ်တစ်မြို့ ရှိလေသည်။ ယင်းမြို့၌ ကြွယ်ဝချမ်းသာသူ နန္ဒမာတာခေါ် အမျိုးသမီး တစ်ယောက်ရှိသည်။ ယင်းအမျိုးသမီး၌ နန္ဒခေါ်သော သားတစ်ယောက် ရှိသောကြောင့် မြန်မာလို နန္ဒ၏မေမေ၊ ပါဠိလိုနန္ဒ မာတာဟု ခေါ်သည်။

ထိုနန္ဒမာတာသည် (၇)ထပ်တိုက်၏ အထက်ဆုံးထပ်၌ ထိုင်လျက် ထိုနေ့နံနက်စောစော၌ ပါရာယနသုတ်ကို အသံနေအသံထား ကောင်းစွာဖြင့် ရွတ်ဆိုနေသည်။ ပါရာယနသုတ်-ဟူသည်မှာ သုတ္တန်ပိဋကတ်၊ ခုဒ္ဒက နိကာယ်၊ သုတ္တနိပါတ်ပါဠိတော်လာ ဗာဝရိပုဏ္ဏားကြီး၏ တပည့်ရဆော(၁၆) ယောက်က မြတ်စွာဘုရားအား စိတ်ဖြင့်မေးသည့် ပုစ္ဆာများကို မြတ်စွာ ဘုရားရှင်က နှုတ်ဖြင့်ထုတ်ဖော်ဖြေဆို ဟောကြားထားသော တရားတော် များဖြစ်သည်။

ထိုအခိုက်၌ ဝေဿဝဏ်နတ်မင်းကြီးသည် ကောင်းကင်ခရီးဖြင့်

မြောက်အရပ်မှ တောင်အရပ်သို့ ကိစ္စတစ်ခုရှိသောကြောင့် သွားနေဆဲ အခါကာလဖြစ်သည်။ ဝေဿဝဏ်နတ်မင်းကြီးသည် နန္ဒမာတာ၏ ပါရာယနသုတ်ရွတ်သံကို ကြားရသောအခါ တရားပြီးဆုံးသည်အထိ ရပ်တန့်၍ နာယူသည်။ တရားပြီးဆုံး၍ နန္ဒမာတာ ရပ်နားလိုက်သော အခါကျမှ- 'နှမ...ကောင်းလေစွ၊ ကောင်းလေစွ၊သင် ရွတ်သော ပါရာယန တရားတော်သည် မြတ်စွာဘုရားသခင် ပါသာဏကစေတီ၌ သီတင်း သုံးစဉ်က ဗာဝရီဆရာကြီး တပည့်ရသေ့ (၁�>#)ယောက်တို့အား ဟောကြား သည့်အတိုင်းပင် ဖြစ်ပေသည်'ဟူ၍ ကောင်းချီးပေးလေသည်။ ထိုအခါ နန္ဒမာတာက-

'အရှင်သူသည် မည်သူဖြစ်သနည်း'

'နှမ၊ ငါသည်ကား ဝေဿဝဏ်နတ်မင်း ဖြစ်ပေသည်'

'ကောင်းလှပါပြီအရှင်၊ သို့ဖြစ်လျက် ယခု ပါရာယနတရားတော် ရွတ်ဆိုရသည့် ကုသိုလ်အဖို့ကို အရှင်အား လက်ဆောင်ပေးပါသည်'

'ကောင်းလှပါပြီ၊ ယခု နှမပေးသည့်လက်ဆောင်ကိုလည်း ခံယူ ပါ၏။ နက်ဖြန်နံနက်၌လည်း ဤဝေဠုကဏ္ဍကမြို့သို့ တရားစစ်သူကြီး အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလ္လာန်တို့ နောက်ပါရဟန်းများစွာနှင့်တကွ နံနက်ဆွမ်းမဘုဉ်းပေးရသေးဘဲ ကြွရောက်လာပါလိမ့်မည်။ သင် နှမသည် ထိုအရှင်မြတ်များကို နံနက်ဆွမ်းကပ်လှူပါ။ ကုသိုလ်အဖို့ကိုလည်း မောင်ကြီး အား အမျှပေးဝေပါဦး'ဟု ပြောပြီးလျှင် ဆက်လက်၍-

'တရားပူဇော်သည့် ဤပစ္စည်းများကို သင့်အားပေးပါ၏'ဟု ပြောပြီးလျှင် စပါးကျီပေါင်း(၁၂၅)ခု အပြည့် သလေးနီစပါးများကို (တန်ခိုးဖြင့်) ထည့်ပေးခဲ့လေသည်။ 'ဤအမျိုးသမီး အသက်ရှည်သမျှ

ဤစပါးများ လျှော့ပါးကုန်ခန်းခြင်း မဖြစ်စေသတည်း' ဟူ၍လည်း အဓိဋ္ဌာန်ထားခဲ့၍ ဝေဿဝဏ်နတ်မင်းကြီး ဖဲခွာသွားလေသည်။

ဝေဿဝဏ်နတ်မင်းကြီး အဓိဋ္ဌာန်ထားခဲ့သည့်အတိုင်းပင် နန္ဒမာတာ အမျိုးသမီးသည် တစ်သက်တာကာလပတ်လုံး စပါးများသည် မည်မျှ လောက် စားသုံးလှဒါန်း ပေးကမ်းသော်လည်း မလျှော့ပါ၊ မကုန်မခန်းဘဲ ကျီ(၁၂၅)ခုအပြည့် တည်ရှိနေလေသည်။ နောင်းခေတ်အခါ၌ ပစ္စည်းဥစ္စာ စပါး ပေါများသူများကို တွေ့မြင်ရလျှင် 'သူတို့တော့ ပေါများလိုက်ကြပါ ပေသည်၊ နန္ဒမာတာ စပါးကျီလိုပါပဲ၊ ဘယ်တော့မှ မလျှော့ဘူး' ဟူ၍ ပင် စကားပုံအဖြစ် သုံးစွဲပြောစမှတ် တွင်နေလေသည်။

ဤနန္ဒမာတာအမျိုးသမီးဝတ္ထု၌ ဘုရားရှင် ဟောကြားတော်မူသော ပါရာယနတရားတော်ကို ကိုယ်တိုင်ကြားနာခဲ့ရ၍ နှစ်ခြိုက်သဘောကျနေ သည့် ဝေဿဝဏ်နတ်မင်းကြီးသည် ပါရာယနတရားတော်ကိုရွတ်ဆိုသော နန္ဒမာတာအမျိုးသမီးကို ချစ်ခင်လေးစား ရိုသေသောအားဖြင့် ပူဇော်ခြင်း ဖြစ်ပေသည်။ ဖော်ပြခဲ့သည့် အာဠဝကဝတ္ထု၊ နန္ဒမာတာဝတ္ထုများကို ထောက်ထားခြင်းအားဖြင့် နတ်ဗြဟ္မာတို့သည် မိမိတို့နှစ်ခြိုက်သဘောကျ၍ လေ့လာဆောင်ရွက်နေသည့် တရားတော်များကို ရွက်ဆောင်လေ့လာ ရွတ်ဆိုသူတို့အား ချစ်ခင်နှစ်သက်ကြသည်၊ ရိုသေလေးစားကြသည်ဟူသော ဖော်ပြခဲ့သည့် အချက်သည် ထင်ရှားသိသာလောက်ပြီဖြစ်ပေသည်။

ယင်းသို့ဖြစ်လျှင် ပဋ္ဌာန်းတရားတော်၌ သက်ဝင်ကြည်ညိုကြသည့် နတ်ဗြဟ္မာပရိသတ်သည်လည်း ပဋ္ဌာန်းတရားတော်ကို ရွတ်ဆိုပွားများ သူတို့အား စောင့်ရှောက်မည်သာတည်း။ သို့ဖြစ်လျှင် ပဋ္ဌာန်းတရားတော်၌ သက်ဝင်ကြည်ညိုကြသည့် နတ်ဗြဟ္မာပရိသတ်သည် မည်မျှရှိသနည်း။ ရှင်းပြပါဦးအုံ့။

ပဌာန်းတရားတော်နှင့်နတ်ပရိသတ်

ဤနေရာ၌ ပဌာန်းတရားတော်ကို ကြည်ညိုလေးစားသည့် နတ်ဗြဟ္မာ ပရိသတ် မည်မျှရှိသည်ကို ခန့်မှန်းပြရန်သင့်ပေသည်။ သို့မှသာ ပဌာန်းတရားတော်ကို အလွန်အားထားပြီး ရှုတ်ပွားကြသော သူတော်စင်များ အနေဖြင့် မိမိတို့ကို စောင့်ရှောက်နေသည့် ပုဂ္ဂိုလ်မည်မျှရှိကြောင်းကို သိရှိကြကာ ပဌာန်းတရားတော်ကိုလည်း တိုးရှိအားကိုးပြီးရှုတ်ဆိုကြပေလိမ့်မည်မဟုတ်ပါလား။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် (၇)ဝါမြောက် ဝါကပ်တော်မူမည့် ဝါဆိုလပြည့်နေ့၌ သာဝတ္ထိပြည်အနီး သရက်ဖြူပင်ရင်း၌ သီတင်းသုံးတော်မူလျက် ယမကပြာဋိဟာကိုပြတော်မူသည်။ ယမကပြာဋိဟာကို ပြတော်မူပြီးနောက် ရှင်လူအများဖူးမြော်နေစဉ်မှာပင် တာဝတိံသာနတ်ပြည်သို့ (၂)လှမ်း(၃)ဖဝါးဖြင့်ကြွသွားတော်မူပြီးလျှင် သိကြားနတ်မင်းစံရာ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္မလာမြကျောက်ဖျာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအမှူးရှိသော စကြဝဠာတိုက်တစ်သောင်းမှ စည်းဝေးရောက်လာကြသည့်နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။ဝါတွင်း(၃)လပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူပြီး သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာ (၇)ကျမ်းတွင် နောက်ဆုံးဖြစ်သော ပဌာန်းတရားတော်ကို အပြီးသတ် ဟောတော်မူလေသည်။ ပဌာန်းတရားတော် ပြီးဆုံးသောအခါ စကြဝဠာတိုက်တစ်သောင်းမှ စည်းဝေးရောက်လာသည့် နတ်ဗြဟ္မာအပေါင်း ကုဋေရှစ်သောင်းတို့သည် တရားသိမြင် ကျွတ်တမ်း ဝင်ကြလေသည်။

တရားသိမြင်ကျွတ်တမ်းဝင်သူဟူသည်မှာ အထူးထူးသိမြင်ပြီး

ရဟန္တာဖြစ်သွားသူဟူ၍ ဆိုလိုပေသည်။ သာမန်တရားသိမြင်၍ ကလျာဏ ပုထုဇဉ်ဖြစ်သူ၊ သောတာပန်ဖြစ်သူ၊ သကဒါဂါမ်ဖြစ်သူ၊ အနာဂါမ်ဖြစ်သူ၊ အောက်မဂ်–အောက်ဖိုလ်ရသူ နတ်ဗြဟ္မာတို့မှာ အရေအတွက်အားဖြင့် မရေတွက်နိုင်အောင် များပြားလှပေသည်။

အပဒါန်အဋ္ဌကထာ (၁၊ နှာ–၁၃၂)၌ 'ရှေးဘုရားရှင်တို့၏ အလေ့အကျက်တော်အားဖြင့် တာဝတိ်သာ နတ်ပြည်သို့ ကြွတော်မူလို၍ ထိုတာဝတိ်သာနတ်ပြည်၌ ဝါကပ်တော်မူကာ ဝါတွင်း(၃)လပတ်လုံး မပြတ်မစဲ အဘိဓမ္မာကို ဟောတော်မူပြီး မယ်တော်နတ်သား အမှူးရှိသည့် များစွာသော နတ်ဗြဟ္မာတို့ကို သောတာပတ္တိမဂ် ရစေခြင်း'ကို ပြုတော်မူ၏' ဟူ၍ဖော်ပြရေးသားထားပေသည်။

ဤတွင် ဓမ္မပဒအဋ္ဌကထာ၌ 'အဘိဓမ္မာဒေသနာတော် ကြားနာသောကြောင့် နတ်ဗြဟ္မာပေါင်းကုဋေ(၈)သောင်း အရဟတ္တဖိုလ်တည်ကြောင်းပြဆို၍၊ အပဒါန်အဋ္ဌကထာ၌ မယ်တော်နတ်သား အမှူးရှိသော များစွာနတ်ဗြဟ္မာများ သောတာပတ္တိမဂ်ကိုရကြောင်း 'ပြဆိုထားလေရာ အဘိဓမ္မာဒေသနာတော်ကို ကြားနာရသောကြောင့် ထိုစဉ်အခါက နတ်ဗြဟ္မာပေါင်းကုဋေ(၈)သောင်း ရဟန္တာဖြစ်ကြ၍မရေမတွက်နိုင်လောက်အောင် များလှစွာသော နတ်ဗြဟ္မာအပေါင်းတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ကြသည်မှာ ထင်ရှားလှပေသည်။

အဘိဓမ္မာ (၇)ကျမ်းတို့တွင် အနန္တနယ အဆုံးအပိုင်းအခြား မရှိသည့်နည်းတို့ဖြင့် တန်ဆာဆင်အပ်သော ပဋ္ဌာန်တရားတော်ကြီးကို နာကြားရသောကြောင့် တရားထူးရ၍ အရိယာဖြစ်သွားကြသော ပဋ္ဌာန်းပရိသတ် နတ်ဗြဟ္မာတို့က အခြားကျမ်းများကို ကြားနာရ သောကြောင့်

တရားထူးရ၍ အရိယာဖြစ်သူ နတ်ဗြဟ္မာတို့ထက် မျှားပြားရမည်မှာ အမှန်မလွဲ ဖြစ်ရပေလိမ့်မည်။

ထို့ပြင်လည်း အာဠဝကဝတ္ထုနှင့် နန္ဒမာတာဝတ္ထုတို့ကို ထောက်ထားကြည့်လျှင် မရေတွက်နိုင်အောင် မျှားပြားလှစွာသော ပဌာန်းပရိသတ် နတ်ဗြဟ္မာများက မိမိတို့နှင့် သဘောတူညီသည့် ပဌာန်းတရားတော်ကို လေ့လာသင်ယူသူ ရွတ်ဖတ်သရဇ္ဈာယ်သူတို့အား မကောင်းကျိုး ဘေးရန် အန္တရာယ်တို့မှ တားဆီးပေးခြင်း၊ ကောင်းကျိုးချမ်းသာ ရရှိစေရန် ကူညီခြင်းပြုကြမည်သာဖြစ်သည်။ ယင်းသို့ အရိယာနတ်များ၏ စောင့်ရှောက်မှုကိုခံယူရကာ မကောင်းကျိုးကို တားဆီးနိုင်ခြင်း၊ ကောင်းကျိုးကို ရရှိစေခြင်းတို့ကြောင့် ပဌာန်းတရားတော်သည် တန်ခိုးကြီးသည်ဟု ရှေးအခါမှစ၍ ယနေ့ထက်တိုင် အစဉ်အလာစွဲမြဲယုံကြည်ခဲ့ကြခြင်း ဖြစ်ပေသည်။

၃။ သာသနာတည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ကြီးဖြစ်သည်။

လောကဌ် တိုင်းပြည်တစ်ပြည်၏ လုံခြုံရေးအတွက် ရန်သူတို့၏ နယ်မြေနှင့် အနီးကပ်ဆုံး ရှေ့တန်းခံတပ်ကြီးတစ်ခုကို ဆောက်လုပ်ရမြဲဖြစ်သည်။ ရှေ့တန်းခံတပ်ကျိုးပေါက်၍ ရန်သူစစ်သားများ တိုင်းပြည်တွင်းသို့ဝင်လာနိုင်လျှင် ထင်သလိုမွှေနှောက်တိုက်ခိုက်ဖျက်ဆီး၍ တစ်ပြည်လုံးကို သိမ်းယူသွားနိုင်သည်။ နောက်ပိုင်းဌ် စစ်အင်အားကောင်း၍ ပြန်လည် ခုခံနိုင်သည်တိုင်အောင် ကိုယ့်ပြည်တွင်းမှာ စစ်တလင်းအဖြစ် ခံရ၍ မျှားစွာဆုံးရှုံးနှစ်နာခြင်း ဖြစ်ရပေသည်။

ထို့ကြောင့် တိုင်းပြည်တစ်ပြည်၏ လုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးအတွက် ရှေ့တန်းခံတပ်သည် အရေးကြီးလှသည်။ ဤအကြောင်းကို သိမြင်သူ မျိုးချစ်ပုဂ္ဂိုလ်များသည် ရှေ့တန်းခံတပ် တောင့်တင်းအောင်

ခိုင်ခဲ့အောင် အားဖြည့်ကြသည်၊ ပြုစုကြသည်၊ စောင့်ထိန်းကြသည်၊ ဂရုစိုက်ကြသည်။

ဤသာသနာတော်၌ ပဋ္ဌာန်းတရားတော်သည် ရှေ့တန်းခံတပ်ကြီး ဖြစ်ပေသည်။ ထင်ရှားစေရန် အနည်းငယ် ချဲ့ပြပါအုံ့။ မြတ်ဗုဒ္ဓရှင်တော် ဘုရား၏ သာသနာတော်ကြီး ကွယ်ပျောက်မည်ဆိုလျှင် မည်သို့ကွယ်ပျောက်မည်ကို ပါထိကဝဂ္ဂအဋ္ဌကထာ၌ အောက်ပါအတိုင်း ပြဆိုထားသည်။

'ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဟူသော သာသနာတော်(၃)ရပ်တို့တွင် ပရိယတ္တိသာသနာတော်က ရှေးဦးစွာ ကွယ်မည်။ ပရိယတ္တိသာသနာတွင်လည်း သုတ္တန္တ ပိဋကတ်၊ ဝိနယ ပိဋကတ်၊ အဘိဓမ္မပိဋကဟူသော ပိဋကတ်(၃)ပုံတွင် အဘိဓမ္မာပိဋကသည် ရှေးဦးစွာ ကွယ်မည်။

'ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူသော အဘိဓမ္မာ(၇)ကျမ်းတွင်လည်း ပဋ္ဌာန်းကျမ်းသည် ရှေးဦးစွာကွယ်မည်။ ပဋ္ဌာန်းကျမ်းကွယ်ပြီးနောက်မှ ယမိုက်၊ ကထာဝတ္ထု၊ ပုဂ္ဂလပညတ်၊ ဓာတုကထာ၊ ဝိဘင်း၊ ဓမ္မသင်္ဂဏီ–ဟူ၍ ကျမ်းစဉ်အတိုင်း ကွယ်မည်။

'ထိုနောက်မှ သုတ္တန်ကျမ်းများ အစဉ်အတိုင်းကွယ်မည်။ ထိုမှနောက် ဝိနည်းငါးကျမ်း အစဉ်အတိုင်းကွယ်မည်။ ဤသို့ နိကာယ်ငါးရပ် ပိဋကတ်(၃)ပုံ ပရိယတ္တိသာသနာကွယ်ပြီးနောက် ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ(၂)ရပ်တို့ပါ ကွယ်ပျောက်မည်'။

ဤသို့သာသနာကွယ်ပုံအစီအစဉ်ကို ပြဆိုရာ၌ ရှေးဦးဆုံး ပဋ္ဌာန်း တရားတော်ကွယ်မည်ဖြစ်ကြောင်းပြဆိုထားပုံကို အထူးသတိထားသင့်ပေ သည်။ ယင်းသို့ဖြစ်လျှင် ပဋ္ဌာန်းတရားတော်သည် သာသနာတော်နယ်မြေ၏ ရှေ့တန်းခံတပ်ကြီးသဖွယ် ဖြစ်နေသည်။

သာသနာတော် မကွယ်ပျောက်ရေးအတွက် ပဋ္ဌာန်းတရားတော် တည်တံ့စည်ပင်နေအောင် စောင့်ရှောက်ရမည်၊ ထိန်းသိမ်းရမည်၊ အားပေးချီးမြှောက်ရပေမည်။ ပဋ္ဌာန်းတရားတော် မကွယ်ပျောက်လျှင် သာသနာ မကွယ်နိုင်။ ထို့ကြောင့် သာသနာတော်တည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ကြီးဖြစ်သည့် ပဋ္ဌာန်းတရားတော် တည်တံ့ပြန့်ပွားရေးကို ထိန်းသိမ်းဆောင်ရွက်ရန်မှာ သာသနာတော်ကို ချစ်မြတ်နိုးသူများ၏ တာဝန်ဖြစ်နေပေသည်။

ဤ အချက်ကို လူ့ပြည်မှ လူသား ဗုဒ္ဓဘာသာဝင် ပညာရှိသူတော်စင်များ သိမြင်သကဲ့သို့ပင် နဟတ်ပြည်ဗြဟ္မာပြည်တို့မှ မြတ်ဗုဒ္ဓရင်တော်ဘုရား၏ သာသနာတော်ကို ကြည်ညိုမြတ်နိုးကုန်သော သူတော်ကောင်း နတ်ဗြဟ္မာအများ အပြားသည်လည်း မြော်မြင်သိရှိကြပေလိမ့်မည်။

ယင်းသူတော်ကောင်းနတ်ဗြဟ္မာတို့ကလည်း သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် ရှေ့တန်းခံတပ်ကြီးဖြစ်သည့်ပဋ္ဌာန်း တရားတော်ကို ကိုယ်တိုင်လည်းဆောင်ရွက် သင်ယူရွတ်ဖတ်သရဇ္ဈာယ် ကြပေလိမ့်မည်။ ပဋ္ဌာန်းတရားတော်ကို ဆောင်ရွက်သင်ယူ ရွတ်ဖတ် သရဇ္ဈာယ်ကြရန် နတ်အချင်းချင်း ဗြဟ္မာအချင်းချင်းကိုလည်း တိုက်တွန်း နှိုးဆော်ကြပေလိမ့်မည်။ ပဋ္ဌာန်းတရားတော်ကို ဆောင်ရွက်သင်ယူ ရွတ်ဖတ် သရဇ္ဈာယ်သူ လူ့ပြည်ရှိ လူသားများကိုလည်း ဘေးအန္တရာယ် မကောင်းကျိုးများ ပျောက်ငြိမ်းကင်းဝေးစေရန် စောင့်ရှောက်၍ ကောင်းကျိုးချမ်းသာ ရရှိအောင် ကူညီစောင်မ,ကြပေလိမ့်မည်။ ယင်းသို့ စောင့်ရှောက် ကူညီမှုကိုရရှိသော ပဋ္ဌာန်းပါရမီရှင်များကို တွေ့ရကြုံရပေါင်းများလာသောအခါ ရှေးပညာ ရှင်ကြီးများသည် 'ပဋ္ဌာန်းတရားတော်သည် တန်ခိုးကြီး၏' ဟူ၍ အစဉ်အဆက် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပေသည်။

ဤကား သာသနာတော် တည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ကြီး ဖြစ်ခြင်းကြောင့် ပဋ္ဌာန်းတရားတော် တန်ခိုးကြီးသည်ဟူသော အဆိုပြုချက်ကို အကျယ်ရှင်းပြခြင်း ဖြစ်ပေသည်။ ဤမျှပြည့်ပြည့်စုံစုံရေးသားခဲ့သော စကားအစဉ်တို့ဖြင့် 'ပဋ္ဌာန်းတရားတော်သည် အဘယ်ကြောင့် တန်ခိုးကြီးသနည်း' ဟူသော အမေးပုစ္ဆာ၏ အကျဉ်းချုပ် အဖြေဖြစ်သည့်-

၁။ သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားဖြစ်ခြင်း၊

၂။ တန်ခိုးကြီးသည့် နတ်ဗြဟ္မာများ ရိုသေမြတ်နိုးသည့်တရား ဖြစ်ခြင်း။

၃။ သာသနာတည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ကြီး ဖြစ်ခြင်း-

ဟူသော အဆိုပြုချက်(၃)ရပ်၏ အကျယ်သဘောအဓိပ္ပာယ်ကို စာရှုသူတို့ သဘောပေါက် သိမြင်လောက်ပြီဟု ယုံကြည်ပါသည်။

အခန်း (၁၅)

ပဌာန်းဂုဏ်ရည်ကျမ်းနိုဂုံးစကား

ဖြည့်စွက်ရန်နှစ်ရပ်

'ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ကျွန်တော် ယခု ပဌာန်းတရား တော်ရဲ့ကျေးဇူးဂုဏ်များကိုလဲ တော်တော်စုံစုံရေးပြီးပါပြီ။ အဲဒီ ကျေးဇူးဂုဏ်များကိုဘာကြောင့် ရနိုင်သလဲဆိုတာကိုလဲ ရှင်းလင်းရေးပြပြီးပါပြီ။ ပဌာန်းဂုဏ်ရည်ကျမ်းကို နိုဂုံးချုပ်စကား ရေးသားပါရစေ'

'မရေးနဲ့ဦး မရေးနဲ့ဦး ကိုတက်အင်း။ စာသားထဲမှာ လက်ံတုန်းက ပါခဲ့တဲ့ ဘုတ်ကျက်ရန်ဝေးအကြောင်း မပါသေးဘူး။ လက်ံမှာ ပါရက်နဲ့ စာသားမှာ ကျန်နေခဲ့ရင် ခင်ဗျားစာအုပ်ဟာ ရှေ့နောက် မညီညွတ်တဲ့ ဝိရောဓိဒေါသသင့်မယ်ဗျ။ အဲဒါကို ထပ်ဖြည့်လိုက် ။ပြီးတော့ ဘုန်းကြီး ဦးကုမာရပြောပြတဲ့ လိုအင်ဆန္ဒပြည့်ဝစေနိုင်သော ပဌာန်းတန်ခိုးလဲမပါသေးဘူး။ ပါသင့်တဲ့ အဲဒီအကျိုးတရား မပါရင်လဲ မပြည့်စုံတဲ့ အပရိပုဏ္ဏာဒေါသသင့်နိုင်တယ်။ အဲဒီအချက်နှစ်ခုကို ဒီကျမ်းမှာ ထပ်ဖြည့်ပြီးမှ နိုဂုံးချုပ်စကားရေးပေတော့'

ဟူ၍ ကျွန်တော့်အား ကျွန်တော့်မိတ်ဆွေ ဆရာကြီး ဦးစာကျော်က အကြံပေးသောကြောင့် နိုဂုံးမချုပ်သေးမီ လိုအပ်သမျှကို ဖြည့်စွက်ရေးရပြန်ပါသည်။

ပဌာန်းတန်ခိုးကြောင့်ဘုတ်ကျတ်ရန်မှကင်းဝေးခြင်း

'ဘုတ်တို့ ကျတ်တို့ဆိုတာ ဗုဒ္ဓစာပေမှာ ရှိပါသလား?'ဟု ဆရာကြီး ဦးစာကျော်အားမေးရာတွင် ဆရာကြီးက

'ရှိတာပေါ့ဗျ၊ ကျွန်တော်တို့ငါ့ရှင်ငါးဆယ် ဇာတ်တော်အဝင် အပဏ္ဏကဇာတ်ထဲမှာ လူမိုက်ခေါင်းဆောင်တဲ့ လှည်းကုန်သည် ငါးရာကို လူဟန်ဆောင်ပြီး လိမ်ညာသတ်စားတဲ့ ဘီလူးဆိုတဲ့ အကောင်တွေဟာ ဘုတ်ကျက်တွေပေါ့ဗျာ'

'ဟုတ်ကဲ့ ဟုတ်ကဲ့။ ဗုဒ္ဓစာပေထဲမှာရှိတာတော့ သိရပါပြီ။ ဒီခေတ်ထဲမှာ ရှိပုံကိုလဲ ပြောပါဦးဆရာ'

'ကျွန်တော့်မိတ်ဆွေ ဆရာဦးအုန်းဖေကပြောတာဗျ။ သူဘုန်းကြီး ဘဝတုန်းကဘွဲ့ ကဦးဂျန္ဒြယပတိတဲ့။ အဲဒီဦးပဋ္ဌင်းကလေး ဦးဂျန္ဒြယပတိ စာသင်သားဘဝ မန္တလေးမြို့ ချမ်းသာကြီးတိုက်မှာ စာတက်တုန်းက စာချဘုန်းကြီး ပြောပြတာတဲ့ဗျ။ သူရဲ့ စာချဆရာတော်ကြီး ဦးပညာသာမိ ဟာ ဟိုလေခေတ် လှည့်ခေတ်တုန်းက မိတ္ထီလာမှ မန္တလေးသို့ ကုန်းကြောင်း လျှောက်ပြီး စာသင်ရန် လာခဲ့ရသတဲ့။ လာရင်း လာရင်းနဲ့ လမ်းစပျောက်ပြီး တောနက်ထဲသို့ ရောက်သွားသတဲ့။ ညနေမှောင်ချိန်မှာ ကျောင်းကလေးတစ်ဆောင် မြင်ရလို့ ဝင်နှားတယ်။ ကျောင်းကလေးရဲ့ မီးဖိုထဲမှာ ဖိုးသူတော်ကြီးတစ်ဦး မီးဖိုနေတာကို တွေ့ရသတဲ့။ ဒါနဲ့ အဲဒီဖိုးသူတော်နှားသွားပြီး 'ဦးသူတော် ကျုပ် လမ်းစပျောက်သွားလို့ ဒီတစ်ညတည်းပါရစေ'လို့ ခွင့်တောင်းတော့ ဖိုးသူတော်ကြီးက 'ကောင်းပါပြီ ကိုယ်တော်ကလေးတည်းပါ၊ စိတ်ချ လက်ချ ကျိန်းစက်ပါ။ တပည့်တော် မီးမွေးမရလို့ ထွက်မလာတာကို ခွင့်လွှတ်ပါ'လို့ တောင်းပန်သတဲ့။

'ဦးပညာသာမိကိုယ်တော်လဲ ခရီးပန်းတာနဲ့ အခင်းခင်းထားတဲ့ သင်ဖျူးပေါ်မှာ အိပ်ရန်ပြင်၍ ပဋ္ဌာန်း (၂၄)ပစ္စည်းနဲ့ စည်းချသတဲ့။ စည်းချလို့ (၅)ပစ္စည်း (၆)ပစ္စည်းလောက်ရောက်တော့ ဖိုးသူတော်က 'စည်းတွေ ဘာတွေ မချပါနဲ့ ကိုယ်တော်၊ စိတ်ချပြီးသာအိပ်ပါ'လို့ တားသတဲ့။ ဦးပညာသာမိက ဖိုးသူတော်ကြီး ပြောတာကို မကြားသလို လုပ်ပြီး စည်းဆက်ချလို့ 'အဝိဂတပစ္စယော'ထိ တစ်ပတ်ရ ဆုံးသွားတော့ ဖိုးသူတော်ကြီးဟာ စိတ်ဆိုးလှစွာနဲ့ 'စည်းမချပါနဲ့ဆိုတာ နှားမထောင်ဘူး၊ ကဲ-နေရစ်ခဲ့'လို့ အော်ပြီးကျောင်းပေါက ဆင်းသွားသတဲ့။

'ဦးပညာသာမိလဲ ခရီးပင်ပန်းလို့ ဆက်အိပ်လိုက်တာ နံနက်လင်းတော့ သူဟာ ချုံကြီးတစ်ခုထဲမှာ အိပ်ပျော်ခဲ့ကြောင်းသိပြီး ချုံထဲက ဖြတ်ထွက်ခဲ့ရတယ်'လို့ စာချဘုန်းကြီး ဦးပညာသာမိက ပဌာန်းစာ ပို့ချစဉ်က ပြောပြသည်ကို မှတ်သားခဲ့ရကြောင်းဖြင့် ထိုစဉ်က ဦးဣန္ဒြိယပတိ (ယခု ဆရာဦးအုန်းဖေ)က ဆရာကြီးဦးစာကျော်အား ပြန်လည် ပြောပြပါသည်။

ဤသည်မှာ ပဌာန်းတန်ခိုးကြောင့် ဘုတ်ကျက်ရန်ဘေးမှ ကင်းဝေးခဲ့ပုံ ဖြစ်ပါသည်။

ပဌာန်းတန်ခိုးကြောင့် လိုအင်ဆန္ဒပြည့်ဝခြင်း(၁)

'ဒကာတက်အင်းရဲ့၊ ဘုန်းကြီးမှာ လိုလားသမျှ ပြည့်စုံရတဲ့ ပဌာန်းရွတ်နည်းကို ရထားတယ်'ဟူ၍ ကျွန်တော်အား ၁၃၅၁ ခုနှစ်၊ တပေါင်းလအတွင်းတုန်းက ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေး အစည်းအဝေးပွဲသို့ တက်ရောက်ရန် ကြွလာသော မန္တလေးမြို့ ဗန်းမော်ဆရာတော် ဦးကုမာရနှင့်ဖူးတွေ့ရသောအခါ အထက်ဖော်ပြခဲ့သည့်အတိုင်း မိန့်ကြားတော်မူပါသည်။

ဗန်းမော်ဆရာတော်သည် သံဃမဟာနာယကအဖွဲ့၏ဗဟိုဝန်ဆောင်အဖွဲ့ဝင်ဖြစ်၍ ကျွန်တော်နှင့်ခင်မင်ရင်းနှီးလှပါသည်။ ကျွန်တော်က ကြည်ညိုအလေးထားသည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်ပါသည်။

ဗန်းမော်ဆရာတော်သည် ဓမ္မာစရိယ၊ ဝင့်သကာ သိရောမဏိနှင့် ဘီအောဘွဲ့များကို ရရှိခဲ့ပြီး၊ အဘိဓမ္မ မစိုးရိမ် ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယာဘိဝံသက ဗန်းမော်တိုက်၌ သာသနာပြုရန် အပ်နှင်းခြင်းကို ခံယူတော်မူခဲ့ရပါသည်။ ဗန်းမော်ဆရာတော်ကလေးက ဆက်၍ အောက်ပါအတိုင်း မိန့်ကြားတော်မူပါသည်။

'အထက်မြန်မာပြည်မှာ အနယ်နယ်အရပ်ရပ်လှည့်ပတ်၍ ဘုရား

ထွေ အသစ်တည်နေ အဟောင်းပြင်ဆင်နေတဲ့ သီလရှင်ကြီး တစ်ဦးရှိသတဲ့။ အသက်ခုနစ်ဆယ်ခန့်ရှိပြီး ဘွဲ့မည်က ဒေါ်ခန္တီဗလတဲ့။ ဘုန်းကြီးက မေးတယ်၊ 'ဒကာမကြီးက ဘုရားတွေတည်နေ ဘုရားတွေပြင်နေတော့ ဘာတွေ အားကိုးအားထားရှိလို့လဲ'မေးတော့ ဆရာကြီးက 'ရှိတာပေါ့ ဘုရား၊ ပဋ္ဌာန်းပေါ့၊ ပဋ္ဌာန်းရွတ်တာပေါ့'လို့ ပြန်ဖြေပါတယ်။ ကျွန်ုပ်က ဆက်ပြီး'ပဋ္ဌာန်းကို လိုအင်ဆန္ဒပြည့်ဝအောင် ဘယ်လို ရွတ်တာလဲ ဒကာမကြီး'လို့မေးတော့ 'ပထမဆုံး တိတ်ဆိတ် ငြိမ်သက်တဲ့ အချိန်နဲ့ နေရာကို ရအောင်ယူရတယ်ဘုရား။ ပြီးတော့ သီလကိုစင်ကြယ် အောင် စောင့်ထိန်းဆောက်တည်ရတယ်။ ပြီးတော့သမာဓိရှိအောင် ဘုရားရှိခိုး ဘုရား,တရား,သံဃာဂုဏ်များကို ရွတ်ရတယ်၊ ဆင်ခြင်ရတယ်။ ပြီးတော့ နတ်တွေ ဗြဟ္မာတွေကို ပဋ္ဌာန်းတရားကို နာကြားရန် ဖိတ်ခေါ်ရတယ်။ ပြီးတော့မှ ပဋ္ဌာန်းဥဒ္ဒေသနဲ့ နိဒ္ဒေသကို မတိုးလွန်းမကျယ် လွန်းတဲ့အသံနဲ့ ဖြည်းဖြည်းမှန်မှန်ကန်ကန် ရွတ်ရပါတယ်။ 'ရွတ်လို့ မကြာခင်မှာပဲ မျှော်ကြိုင်တဲ့အနံ့များကို ရပါတယ်။ တစ်ခါတစ်ရံမှာတော့ မြန်မြန်မျှော်ပေမယ့် တစ်ခါတစ်ရံတော့ ပဋ္ဌာန်း နှစ်ခေါက်သုံးခေါက်လောက်ရမှ ဖြည်းဖြည်း မျှော်ကြိုင်လာတတ်ပါတယ် ဘုရား။ အဲဒီလို မျှော်လာရင် နတ်တွေဗြဟ္မာတွေ ရောက်ပြီလို့သိရပါတယ်။ အဲဒီတော့မှ တပည့်တော်မ ကြုံတွေ့နေရတဲ့ အကူအညီကိုပြောဆို တိုင် တည်ပြီး တောင်းပါတယ်။ တောင်းတဲ့အတိုင်းပဲ ရခဲ့ပါတယ်ဘုရား'လို့ ဘုန်းကြီးကို သီလရှင်ကြီး ဒေါ်ခန္တီဗလက ပြန်လည်လျှောက်ထားတယ် ဒကာတက်အင်းရဲ့'ဟု ဗန်းမော်ဆရာတော် အရှင်ကုမာရာဘိဝံသက ကျွန်တော့်အား မိန့်ကြားတော်မူသည်ကို မှတ်ခဲ့ ရပါသည်။

ပဋ္ဌာန်းတန်ခိုးကြောင့် လိုအင်ဆန္ဒပြည့်ဝခြင်း (၂)

မြန်မာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ နယုန်လပြည့်ကျော်(၄)ရက် တနင်္ဂနွေတုန်းက ကိစ္စတစ်ခုဖြင့် ကျွန်တော်သည် အင်းစိန်မြို့၊ ရွာမ

စာသင်တိုက်ရှိ စာချဆရာတော်ထံသို့ ရောက်သွားပါသည်။ ဆရာတော်သည် သက္ကသီဟခမ္မာစရိယ၊ အစိုးရခမ္မာစရိယဖြစ်ပြီး သံဃမဟာနာယကဗဟိုဝန်ဆောင်ဆရာတော်လည်း ဖြစ်ပါသည်။ ယခုအခါ ရွာမစာသင်တိုက်ကြီး၌ စာသင်သားများစွာကို အုပ်ချုပ်လျက် ပရိယတ္တိခမ္မကို နေ့မအား ညမအား မနားမနေ ပို့ချပေးနေပါသည်။ တွေ့ရသည့်အခိုက် ကြုံကြိုက်တုန်းမှာ စာအကြောင်းပေအကြောင်း ဆရာနှင့်ဒကာ ဆွေးနွေးပြောဆိုကြသောအခါ ပဌာန်းတရားတော် တန်ခိုးကြီးသည့် အကြောင်းသို့ ဆိုက်ရောက်သွားလေရာ ဆရာတော်က-

'ဒကာဦးတက်အင်းရဲ့၊ ပဌာန်းတရားက အဟုတ်ကို တန်ခိုးကြီးတာ ဦးပဉ္စင်းကိုယ်တိုင် တွေ့ဖူးတယ်။ လိုချင်တဲ့ဆုတောင်းပြီး တစ်နေ့တစ်ခေါက် တစ်လတိတိ မပျက်မကွက်အဓိဋ္ဌာန်ပြုရွတ်ရင်တော့ ပြည့်စုံတာချည်းပဲဗျ'

'မှတ်သားထားရအောင် အမိန့်ရှိပါဘုရား'

'ဦးပဉ္စင်းနဲ့ အမျိုးတော်တဲ့ ကိုမြစိန် မကြည်အေးဆိုတာ သုခမ္မာလမ်းအမှတ် (၂၂၃)မှာ နေတယ်။ သူတို့အိမ်ကစုတ်ပြတ်လွန်းလို့ အိမ်ဆောက်ချင်တယ်လို့ ခဏခဏညည်းညူကြတယ်။ ဦးပဉ္စင်းကလဲ ငါတတ်နိုင်တာကို ကူညီမယ်။ အိမ်ဆောက်နိုင်အောင် ပိုက်ဆံရပါစေလို့ ဆုတောင်းပြီး အဓိဋ္ဌာန်ပြုပြီး ပဌာန်းဥဒ္ဒေသနိဒ္ဒေသကို မပျက်မကွက် နေ့စဉ်မှန်မှန်ရွတ်ပါလို့ခိုင်းတယ်။ တစ်လခွဲလောက်ရွတ်လျှင်ပဲ မမျှော်လင့်ဘဲ ငွေနှစ်သောင်းရပြီး အိမ်ဆောက်နိုင်သွားတယ်ဗျ၊ ပြီးတော့ ဧမ္မုရတနာကျောင်းဘုန်းကြီးဦးနေမိန္ဒတို့၊ ကျွန်ုပ် တပည့် ကျောင်းသားကလေး ဇော်နိုင်တို့လဲ အဓိဋ္ဌာန်ပြု ပဌာန်းရွတ်လို့ ဆုတောင်းပြည့်ကြတာတွေလဲ ရှိသေးတယ်' ဟူ၍ အစချီကာ ပဌာန်းတရားတော်တန်ခိုးရှိပုံအကြောင်းကို အကျယ်ဘဝင့် ဖွင့်ဆိုမိန့်ကြားတော်မူပါသည်။

ဤသည်တို့မှာ လိုအင်ဆန္ဒများ ပဌာန်းတန်ခိုးကြောင့် ပြည့်စုံရခြင်းတို့ ဖြစ်ပါသည်။

ဤမျှဖြင့် ကျွန်တော် ရေးပြလိုက်သောအခါ အောက်ပါ ပဌာန်း အကျိုးပြလက်ဘကိုရွတ်ပြပြီးလျှင် ပဌာန်းဂုဏ်ရည်ကျမ်းကို နိဂုံးချုပ်ခွင့် ပေးပါသတည်း။

ပဌာန်းအကျိုးပြ နိဂုံးလက်ဘ

* ပဌာန်းတန်ခိုး၊
မြတ်ကောင်းကျိုးကား၊ သုခိုးရန်ပ၊
ဓားပြရန်ပြေ၊ တစ္ဆေရန်လွှဲ၊
သရဲရန်ဖြတ်၊ ဘုတ်ကျတ်ရန်ဝေး၊
မီးဘေးရန်ကွာ၊ ရတနာပိုင်စိုး၊
ဂုဏ်ရိုန်တိုး၍၊ သက်ဇိုးရှည်စွာ၊
လွန်ကျန်းမာလျက်၊ ပညာကြီးမား၊
ကုသိုလ်များကာ၊ လိုရာဆန္ဒ၊
ပြည့်စုံရစ်၏။

* အနန္တဂုဏ်ရှင်၊
ဘုရားသခင်၏၊ သဗ္ဗညုတ၊
ဉာဏမိတ်ဖက်၊ ပဌာန်းစက်ကား၊
ထက်မြက်ကြီးမား၊ တန်ခိုးများသည်၊
ရေးသားမကုန် မဆုံးတည်း။

အခန်း (၁၆)

ပဌာန်းတရားတော်ရွတ်ဆိုနာယူပူဇော်မှုအစီအစဉ်

ပဌာန်းဥဒ္ဒေသ နိဒ္ဒေသပါဠိတော်တို့ကို ရွတ်ဆို ပူဇော်ကြရာတွင် ရှေးဦးစွာ ဘုရားရှိခိုးပူဇော်ခြင်း၊ သီလခံယူခြင်း၊ နတ်ဗြဟ္မာစသည်တို့အား ပဌာန်းတရားနာရန်ပင့်ဖိတ်ခြင်း စသော ပရိကံများကိုပြုပြီး ပဌာန်းတရားတော်ကို ရွတ်ဆိုပူဇော်ကြရန်ဖြစ်ပါသည်။ ပဌာန်းတရားတော် ရွတ်ဖတ်ပြီးသည့်နောက်၌ တရားနာရန် ပင့်ဖိတ်ထားသောပုဂ္ဂိုလ်တို့နှင့် သုံးလောကတိုက်သားတို့အားအမျှဝေကာ လိုရာဆုပတ္ထနာကို တောင်းခံပန်ဆင်ရန် ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ပဌာန်းတရားရွတ်ဖတ်ပူဇော်မှုနှင့် သက်ဆိုင်ဆီလျော်သော ပဌာန်းအမွှန်း၊ ပဌာန်းဘုရားပင့် စသောစာများကို ဖော်ပြအပ်ပါသည်။

*

ပဌာန်းဘုရားရှိခိုး

အနန္တ ပစ္စယာကိဏ္ဏံ၊ အနန္တ နယ မဏ္ဍိတံ။
ဒေသကံ နန္တ ပဌာနံ၊ ဝန္ဒေဟံ နန္တ ဉာဏိကံ။

အနန္တ ပစ္စယာကိဏ္ဏံ=ဟေတု,အာရမ္မဏ၊ စသည်ဖြင့်ပည်း၊ အနန္တ ပစ္စည်း တရားတို့ဖြင့်၊ ချီးမွမ်းလောက်ဖွယ်၊ တင့်တယ်ထူးဆန်း၊ အံ့မခန်းအောင်၊ ရောပြွမ်းနေပေထသော။ အနန္တ နယ မဏ္ဍိတံ= အနုလုံ,ပစ္စနိုက်၊ တိုက်,ဒုက်များစွာ၊ နည်းအဖြာဖြာတို့ဖြင့်၊ တန်ဆာဆင်ယင်၊ ထားပေထသော။ အနန္တ ပဌာနံ= ကြီးမားကျယ်ဝန်း၊ ပဌာန်းကျမ်းကြီးကို။ ဒေသကံ= တွေးဆဆင်ခြင်၊ စိစဉ်မြွက်ဟ၊ ဟောပြတတ်ပေထသော။ အနန္တ ဉာဏိကံ=

အဆုံးမရှိ၊ မြင်သိပေထ၊သဗ္ဗညုတ၊ ဉာဏသခင်၊ ဘုရားရှင်ကို။ အဟံ= အကျွန်ပ်သည်။ ဝန္ဒေ=ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏။

*

ပဌာန်းတ်ရားရှိခိုး

ဒေသိတာနန္တ ဉာဏေန၊ အနန္တ ပစ္စယံနယံ။
ဝန္ဒေဟံနန္တ ပဌာနံ၊ အနန္တ သုခ ဟေတုကံ။

အနန္တ ဉာဏေန=အဆုံးမရှိ၊ မြင်သိပေထ၊ သဗ္ဗညုတ၊ ဉာဏသခင်၊ ဘုရားရှင်သည်။ ဒေသိတံ=တွေးဆဆင်ခြင်၊ စိစဉ်မြွက်ဟ၊ ဟောပြပေအပ်ထသော။ အနန္တ ပစ္စယံနယံ=အဆုံးအဖျား၊ ပိုင်းခြားမရ၊ အနန္တ ပစ္စည်း၊ အနန္တ နည်းရှိပေထသော။ အနန္တ သုခ ဟေတုကံ= အဆုံးမရှိ၊ မျှားလှာဘိသား၊ လောကီ လောကုတ္တရာ၊ ချမ်းသာဟူသမျှကို၊ ရရှိခြင်း၏ အကြောင်းရင်းဖြစ်ပေထသော။ အနန္တ ပဌာနံ= ကြီးမားကျယ်ဝန်း၊ အနန္တ ပဌာန်းကျမ်းကြီးကို။ အဟံ= အကျွန်ပ်သည်။ ဝန္ဒေ= ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏။

*

ပဌာန်းဆောင် သံယာရှိခိုး

ဓာရကာနန္တ ပဌာနံ၊ အနန္တ ဉာဏ သာဝကံ။
အနန္တံ သံဃံ ဝန္ဒေဟံ၊ အနန္တ ပုညဒါယကံ။

အနန္တ ပဌာနဓရံ=ကြီးမားကျယ်ဝန်း၊ ပဌာန်းကျမ်းကြီးကို၊ ကြိုးပမ်းဆက်လက်၊ မပျောက်ပျက်အောင်၊ ရွက်ဆောင်တော်မူခဲ့ကြပေထသော။ အနန္တ ဉာဏသာဝကံ=အဆုံးမရှိ၊ မြင်သိပေထ၊ သဗ္ဗညုတ၊ဉာဏသခင်၊

ဘုရားရှင်၏၊ ရင်နှစ်သီးခြား၊ တပည့်သား ရတနာလည်း ဖြစ်တော်မူပေ ကုန်ထသော။ အနန္တ ပုညဒါယက်= ဒါန,သီလ,ဘာဝနာ၊ အစဖြာသည့်၊ များစွာပေါင်းစု၊ ကောင်းမှု အနန္တ ကိုလည်း၊ ပေးတတ်ကုန်ပေထသော။ အနန္တံ သံဃံ= အဆုံးမရှိ၊ များမြတ်ဘိသည့်၊ မုနိရတနာ၊ မြတ်သံဃာကို။ အဟံ=အကျွန်ုပ်သည်။ ဝန္ဒေ= ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏။

ပဌာန်းတရားတော် နာယူရန်ပင့်ဖိတ်ခြင်း

အနန္တ စက္ကဝါဠေသု၊ ဝသန္တ ဒေဝတာ ဂဏာ။
ပဌာနံ ဓမ္မရာဇဿ၊ သုဏန္တု သုခ ဝမုနံ။

အနန္တ စက္ကဝါဠေသု= အဆုံးမထင်၊ များဖြင်လှစွာ၊ အနန္တ စကြဝဠာ တို့၌။ ဝသန္တ ဒေဝတာ ဂဏာ= ဣရိယာပထ၊ မျှတနေကြား၊ နတ်ဗြဟ္မာ အများတို့သည်။ ဓမ္မရာဇဿ= တရားမင်းသခင်၊ ဘုရားရှင်၏။ သုခဝမုနံ= လောကီ လောကုတ္တရာ၊ ချမ်းသာနှစ်မျိုး၊ ပွားတိုးစေတတ်သော။ ပဌာနံ= နည်းပင်လယ်ခေါ် ပဌာန်းတရားတော်ကို။ သုဏန္တု=အာရုံတစ်ပါး၊စိတ် မသွားဘဲ၊ တရားကိုသာ၊ စူးစိုက်စွာဖြင့်၊ ကြားနာတော်မူကြပါကုန်လော။

ပဌာနသဝနကာလော အယံ ဘဒ္ဒန္တာ။

ဘဒ္ဒန္တာ=စည်းဝေးညီညာ၊ ကြွရောက်လာကြား၊ အို နတ်ဗြဟ္မာပေါင်း၊ သူတော်ကောင်းတို့။ အယံ= ဤခါသမယ၊ ဤကာလကား။ ပဌာနသဝန ကာလော= အကြောင်းအကျိုး၊ နည်းမျိုးစုံဆန်း၊ မြတ်ပဌာန်းကို၊ ရွှင်လန်း ကြည်သာ၊ နာရမည့်အချိန်အခါ ပါပေတည်း။

ပဌာန်းတရားအမှန်း

၁။ ဧလသာဂရ တိဏ္ဍန်၊ တိဏ္ဍံ သံသာရသာဂရံ။
ဉာဏသာဂရ ဒေသေန္တံ၊ မဟန္တံ နယသာဂရံ။
၂။ သောက ရောဂ ဘယုဋ္ဌိတံ၊ သိဒ္ဓိ ဣဒ္ဓိ သုခါဝဟံ။
သဂ္ဂမောက္ခသ ဒါယကံ၊ ပဌာနံ တံ ဘဏာမ ဟေ။

၁။ ဧလသာဂရတိဏ္ဍန်= ကမ်းလွှမ်းမြင့်၊ ရေပင်လယ်ထက်၊ နက်ကျယ်လွန်းကဲ ပေထသော။ သံသာရ သာဂရံ= အစမမြင်၊ သံသရာပြင်ကျယ်၊ ဝင့်ပင်လယ်ကြီးကို။ တိဏ္ဍံ=ကူးခပ် ပေါက်ရောက်၊ လွန်မြောက်စေနိုင်ထသော။ ဉာဏသာဂရ ဒေသေန္တံ=သဗ္ဗညုတမည်တွင်၊ ဉာဏ်ပင်လယ်ရှင်၊ ဘုရားသခင်ကြီးသည်၊ စီစဉ်မြွက်ဟ၊ ဟောပြတော်မူအပ် ပေထသော။ မဟန္တံ=ကြီးကျယ် မြင့်မြတ်၊ ဟူဇော်အပ်ပေထသော။ နယသာဂရံ=ဟေတု, အာရမ္မဏ စသည့် ပစ္စည်း၊ ဖြင်ပည်းနက်ကျယ်၊ နည်းပင်လယ်ကြီးလည်း ဖြစ်ပေထသော။

၂။ ယံ ပဌာနံ=အကြင်ပဌာန်း တရားတော်သည်။ သောက ရောဂ ဘယုဋ္ဌိတံ=စိုးရိမ်ဟူဆာ၊ ရောဂါဘေးရန်၊ အတန်တန်ကို၊ ဆွာလှန်ပယ်ရှားတတ်ပါပေ၏။သိဒ္ဓိ ဣဒ္ဓိ သုခါဝဟံ=အောင်မြင်ပြီးစီး၊ တန်ခိုးကြီးကာ၊ ချမ်းသာကိုလည်း၊ လွန်စွာဆောင်ရွက်နိုင်ပါပေ၏။ သဂ္ဂမောက္ခသ= နတ်ပြည် နိဗ္ဗာန်၊ ဤနှစ်တန်ကို။ ဒါယကံ=အမှန်ပင် ပေးစွမ်းနိုင်ပါပေ၏။ တံ ပဌာနံ= ထိုပဌာန်းကျမ်းကြီးကို။ ဟေ= အို သူတော်ကောင်း သူမြတ်လောင်းတို့။ မယံ= ငါတို့သည်။ ဘဏာမ=ညီညာဖြဖြ၊ ရွတ်ကြပါကုန်အံ့။

*

အခန်း (၁၇)

ပဌာန်းဥဒ္ဒေသနှင့်နိဒ္ဒေသ ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပစ္စယုဒ္ဒေသပါဠိတော်

ဟေတုပစ္စယော၊
အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊
အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊
သဟဇာတပစ္စယော၊
အညမညပစ္စယော၊
နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊
ပုရေဇာတပစ္စယော၊
ပစ္ဆာဇာတပစ္စယော၊
အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊
ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊
ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊
မဂ္ဂပစ္စယော၊

သမ္မယုတ္တာပစ္စယော၊
ဝိပ္ပယုတ္တာပစ္စယော၊
အတ္ထိပစ္စယော၊
နတ္ထိပစ္စယော၊
ဝိဂတပစ္စယော၊
အဝိဂတပစ္စယောတိ။
ပစ္စယုद्देသော နိဋ္ဌိတော။
(ပဋ္ဌာန်း ၂၄ ပစ္စည်း အကျဉ်းပြီး၏)

*

ပစ္စယနိဒ္ဒေသပါဠိတော်

၁–ဟေတုပစ္စယ

ဟေတုပစ္စယော တိ–ဟေတူ ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုट्ठာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

၂–အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယော တိ–ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၃-အဓိပတိပစ္စယ

အဓိပတိပ္စယော တိ-ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝိရိယာဓိပတိ ဝိရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတ္ဝာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

၄-အနန္တရပစ္စယ

အနန္တရပစ္စယော တိ-စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ယာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ယာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ယာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ယာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ယာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တာစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

၅-သမနန္တရပစ္စယ

သမနန္တရပစ္စယော ကိ- စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္မယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္မယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ယာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ယာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ယာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ယာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ယာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

၆-သဟဇာတပစ္စယ

သဟဇာတပစ္စယော တိ-စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိ ကွဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ နဲ သဟဇာတပစ္စယေန ပစ္စယော။

၇-အညမညပစ္စယ

အညမညပစ္စယော တိ- စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိ ကွဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

၈-နိဿယပစ္စယ

နိဿယပစ္စယော တိ- စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

သြက္ကန္တိကွဏော နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

၉-ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယော တိ-ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ဗာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ဗာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ဗာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗ္ဗာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ဗာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗ္ဗာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

၁၀–ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယော တိ– ဇက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှါယတန် ဒိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတန် ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေ . ပစ္စယော။

ရူပါယတန် စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေ.နေ ပစ္စယော။

သဒ္ဒါယတန် သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတန် ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတန် ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာဟပစ္စယေန ပစ္စယော။

ဖောट္ဌဗ္ဗာယတန် ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနေ ပစ္စယော။

ရူပါယတန် သဒ္ဒါယတန် ဂန္ဓာယတန် ရသာယတန် ဖောट္ဌဗ္ဗာယတန် မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိ ကာလေ ပုရေဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ နေ ပုရေဇာတ ပစ္စယေန ပစ္စယော။

၁၀-ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတပစ္စယော တိ- ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

၁၂-အာသေဝနပစ္စယ

အာသေဝနပစ္စယော တိ- ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

၁၃-ကမ္မပစ္စယ

ကမ္မပစ္စယော တိ- ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမุဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

၁၄-ဝိပါကပစ္စယ

ဝိပါကပစ္စယောတိ- ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

၁၅-အာဟာရပစ္စယ

အာဟာရပစ္စယော ဟိ- ကဗဠိကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမุဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

၁၆-ဣန္ဒြိယပစ္စယ

ဣန္ဒြိယပစ္စယော တိ-စက္ခုန္ဒြိယံ စက္ခုဝိညာဏာဓာတုယာ တံ သမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏာဓာတုယာ တံ သမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏာဓာတုယာ တံ သမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏာဓာတုယာ တံ သမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏာဓာတုယာ တံ သမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ တံ သမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

၁၇-ဈာနပစ္စယ

ဈာနပစ္စယော တိ- ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ တံ သမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

၁၈-မဂ္ဂပစ္စယ

မဂ္ဂပစ္စယော တံ- မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တာနံ ခန္ဓာ မမ္မာနံ တံ သမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

၁၉-သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယော တိ- စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

၂၀-ဝိပွယုတ္တပစ္စယ

ဝိပွယုတ္တပစ္စယော တိ-ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပွယုတ္တ ပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပွယုတ္တပစ္စယေန ပစ္စယော။

၂၁-အတ္ထိပစ္စယ

အတ္ထိပစ္စယော တိ- စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိကွဏော နာမရူပံ အညမညံ အတ္ထိပစ္စေယေန ပစ္စယော

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမุฏฐานာနံ ရူပါနံ အတ္ထိပစ္စယေ ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနံ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနံ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။

ဖောट္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောट္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၂၂-နတ္ထိပစ္စယ

နတ္ထိပစ္စယော တိ-သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

၂၃-ဝိဂတပစ္စယ

ဝိဂတပစ္စယော တိ- သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋ္ဌပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

၂၄-အဝိဂတပစ္စယ

အဝိဂတပစ္စယော တိ- စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

သြက္ကန္တိ ကွဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပ နိဿိတယာ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄-စုသုံးအကျယ် ပြီး၏။)

*

ပဌာန်းအမျှဝေဆုတောင်း

၁။ ဇေတ္တာဝတာ စ အမေဟိ၊ ပဌာနံ ဘဏိတံ သုဘံ။
သပ္ပေ သန္တာနမောဒန္တု၊ သဒ္ဓမ္မဋ္ဌိတိ ကာမိနော။
၂။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ရက္ခန္တု သာသနံ ဝရံ။

၁။ စ=ရရှိထားသမျှ၊ ကောင်းမှု အဖိုဘာဂကို၊ အမျှဝေစကား၊ ပြောကြားပါဦးအုံ့။ ဇေတ္တာဝတာ=ဤမျှလောက်သောတရား အလျင်၊ စကား အစဉ်ဖြင့်။ အမေဟိ=အကျွန်ုပ်တို့သည်။ သုဘံ=ကောင်းမြတ်စင်ကြယ်၊ တင့်တယ်လှစွာသော။ ပဌာနံ=ကြီးမားကျယ်ဝန်း၊ ပဌာန်းကျမ်းကြီးကို။ ဘဏိတံ= အာရုံတစ်ပါး၊ စိတ်မသွားဘဲ၊ ရှင်အား၊ ရှုတ်ဖတ်ခဲ့ကြပါကုန်ပြီ။ သပ္ပေ= ကြားနာရသမျှအစုံ၊ အားလုံးကုန်သော။ သဒ္ဓမ္မဋ္ဌိတိကာမိနော=ဗုဒ္ဓမြတ်စွာ၊ သာသနာတော်၏၊ ရှည်ကြာခိုင်ခဲ့၊ တည်တံ့ခြင်းကို၊ အလိုရှိကုန်သော။ သန္တာ= သူတော်ကောင်း၊ သူမြတ်လောင်းတို့သည်။ နမောဒန္တု= ဝမ်းမြောက်နမော်၊ သာဓုခေါ်ကြပါစေကုန်သတည်း။

၂။ သဒ္ဓါယ=ရတနာသုံးတန်၊ ကံ,ကံ၏အကျိုးတရားကို၊ ကိုးစား ယုံကြည်ကြကုန်သည်ဖြစ်၍။ ဒါနံ=စွန့်ကြဲပေးမ၊ မြတ်ဒါနကို။ ဒဒန္တု= စိတ်ထားကြည်ဖြူ၊ ပေးလှူကြပါစေကုန်သတည်း။ သီလံ= ငါးပါး, ရှစ်ပါး၊ ကိုးပါး,ဆယ်ဝ၊ မြတ်သီလကို။ သဗ္ဗဒါ=နေ့ရောညပါ၊ အခါမပြတ်၊ မလစ် လပ်အောင်။ ရက္ခန္တု=မကျိုးမပေါက်၊ မကြားပြောက်အောင်၊ စောင့်ရှောက် ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ= သမထ,ဝိပဿနာ၊ ဘာဝနာ နှစ်ပါးနှင့်၊ ရှင်အားနှစ်ခြိုက်၊ ပျော်ပိုက်ကြကုန်သည်။ ဟောန္တု=မုချမသွေ၊ ဖြစ်ကြပါစေကုန်သတည်း။ ဝရံ=အလိုရှိအပ်၊ မြတ်လှစွာသော။ သာသနံ= ဗုဒ္ဓမြတ်စွာသာသနာတော်ကို။ ရက္ခန္တု=လွဲချော်တိမ်းမှောက်၊ မကွယ်ပျောက် အောင်၊ ထိန်းသိမ်းစောင့်ရှောက်ကြပါစေကုန်သတည်း။

မြတ်ဆုမွန်စာပေမှ ထွက်ပြီးစာအုပ်

၁။ မောင်တက်အင်း၏ ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း

၂။ ထင်လင်း၏ စိတ္တံနကမ္ဘတိ

၃။ မောင်တက်အင်း၏ ပဌာန်းဂုဏ်ရည်

မြတ်ဆုမွန်စာပေမှ ထွက်ရန်စာအုပ်များ

၄။ ဦးမာနိတသိရိဘိဝံသ၏ ဘဝနှင့်နိဗ္ဗာန်

၅။ မောင်တက်အင်း၏ လိုတရဂါထာမန္တန်များပေါင်းချုပ်

၆။ ဦးမာနိတသိရိဘိဝံသ၏ ဗုဒ္ဓဘာသာဝင်ဟူသည်

၇။ ပြဟွစာရီ မွန်ဗိုကေ၏ ပုဂံလမ်းညွှန်

၈။ ပြဟွစာရီ မွန်ဗိုကေ၏ ပုဂံယဉ်ကျေးမှုလက်ရွေးစင်

၉။ ငွေရတု မြတ်ဆုမွန်

၁၀။ မြတ်ဆုမွန်စာတည်းအဖွဲ့၏ သမ္ဗုဒ္ဓဂါထာ(၅)မျိုးလက်တွေ့အကျိုး

၁၁။ မောင်စံဖော်၏ သာကီယဉ်သျှောင်

(The Light of Asia ဘာသာပြန်)

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် စီမံခန့်ခွဲ
ကမ္ဘာအေး၊ ရန်ကုန်။

ပဌာန်းဂုဏ်ရည်

မောင်တက်အင်း

ကလောင်အမည်ခံ

ဦးထွန်းလှိုင်(ဝိနယပါရဂူ)

ပရိယတ္တိသာသနဟိတ မှောစရိယားဝင်ံ့သကာ
သာသနဓေသိရီပဝရမှောစရိယားသိရောမဏိ
စေတိယဂိုဏ်ထမှောစရိယားဂဏ်ဝါစက
အင်ြိမ်းစားအယ်ဒီတာ ချုပ်၊သာသနာ့ရောင်ခြည်စာစောင်
အယ်ဒီတာချုပ်၊မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း